# ကြေးမုံ

The Mirror Daily

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## ဘဝကိုတန်ဖိုးရှိအောင်နေထိုင်

လောက၌ လူအဖြစ်ကိုရခြင်းသည် လည်းကောင်း၊ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် လည်းကောင်း၊ သူတော်ကောင်းတရားကို နာကြားရခြင်းသည် လည်းကောင်း၊ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်ခြင်းသည် လည်းကောင်း ခဲယဉ်းလှပါပေ၏။(လူ့ဘဝကိုရ၍ အသက်ရှင်ခြင်းကို ရရှိကြသူတိုင်းသည် မိမိဘဝတန်ဖိုးရှိအောင် ပြုမူနေထိုင်ရာ၏။)

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၇၈ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်၊ စနေနေ့။ Saturday , 8 October 2016 (၈၇၀၈)


# ဩဂုတ်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ကျန်းမာရေးမှူး ဦးသန့်ဇင်ဦးအား ရွေးချယ်

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူကို ရွေးချယ်၍ ကျေးဇူးတင်လွှာထုတ်ပြန်ပေးလျက်ရှိရာ ယခုနှစ် ဩဂုတ်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ဦးသန့်ဇင်ဦးအား ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ အောက်တိုဘာ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ ကျေးဇူးတင်လွှာ**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

၁။ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အဓိကအရင်းအမြစ်သည် နိုင်ငံသူ နိုင်ငံသားများပင်ဖြစ်ပြီး ကျန်းမာကြံ့ခိုင်သော လူ့အဖွဲ့အစည်းဖြစ်ပေါ်လာရေးအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်ရန် အထူးအရေးကြီးလှပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက် ပြည်သူလူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအောင်မြင်ရေးအတွက် အဓိကအချက်မှာ ကျန်းမာရေးနယ်ပယ်မှ ကျွမ်းကျင်ပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဝန်ဆောင်မှုပေးသူများ၏ တစ်ဦးချင်းစိတ်ရင်းစေတနာတို့အပေါ်တွင် မူတည်လျက်ရှိနေပါသည်။ နိုင်ငံ့အခြေအနေအရ လိုအပ်ချက်များစွာ ရှိနေသေးသည့် လက်ရှိအချိန်တွင် ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်တစ်ခုလုံးတွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

# စက်တင်ဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် အငှားယာဉ်မောင်း ဦးသန်းထိုက်ကျော်အား ရွေးချယ်

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူကို ရွေးချယ်၍ ကျေးဇူးတင်လွှာထုတ်ပြန်ပေးလျက်ရှိရာ ယခုနှစ် စက်တင်ဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ဦးသန်းထိုက်ကျော်အား ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ အောက်တိုဘာ ၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ ကျေးဇူးတင်လွှာ**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

၁။ ပြည်သူလူထုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်သူလူထု၏ အင်အားဖြင့် တည်ဆောက်ရမည်ဖြစ်ပြီး ပြည်သူလူထု၏စွမ်းအား မြင့်မားသည်နှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် မြင့်မားမည်ဖြစ်သလို ပြည်သူလူထု၏ လူမှုစီးပွားလည်း ပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။ ပြည်သူ့အားဟုဆိုရာတွင် ကာယအား၊ ဉာဏအားအပြင် ပြည်သူလူထု၏ စာရိတ္တသည်လည်း အရေးကြီးလှသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

၂။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူနိုင်ငံသားများ၏ မူလအခွင့်အရေးများ ဖြည့်ဆည်းပေးရေးနှင့် နိုင်ငံတော်၏ အခြေခံအုတ်မြစ်ဖြစ်သော နိုင်ငံသူနိုင်ငံသားများ၏ အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ မြှင့်တင်ရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ရိုးသားမှုကို **စာမျက်နှာ ၉ ကော်လံ ၄ သို့** ○

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ Myanmar e-Government ဆွေးနွေးပွဲနှင့် ICT ပြပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၇**

Myanmar e-Government ဆွေးနွေးပွဲနှင့် ICT ပြပွဲ(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးက ယနေ့ကျင်းပသည့်ပွဲတွင် e-Government Solution များ၊ ICT နည်းပညာများကို တစုတစည်းတည်း **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❋

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ICT ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)







HOT LINE - 09-787878749, 787878729

ALPHA CEMENT | အယ်လ်ဖာ

တစ်ရက်လျှင် ဘိလပ်မြေ တန်ချိန် (၅ သိန်း) ထုတ်လုပ်သော ကမ္ဘာ့ထုတ်လုပ်မှု ပထမ ဖြစ်သည့် CONCH ကုမ္ပဏီ မှ မြန်မာပြည် တွင်ဂုဏ်ယူစွာထုတ်လုပ်ပါသည်။

## မြေ့ရုံ

# ပြည်တွင်းစစ်ရပ်စဲရေး ငြိမ်းချမ်းရေးတည်ဆောက်ရေး

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို ဆွေးနွေးပြောဆိုကြတိုင်း ရှေ့တန်းရောက်လာသည်က ပြည်တွင်းငြိမ်းချမ်းရေးဖြစ်သည်။ ထို့အတူပင် ပြည်တွင်းငြိမ်းချမ်းရေးကို ဆွေးနွေးပြောဆိုကြတိုင်း ရှေ့တန်းရောက်လာသည်က ပြည်ထောင်စုတိုင်းရင်းသားများ အချင်းချင်း ဆွေးနွေးညှိနှိုင်းရင်း စားပွဲဝိုင်းများမှာ မျက်နှာချင်းဆိုင်ကာ မကျေလည်သည်များ၊ ပြဿနာများကို နိုင်ငံရေးနည်းဖြင့် ခံယူဖြေရှင်းမှ အောင်မြင်မည်ဆိုတာပဲဖြစ်သည်။

တိုင်းရင်းသားအရေးဆိုသည်က ပြည်ထောင်စုဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ထောင်နိုင်ဖို့က အခရာဖြစ်နေသည်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်ဆိုသည်ကို တူးတူးခါးခါး ငြင်းဆန်ခဲ့ခြင်းဖြင့် နှစ်ပေါင်းများစွာ ပြည်တွင်းစစ်ကို လက်ခံထားရသည်ဆိုတာကို မေ့ထားလို့မရ။

စစ်ကို မည်သူမျှမလိုလား။ အခြေခံအားဖြင့် စစ်ပွဲများသည် နှစ်ဖက်ရင်ဆိုင်စစ်ဆင်နေသူများသာ ထိခိုက်နစ်နာသည်မဟုတ်၊ စစ်မျက်နှာများတည်ရှိရာ ရွာ၊ မြို့၊ နိုင်ငံများရှိ ပြည်သူလူထုနှင့် အနာဂတ်များကိုပါ ထိခိုက်နစ်နာရတာဖြစ်၏။

စစ်ပွဲများအတွင်း လူအများ သေကျေပျက်စီးကြရသည်သာမဟုတ်၊ စစ်ပွဲပြင်ပ၌ လစ်ဟာကုန်သော ကုန်ထုတ်လုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးရသည်တို့က အမြောက်အမြား။

ဆင်းရဲနွမ်းပါးမှုများ၏ ပင်မအကြောင်းရင်းထဲတွင် စစ်ပွဲများဆင်နွှဲနေရခြင်းက ထိပ်ဆုံးတန်းကပါသည်။ မိဘဖြစ်သူများ စီးပွားကောင်းကောင်းရှာမရ။ ကလေးသူငယ်များ ပညာမသင်ရ။ အဘက်ဘက်က ယိုယွင်းမှုများကြားမှာ စစ်စရိတ်ထောင်းခြင်းဖြင့် အခြားသော တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အာရုံမစိုက်နိုင်သည့်အတွက် ကျရှုံးနေသော ကမ္ဘာ့နိုင်ငံများက နမူနာအဖြစ်ဒုနှင့်ဒေး။

ထို့ကြောင့်ပင် ကမ္ဘာတစ်ဝန်းက ပြည်သူတို့က ငြိမ်းချမ်းရေးကို မျှော်လင့်တောင့်တကြ။ စစ်ပွဲများကို ဆန့်ကျင်ကြ။ စစ်ပွဲများကို တားဆီး လိုကြ။ တားဆီးရန် နည်းလမ်းများရှာဖွေကြ။ ငြိမ်းချမ်းရေးဖြစ်ထွန်းဖို့ရာ ဝိုင်းဝန်းကူညီထောက်ပံ့ကြ။ စစ်ပွဲများ ချက်ချင်းရပ်ဆိုင်းရေး ကြွေးကြော်သံများ ဟစ်ကြွေးကြ။ ငြိမ်းချမ်းရေး တေးသံများသီကျူးကြ။

စစ်ကို မည်သို့သော သာမန်ပြည်သူမှ မလိုလား။

စစ်ကို စစ်လက်နက်များ ထုတ်လုပ်ရောင်းချနေသောသူများ၊ စစ်ပွဲများမှ အကျိုးအမြတ်ရရှိနေသည့်သူများမှတစ်ပါး မည်သူမျှမလိုလား။

စစ်ပွဲများကို မိမိတို့ ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားဖြစ်ထွန်းရေးသက်သက်ကို ရှေးရှုသိမြင်သူအနည်းငယ်ကသာ ငြိမ်းချမ်းရေးကို မလိုချင်ကြတာ ဖြစ်ပါလိမ့်မည်။

ထို့ကြောင့်ပင် စစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးဆိုတာကို လူသားအားလုံးက ကြိုးပမ်းနေကြတာဖြစ်သည်။ ယနေ့ ပြည်သူ့အစိုးရသည် ပြည်သူတို့၏ လိုလားချက်၊ တောင့်တချက်တို့ကို ဦးထိပ်ထားကာ ပြည်သူ့ဆန္ဒအတိုင်း စစ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းနေခြင်းဖြစ်ပါ၏။

ယနေ့အခြေအနေတွင် ပြည်တွင်းစစ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးကို မဖြစ်မနေ အရယူရေးတို့က သမိုင်းပေးတာဝန်အဖြစ် နိုင်ငံတွင်းနေသူများအားလုံး၏ ပခုံးပေါ် ကျရောက်နေပြီဖြစ်သည်။

ယင်းနှင့်တစ်ဆက်တစ်စပ်တည်းရှိနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံပေးမည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး အခြေခံမှုများကို မဖြစ်မနေချမှတ်ရမည့် အချိန်ကျရောက်နေပြီဟု ယူဆမိပါကြောင်း။ ။

# သီတဂူဆရာတော်၏ သက်တော် (၈၀)ပြည့်မွေးနေ့အား သီတဂူဝိပဿနာအကယ်ဒမီ ရိပ်သာဖွင့်လှစ်၍ ကျင်းပသွားမည်

**မန္တလေး အောက်တိုဘာ ၇**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ သက်တော် (၈၀)ပြည့် မွေးနေ့ဖြစ်သည့် တပေါင်းလပြည့်နေ့တွင် အသစ်တည်ဆောက်လျက်ရှိသော သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာ အကယ်ဒမီရိပ်သာကို ဖွင့်လှစ်၍ မွေးနေ့ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



"ဆရာတော်ကြီးရဲ့ သက်တော် (၈၀)ပြည့်တဲ့နေ့မှာ ဒီရိပ်သာအပြင် ကမ္ပည်းမော်ကွန်း ရေးထိုးထားတဲ့ ကြေးသွန်းခေါင်းလောင်းကြီးနဲ့ ဆရာတော်ကြီး သပိတ်အိုင်တောရမှာ တရားအားထုတ်တဲ့အရွယ် မတ်ရပ်ကြေးသွန်းပုံတော်ကိုလည်း တစ်ပြိုင်တည်းဖွင့်လှစ်ပြီး မွေးနေ့ပွဲကျင်းပသွားမှာဖြစ်ပါတယ်"ဟု ဇင်းရိပ်သာကို တာဝန်ယူ တည်ဆောက်နေသော မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီ ဦးဝင်းမောင်က ပြောကြားသည်။

နိုင်ငံတကာမှ ဗုဒ္ဓဘာသာကို စိတ်ဝင်တစား လာရောက်လေ့လာလိုသူများနှင့် ဝိပဿနာတရားအားထုတ်လိုသူများ အေးချမ်းသာယာစွာ လေ့လာဆောင်ရွက်နိုင်စေရေး၊ ဓမ္မစရိယတန်းပေါက်မြောက်ပြီး လမ်းပျောက်နေသော ရဟန်းပညာရှိ၊ လူပညာရှိများအတွက် စိတ်ဓာတ်နှင့် အသိပညာ တိုးမြှင့်ပေးနိုင်ရေး၊ ပျောက်ကွယ်ပျက်စီးသွားသည့် ဓမ္မတက္ကသိုလ်များနေရာတွင် အစားထိုးနိုင်ရေးနှင့် အဓိကအချက်ဖြစ်သော နိုင်ငံရပ်ခြားမှ ဘာသာရေးကောလိပ်များ၊ တက္ကသိုလ်များနှင့် ရင်ပေါင်တန်းနိုင်ပြီး ကမ္ဘာသူ ကမ္ဘာသားများ၏ ဘာသာရေးအသိပညာဆိုင်ရာ နှလုံးသားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးဟူသော ရည်ရွယ်ချက်များဖြင့် ဆရာတော်ကြီးက ဦးစီးနာယကပြု၍ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာ အကယ်ဒမီရိပ်သာကို စစ်ကိုင်းတောင်ရိုး သောတပန်ကျေးရွာအုပ်စု ဥမင်သုံးဆယ်စေတီနှင့် တောင်ဖီလာစေတီအကြား ပတ္တမြားစေတီတောင်ခြေတွင် ၂၀၁၀ ပြည့်နှစ်က စတင်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရိပ်သာကို မြေအကျယ် ၇၀ ဒသမ ၂၆ ဧကပေါ်တွင် ယောဂီ ၃၀၀ တရားအားထုတ်နိုင်သော ဝိပဿနာဓမ္မဗိမာန်တော်၊ သီတဂူဒီပင်္ကရစေတီတော်၊ ရွှေစည်းခုံစေတီတော်အပါအဝင် နိုင်ငံတကာမှ စေတီပုံစံတူ ၁၅ ဆူ၊ ဆရာတော်ကြီးသီတင်းသုံးမည့် ကျောင်းဆောင်၊ လက်ထောက်ဆရာတော် ကျောင်းဆောင်၊ အမျိုးသားယောဂီများအတွက် အဆောင်ငယ်ပေါင်း ၁၀၀၊ အမျိုးသမီးယောဂီများအတွက် အဆောင်ငယ်ပေါင်း ၁၀၀၊ ရုံးခန်းမဆောင်၊ ထမင်းစားဆောင်၊ မီးဖိုဆောင်နှင့် ဂါလန်ငါးသောင်းဆံ့ ရေကန် နှစ်ကန်စသည်တို့ကို တည်ဆောက်လျက်ရှိရာ ယခုအချိန်တွင် လုပ်ငန်းများအားလုံး ပြီးစီးလုနီးပါးဖြစ်နေပြီဖြစ်သည်။

ထို့အပြင် ရိပ်သာအတွင်းရှိ ဝိပဿနာ ဓမ္မဗိမာန်တော်ကြီးကို အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့၏ ခေတ်အဆက်ဆက် ယဉ်ကျေးမှုအနုပညာလက်ရာများဖြင့် ထည့်သွင်းတည်ဆောက်ထားပြီး နိုင်ငံတကာမှ မတ်ရပ်ဗုဒ္ဓဆင်းတုတော် ၂၈ ဆူကိုလည်း ဗိမာန်အတွင်း ဖူးမြော်နိုင်ရန် ထားရှိမည်ဖြစ်သည်။

ဆရာတော်ကြီး၏ မွေးနေ့အား တပေါင်းလပြည့်နေ့မတိုင်မီ အဖိတ်နေ့တွင် သက်တော်၊ ဝါတော်ကြီး ဆရာတော် အပါး ၁၀၀ နှင့် သီလရှင်အပါး ၁၀၀ တို့ကိုပင့်ဖိတ်၍ လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပြီး တပေါင်းလပြည့်နေ့တွင် တိပိဋကဆရာတော်ကြီးများအားပင့်ဖိတ်၍ ဆွမ်းဆက်ကပ်လှူဒါန်းကာ မွေးနေ့ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ဆရာတော်ကြီးသည် သက်တော် (၈၀) ပြည့်မွေးနေ့မှစ၍ ပြည်တွင်း၊ ပြည်ပသို့ လှည့်လည်သာသနာပြုဟောပြောခြင်းများ ရပ်ဆိုင်းကာ သီတဂူဝိပဿနာအကယ်ဒမီ ရိပ်သာသို့ လာရောက် တရားဘာဝနာအားထုတ်ကြမည့် ပြည်တွင်း၊ ပြည်ပယောဂီများအား ဝိပဿနာတရားများ ဟောကြား ပြသသွားတော့မည်ဖြစ်ကြောင်းကို သက်တော် (၈၀)ပြည့်လျှင် ခြသေ့်ဂူအောင်းတော့မည်ဟု မိန့်ကြားခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




# ဒုတိယမြောက် ပင်လယ်ရပ်ခြားကိုယ်စားလှယ်ရုံးခွဲ စင်ကာပူနိုင်ငံ၌ ကမ္ဘောဇဘဏ်ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာနိုင်ငံ၏ အကြီးဆုံးသောပုဂ္ဂလိကဘဏ်ဖြစ်သည့် ကမ္ဘောဇဘဏ်က စင်ကာပူနိုင်ငံ၌ ဒုတိယမြောက် ပြည်ပကိုယ်စားလှယ်ရုံးခွဲတစ်ခု ဖွင့်လှစ်လိုက်ကြောင်း The Straits Times သတင်းစာက ရေးသားဖော်ပြသည်။ ကမ္ဘောဇဘဏ်မှာ စင်ကာပူနိုင်ငံ၌ ကိုယ်စားလှယ်ရုံးခွဲတစ်ခုဖွင့်လှစ်သည့် ပထမဆုံးသော မြန်မာပုဂ္ဂလိကဘဏ်ဖြစ်လာခဲ့ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်က ပထမဆုံးသော ပင်လယ်ရပ်ခြားကိုယ်စားလှယ်ရုံးခွဲကို ပြီးခဲ့သည့်လက ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်၌ ဖွင့်လှစ်ခဲ့သည်။ ဈေးကွက်သုတေသနနှင့် ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးအခွင့်အလမ်းများနှင့် ပုဂ္ဂလိကကဏ္ဍဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဟု ကမ္ဘောဇဘဏ်က အောက်တိုဘာ ၆ ရက်က ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တစ်ခုအရ သိရသည်။

စင်ကာပူနိုင်ငံမှာ တရုတ်နိုင်ငံပြီးနောက် မြန်မာနိုင်ငံ၏ ဒုတိယမြောက် အကြီးဆုံး ပြည်ပရင်းနှီးမြှုပ်နှံသူဖြစ်သည့်အပြင် နှစ်နိုင်ငံကြားဗီဇာမလိုဘဲ ခရီးသွားလာခွင့်ကို လာမည့် ဒီဇင်ဘာ ၁ ရက်တွင် စတင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာစီးဝင်လာမှုက နှစ်နိုင်ငံကြား စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူစေမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်က ဆိုသည်။

စင်ကာပူနိုင်ငံ One Raff les Place အရပ်ရှိ ကမ္ဘောဇဘဏ်၏ကိုယ်စားလှယ်ရုံးခွဲမှာ မြန်မာနိုင်ငံသို့ဝင်ရောက်ရန် အကြံဉာဏ်များ မျှော်လင့်နေသော စင်ကာပူနှင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများအတွက် ဝင်ပေါက်တစ်ခု ဖြစ်လာမည်ဖြစ်သည်။ **(ကျော်ထိုက်စိုး)**


မြေ့ရုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Mirror
၁၉၅၇ ခုနှစ် ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၃၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၂၈၊ ၀၆၇-၃၆၀၃၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၉ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# ပျက်စီးခဲ့သော ရှေးဟောင်းဘုရားများပြုပြင်ခဲ့သည့် လုပ်ငန်းများအပေါ် သင်ခန်းစာယူ၍ သတိထားဆောင်ရွက်သွားရမည်

**နေပြည်တော် အောက်တိုဘာ ၇**

ငလျင်ဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် ပုဂံ-ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြတိုက် (နေပြည်တော်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေတက်ရောက်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်ပါ အမိန့်ကြော်ငြာစာဖြင့် ပုဂံ- ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းနိုင်ရေး၊ လုပ်ငန်းများဆောင်ရွက်ရန် ၁၅ဦးစီးကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ဦးစီးကော်မတီအနေဖြင့် လိုအပ်သည့်လုပ်ငန်းကော်မတီ (၂)ခုနှင့် ဆပ်ကော်မတီ (၅)ခုကို ဆက်လက်ဖွဲ့စည်းခဲ့ပါကြောင်း၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် နှစ်ပေါင်း ၁၀၀၀ ကျော် ရှည်ကြာခဲ့ပြီး ရှေးဟောင်းအဆောက်အအုံပေါင်း ၃၀၀၀ ကျော် တစုတဝေးတည်ရှိသည့်နေရာ ဖြစ်ပါကြောင်း၊ မြန်မာတစ်မျိုးသားလုံး၏ ဂုဏ်ယူမြတ်နိုးတန်ဖိုးထားရသည့် ဒေသဖြစ်သည် သာမက ကမ္ဘာတစ်ဝန်းကလည်း စိတ်ဝင်တစားလာရောက် ကြည့်ရှုရသည့် နေရာဒေသတစ်ခုဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက် ညနေပိုင်းက လှုပ်ခတ်ခဲ့သည့် ရစ်ချ်တာစကေး အင်အား ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ပုဂံဒေသတွင် ထိခိုက်ပျက်စီးမှု အများဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထိခိုက်ပျက်စီးမှုများကို ဩဂုတ် ၂၅ ရက်တွင် နိုင်ငံတော်သမ္မတက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းညွှန်ချက် ၈ ချက် ချမှတ်ပေးခဲ့ပါကြောင်း၊ အထူးသဖြင့် ထိခိုက်မှုများ ဆိုးရွားစွာ ဆက်လက်မဖြစ်ပေါ်အောင် အမိုးအကာ ပြုလုပ်ထားရန်၊ ထိခိုက်မှုမရှိသည့် ဘုရားပုထိုးစေတီများကို ဘုရားဖူးဧည့်သည်များ ဝင်ရောက်ဖူးမြော်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးရန်၊ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးမှုမပျက်သက်ဆိုင်ရာပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့ပါကြောင်း။

ထို့အတူ ဩဂုတ် ၂၇ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့၊ စက်တင်ဘာ ၅ ရက်တွင် ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူနှင့်အဖွဲ့တို့က ပုဂံ-ညောင်ဦးဒေသသို့ သွားရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခြင်း၊ ရှေ့ဆက်ဆောင်ရွက်နိုင်ရန် မူဝါဒလမ်းစဉ်များ ချမှတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

မိမိတို့ ကော်မတီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ၁၉၇၅ ခုနှစ် ဇူလိုင်လ ၈ ရက်တွင် ရစ်ချ်တာစကေး အင်အား ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် ပုဂံဒေသတွင် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ပျက်စီးခဲ့သော ရှေးဟောင်းဘုရားများကို ပြုပြင်ခဲ့သည့် လုပ်ငန်းများအပေါ် သင်ခန်းစာယူ၍ သတိထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခုပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တန်ဖိုးနိမ့်ပစ္စည်းများနှင့် အရည်အသွေးမမီသည့် ပစ္စည်းများကို အပြင်ပိုင်းပြင်ဆင်၍ အတွင်းပိုင်းအစာသွပ်ခြင်း၊ အပေါ်နှင့်အောက် ဝန်မမျှခြင်း၊ ရှေးဟောင်းအုတ်နှင့် ခေတ်သစ်အုတ်များ တွဲမိခြင်း၊ ရှေးဟောင်းလက်ရာများကို ပြင်ဆင်ထိန်းသိမ်းခြင်း၊ အသစ်ပြင်ထားသည်ကို သိစေလိုခြင်း၊ ပြင်ဆင်မှု အပိုင်းအလိုက် ကိုက်ညီမှုအားနည်းခြင်း စသည့်အချက်များကို ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်တွင် ပြည်တွင်းပြည်ပ ပညာရှင်များအစည်းအဝေး၌ နိုင်ငံတကာပညာရှင်များက အကြံပြု ဆွေးနွေးခဲ့ပါကြောင်း။

ဩဂုတ် ၈ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ပြန်လည်ပြုပြင်ရာတွင် နိုင်ငံတကာ ပညာရှင်များ၏ အကြံပြုချက်များကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခုလို ပြုပြင်ဆောင်ရွက်မှုများနှင့်အတူ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်နိုင်အောင် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထို့ပြင် ငလျင်ဒဏ်ခံနိုင်ရေးကိုပါ ထည့်သွင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပျက်စီးသည့် ရှေးဟောင်းအဆောက်အအုံများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ မှတ်တမ်းရယူ၍ ပြည်တွင်းပြည်ပ ပညာရှင်များ၊ ဝန်ထမ်းများပူးပေါင်းပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများကို ဦးစားပေးအလိုက် ပြုပြင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးစီးကော်မတီအဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ပုဂံရှေးဟောင်းနယ်မြေအတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် လုံခြုံရေးဆောင်ရွက်နေမှု၊ အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အဆင်ပြေလွယ်ကူရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံဒေသရှိ သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ဦးစီးကော်မတီအဖွဲ့ဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ငလျင်ဒဏ်ခံလုပ်ငန်းများ ဆောင်ရွက်သည့်နည်းတူ ရုတ်တရက်မိုးကြီးခြင်း၊ ဧရာဝတီမြစ်ရေလျှံတက်ခြင်းတို့ ဖြစ်ပေါ်လာနိုင်မှုများကိုပါ ထည့်သွင်းစဉ်းစား၍ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တက်ရောက်လာကြသူများက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၏ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာများအပေါ် သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၏ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်ရှိ မီဒီယာခန်းမ၌ ကျင်းပသည်။



သတင်းစာရှင်းလင်းပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့သည်များနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့သည့်အခြေအနေများကို ပကတိအရှိအတိုင်း မီဒီယာများအား ရှင်းလင်းတင်ပြလိုပါကြောင်း၊ ယခုတစ်ပတ် လွှတ်တော်အစည်းအဝေးမှာ စုစုပေါင်း (၄၇) ရက် ကြာမြင့်ခဲ့ပါကြောင်း၊ အစည်းအဝေးတွင် ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြမေးခွန်း (၂၂၅) ခုရှိပါကြောင်း၊ ကြယ်ပွင့်မပြမေးခွန်း (၄၀၇) ခုအထိ ရှိပါကြောင်း၊ အဆိုများအနေဖြင့် အရေးကြီးအဆို (၂) ခုအပါအဝင် အဆိုစုစုပေါင်း (၁၆) ခု တင်သွင်းဆောင်ရွက်နိုင်ခဲ့ပြီး အတည်ပြုအဆို (၄) ခု၊ မှတ်တမ်းတင်အဆို (၉) ခု၊ အတည်မပြုအဆို (၂) ခုနှင့် လွှတ်တော်တွင်ဆွေးနွေးရန်မသင့်ဟု ကိုယ်စားလှယ်များက ဆုံးဖြတ်လိုက်သည့် အဆို (၁)ခုတို့ ဖြစ်ပါကြောင်း။

ဥပဒေကြမ်းများအနေဖြင့် ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးခဲ့သည့် ဥပဒေကြမ်း (၅) ခုအပါအဝင် လက်ရှိဆောင်ရွက်ဆဲဥပဒေကြမ်း (၁၉) ခုရှိပြီး အတည်ပြုဆောင်ရွက်နိုင်ခဲ့သည့် ဥပဒေကြမ်း (၁၀) ခုဖြစ်ပြီး လာမည့်လွှတ်တော်တွင် ဆက်လက်ဆွေးနွေးပြီး ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းမည့် ဥပဒေကြမ်း (၉) ခု ကျန်ရှိပါကြောင်း၊ လွှတ်တော်အတွင်းရှိ တွေ့ဆုံမှုများအနေဖြင့် ပြည်တွင်းဧည့်သည်ဦးရေ (၂၇၄၀)၊ ပြည်ပဧည့်သည်ဦးရေ (၃၂၇) ဦးတို့ဖြင့် တွေ့ဆုံမှုပေါင်း (၁၂၅) ကြိမ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လွှတ်တော်ပြင်ပတွေ့ဆုံဆွေးနွေးနိုင်မှု အနေဖြင့် ပြည်တွင်းဧည့်သည် ဦးရေ (၁၈၀၇၁) ဦး ၊ ပြည်ပဧည့်သည် ဦးရေ (၁၈၂၈) ဦးတို့ဖြင့် တွေ့ဆုံမှုပေါင်း (၂၀၂) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လေ့လာရေးခရီးအပါအဝင် ပြည်ပသို့ သွားရောက်တွေ့ဆုံ ဆွေးနွေးမှုအနေဖြင့် အကြိမ် (၂၀)ရှိခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် (၅၄) ဦးနှင့် ပြည်ပဧည့်သည် (၉၁၆) ဦးတို့ကို တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့အတွက် ယခုတစ်ပတ်ကျင်းပသည့် လွှတ်တော်အနေဖြင့် ကိစ္စတော်တော်များများကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်သည့်ကိစ္စများကို ဒုတိယဥက္ကဋ္ဌက ရှင်းလင်းစရာရှိသည်များကို ရှင်းလင်းဖြေကြားပေးမည်ဖြစ်ပါကြောင်း၊ မီဒီယာများအနေဖြင့် သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများမှ သတင်းထောက်များက အစိုးရနှင့် လွှတ်တော်အကြား Check and Balance ဖြစ်မှု ရှိ၊ မရှိ အခြေအနေများ၊ လွှတ်တော်အတွင်း အဆိုတင်သွင်းရာတွင် လွတ်လပ်စွာတင်သွင်းခွင့် ရှိ၊ မရှိနှင့် အစိုးရသစ်သက်တမ်းအတွင်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်နိုင်ရေးအတွက် အတွင်းအပြင် ကြိုးစားအားထုတ်မှု၏ ခရီးပေါက်မှု အခြေအနေဆိုင်ရာများကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**(သတင်းစဉ်)**

■

# ၂၀၁၆ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆု ကိုလံဘီယာသမ္မတ ရွေးချယ်ခံရ

**အော်စလို အောက်တိုဘာ ၇**

၂၀၁၆ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆုအတွက် ကိုလံဘီယာသမ္မတယွန်မင်နျူယယ်ဆန်တို့စ်အား ရွေးချယ်လိုက်ကြောင်း နော်ဝေနိုဘယ်ဆု ရွေးချယ်ရေးကော်မတီက အောက်တိုဘာ ၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။

လက်ဝဲယိမ်းသူပုန်အဖွဲ့နှင့် ၅၂ နှစ်ကြာဖြစ်ပွားလာခဲ့သော ပြည်တွင်းစစ်ပြီးဆုံးရေးအတွက် သမ္မတဆန်တို့စ်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသည့်အနေဖြင့် နိုဘယ်ဆုချီးမြှင့်အပ်နှင်းရခြင်းဖြစ်ကြောင်း နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ပြောကြားသည်။

ကိုလံဘီယာ၌ လေးနှစ်ကြာမျှ စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ခဲ့ပြီးနောက် သမ္မတဆန်တို့စ်နှင့် ဖာ့က်သူပုန်အဖွဲ့တို့ ငြိမ်းချမ်းရေး သဘောတူညီချက်ကို လွန်ခဲ့သည့်လတွင် လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

သို့ရာတွင် ကိုလံဘီယာပြည်သူများက လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်ကကျင်းပသော လူထုဆန္ဒခံယူပွဲတွင် ယင်းငြိမ်းချမ်းရေး သဘောတူညီချက်ကို ကန့်ကွက်မဲအနည်းငယ်အသာဖြင့် ပယ်ချခဲ့သည်။

ကိုလံဘီယာပြည်တွင်းစစ်အတွင်း ပြည်သူ ၂၆၀၀၀၀ ခန့်သေဆုံးခဲ့ရပြီး လူခြောက်သန်းကျော်မှာ ၎င်းတို့၏ နေအိမ်များကိုစွန့်ခွာကာ စစ်ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရသည်။

ခေတ်ပြိုင်သမိုင်းတွင် ကာလအရှည်ကြာဆုံးစစ်ပွဲများအနက် စစ်ပွဲတစ်ခုကို ငြိမ်းချမ်းသော နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် ထူးထူးကဲကဲ စွမ်းဆောင်နိုင်ခဲ့ကြောင်း နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ပြောကြားသည်။

သို့ရာတွင် ကိုလံဘီယာနိုင်ငံ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြိုလဲနိုင်သည့် အန္တရာယ်တစ်ရပ်ရှိနေဆဲဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

**ရိုက်တာ။**






## သမ္မတပူတင်၏ရုပ်ပုံလွှာပါရှိသောတံခွန်တစ်ခုကို နယူးယောက်ရှိ တံတားတစ်စင်းမှဖယ်ရှား

**နယူးယောက် အောက်တိုဘာ ၇**

ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ရုပ်ပုံလွှာပါရှိသော တံခွန်တစ်ခုကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ မင်ဟတ်တန်တံတား၏သံပေါင်ပေါ်တွင် ချိတ်ဆွဲထားသည့်ဖြစ်ရပ်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

နယူးယောက်မြို့ရှိ မင်ဟတ်တန်စီရင်စုနှင့် ဘရွတ်ကလင်းစီရင်စုအကြား ဆက်သွယ်ထားသော တံတားကြီး၏ တစ်ဖက်တစ်ချက် သံပေါင်ပေါ်တွင် အလျားပေ ၃၀၊ အနံပေ ၂၀ အရွယ်အစားရှိ တံခွန်တစ်ခုကို ချိတ်ဆွဲထားသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ရုရှားအလံတော်ရှေ့မှောက်တွင် ဝတ်စုံဆင်မြန်းထားသောသမ္မတပူတင်၏ ရုပ်ပုံလွှာနှင့်အတူ "ငြိမ်းချမ်းရေးတည်ဆောက်သူ"ဟူသော စာတန်းကို တံခွန်တွင် ဖော်ပြထားသည်။

မင်ဟတ်တန်တံတား၏သံပေါင်ပေါ်တွင် ပိတ်စဖြင့်ပြုလုပ်ထားသော တံခွန်တစ်ခုကို ချိတ်ဆွဲထားသည်ဟု နယူးယောက်ရဲတပ်ဖွဲ့ထံ ဖုန်းဆက်သတင်းပေးပို့မှုရှိခဲ့ပြီးနောက် နာရီဝက်ခန့်အကြာတွင် ယင်းတံခွန်ကို ရဲတပ်ဖွဲ့က ဖြုတ်ယူသွားခဲ့သည်။

မည်သူက မည်သည့်ရည်ရွယ်ချက်ဖြင့် တံခွန်ချိတ်ဆွဲမှုပြုလုပ်သည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ တံတားတွင် တပ်ဆင်ထားသော ထောက်လှမ်းရေးဗီဒီယိုမှ တစ်ဆင့် စုံစမ်းဖော်ထုတ်မည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**

## ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒကို လက်ကိုင်ထားသည့်အမြင်များ မြင့်တက်မှုအပေါ် ဂျီ-၂၀ စီးပွားရေးဝန်ကြီးများ စိုးရိမ်

**ဝါရှင်တန် အောက်တိုဘာ ၇**

ဝါရှင်တန်မြို့တွင်ကျင်းပခဲ့သည့် ဂျီ-၂၀ စီးပွားရေးဝန်ကြီးများအစည်းအဝေးပွဲ၌ ကမ္ဘာ့အင်အားကြီး နိုင်ငံ့ခေါင်းဆောင်များတွင် ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒကို လက်ကိုင်ထားသည့် အမြင်များမြင့်တက်လာသည့်အတွက် ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့ရေး နှောင့်နှေးကြန့်ကြာမည်ကို စီးပွားရေးဝန်ကြီးများက စိုးရိမ်နေခဲ့ကြကြောင်း သိရသည်။

ဂျီ-၂၀ စီးပွားရေးဝန်ကြီးများ အစည်းအဝေးပြီးနောက် စီးပွားရေးဝန်ကြီးများနှင့် ကမ္ဘာ့ထိပ်တန်းစီးပွားရေးနိုင်ငံများမှ ဗဟိုဘဏ်ဥက္ကဋ္ဌများက အောက်တိုဘာ ၇ ရက်တွင် နှစ်နာရီခွဲကြာ တွေ့ဆုံဆွေးနွေး ခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် ၎င်းတို့က အမေရိကန်ပြည်ထောင်စု၏ သမ္မတလောင်းနှစ်ဦးတို့၏ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒကို အားပေးမှုများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဥရောပနိုင်ငံများ၏ လက်ရှိကျင့်သုံးနေသည့် စီးပွားရေးစနစ်နှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်သူများက ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ။**




## ဗီယက်နမ်နှင့် ကျူးဘားနိုင်ငံတို့တွင် စစ်အခြေစိုက်စခန်းများ ပြန်လည်ဖွင့်လှစ်ရန် ရုရှားစဉ်းစားသုံးသပ်နေဟုဆို

**မော်စကို အောက်တိုဘာ ၇**

စစ်အေးကာလအတွင်းက ကမ္ဘာတစ်ဝန်းလုံးတွင် ဆိုဗီယက်တပ်ဖွဲ့များ ဖြန့်ကြက်ချထားကာ စစ်အင်အားမဏ္ဍိုင်တည်ဆောက်ခဲ့ခြင်းကဲ့သို့ပင် ဗီယက်နမ်နှင့် ကျူးဘားနိုင်ငံတို့၌ ရုရှားနိုင်ငံက စစ်အခြေစိုက်စခန်းများ ပြန်လည်ဖွင့်လှစ်ရန် သုံးသပ်လေ့လာလျက်ရှိကြောင်း ရုရှားကာကွယ်ရေး ဒုတိယဝန်ကြီး နီကိုလိုင်ပန်ကော့ဗ်၏ ပြောကြားမှုကို နိုင်ငံပိုင်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

၂၀၀၀ ပြည့်လွန် အစောပိုင်းနှစ်များအတွင်း ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခဲ့ပြီးနောက် ကျူးဘားနိုင်ငံ၌ ဖွင့်လှစ်ထားသော ဆိုဗီယက် ထောက်လှမ်းရေးစခန်းနှင့် ဗီယက်နမ် ကမ်ရမ်းပင်လယ်အော်ရှိ ရေတပ်အခြေစိုက်စခန်းများမှ ရုရှားတပ်ဖွဲ့များ ဆုတ်ခွာရုပ်သိမ်းခဲ့သည်။

သို့သော် ရုရှားနိုင်ငံသည် အမေရိကန်နှင့် ယင်း၏ မဟာမိတ်နိုင်ငံများနှင့် တင်းမာမှုများ ပြန်လည်ဖြစ်ပေါ်လာကြောင်း၊ အထူးသဖြင့် ယူကရိန်းနှင့် ဆီးရီးယားပြဿနာတို့နှင့်ပတ်သက်၍ တင်းမာမှုများဖြစ်ပေါ်ခဲ့ပြီး အရှေ့ဥရောပဒေသ၌ နေတိုး၏ စစ်ရေးတည်ရှိမှုကို ရုရှားက ဆန့်ကျင်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဗီယက်နမ်နှင့် ကျူးဘားနိုင်ငံတို့တွင် စစ်အခြေစိုက်စခန်းများ ပြန်လည်ဖွင့်လှစ်ရန် ရုရှားက ပြန်လည်စဉ်းစားသုံးသပ်နေကြောင်း ရုရှားဒုတိယ ကာကွယ်ရေးဝန်ကြီးက ပြောကြားပြီး ဆက်လက်လုပ်ဆောင်သည့် အသေးစိတ်အချက်အလက်များကိုမူ ပြောကြားခြင်းမရှိပေ။

ရုရှားနိုင်ငံ၏စစ်စခန်းများ ဖွင့်လှစ်ရေး အခြေအနေနှင့်ပတ်သက်ပြီး ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာနက လတ်တလော တုံ့ပြန်ပြောကြားမှုမရှိပေ။ **ရိုက်တာ။**



## နှစ် ၂၀၀၀ ကျော်သက်တမ်းရှိအုတ်ဂူများ တရုတ်နိုင်ငံမြောက်ပိုင်း၌ တူးဖော်တွေ့ရှိ

**ရှီကျားကျောင် အောက်တိုဘာ ၇**

ရှေးဟောင်းသုတေသီများ၏အဆိုအရ နှစ် ၂၀၀၀ ကျော်သက်တမ်းရှိပြီဟုခန့်မှန်းရသော အုတ်ဂူ ၁၁၃ ခုကို တရုတ်နိုင်ငံမြောက်ပိုင်း ဟီဘေးပြည်နယ်၌ တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

အရိုးအိုးရုပ်အလောင်းမြေမြှုပ်ထားသည့် ပုံစံအုတ်ဂူများမှာ ဟီဘေးပြည်နယ် ဟွမ်ဟွာဒေသရှိ ဖူဒီမြို့ရှိ အပျက်အစီးများ၏တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ကလေးငယ် ၁၀၇ ဦး၏ ရုပ်အလောင်းများကို အုတ်ဂူများအတွင်းတွေ့ရှိခဲ့ကြောင်း ဟွမ်ဟွာမြို့တော်ပြတိုက်မှ ပြတိုက်မှူးက ကျောင်ပေါင်ဂမ်က ပြောကြားသည်။ "လွန်ခဲ့တဲ့ နှစ် ၂၀၀၀ အတွင်း မြစ်ကြောင်းအပြောင်းအလဲတွေနဲ့ တခြားပတ်ဝန်းကျင်ဆိုင်ရာအချက်တွေက အုတ်ဂူတွေကို ပျက်စီးစေခဲ့ပါတယ်။ လူကြီးတွေအတွက် သင်္ချိုင်းကတော့ ပိုမိုကြီးမားခဲ့ပုံပေါ်ပါတယ်" ဟု ၎င်းကဆိုသည်။

စစ်ပြိုင်နေသောနိုင်ငံတော်များ (ဘီစီ ၄၇၅ မှ ဘီစီ - ၂၂၁) ကာလဝန်းကျင်မှ မြေဖြင့်ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများကိုလည်း တွေ့ရှိခဲ့သည်။ ဟွမ်ဟွာမြို့တော်ကို "စစ်ဘက်ဆိုင်ရာခံတပ်တစ်ခု"အဖြစ် လူသိများခဲ့သော်လည်း ဆယ်ကျော်သက်များအတွက် အုတ်ဂူအမြောက်အမြားတွေ့ရှိမှုက အဆိုပါသုံးသပ်ချက်ကို စောဒကတက်စေနိုင်ကြောင်း ကျောင်က ဆက်လက်ပြောကြားသည်။

အုတ်ဂူများတွေ့ရှိမှုက ရုပ်အလောင်းမြေမြှုပ်သည့် ဓလေ့ထုံးစံနှင့် မြို့ပြစီမံကိန်းများ လုပ်ဆောင်ရာတွင် သုတေသနလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေနိုင်သည်ဟု တရုတ် လူမှုရေးသိပ္ပံတက္ကသိုလ်အောက်ရှိ ရှေးဟောင်းသုတေသနအင်စတီကျု့ အကြီးအကဲ ပိုင်ယန်ကျင်းက ပြောကြားသည်။ **ဆင်ဟွာ။**

# လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်၏ တာဝန်၊ ဝတ္တရားများ အပြည့်အဝ ထမ်းဆောင်

**နေပြည်တော် အောက်တိုဘာ ၇**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးကို စတင်ကျင်းပခဲ့သည်မှာ ယနေ့တွင် (၄၇)ရက်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း (၂၂၅) ခုမေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း (၄၀၇) ခုမေးမြန်းဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုများအနေဖြင့် အရေးကြီးအဆို (၂) ခုအပါအဝင် အဆိုစုစုပေါင်း (၁၆) ခုတင်သွင်းဆောင်ရွက်နိုင်ခဲ့ပြီး အတည်ပြုအဆို (၄) ခု၊ မှတ်တမ်းတင် အဆို (၉) ခု၊ အတည်မပြုအဆို (၂)ခုနှင့် ဆွေးနွေးရန်မသင့် အဆို (၁)ခုတို့ ဖြစ်ပါကြောင်း။

ဥပဒေကြမ်းများအနေဖြင့် ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးခဲ့သည့် ဥပဒေကြမ်း(၅) ခုအပါအဝင် ဆောင်ရွက်ဆဲဥပဒေကြမ်း (၁၉) ခုရှိပြီးအတည်ပြုဆောင်ရွက်နိုင်ခဲ့သည့် ဥပဒေကြမ်း (၁၀)ခု ဖြစ်ပါကြောင်း၊ ဆက်လက်ဆွေးနွေးရန် ဥပဒေကြမ်း (၉) ခုကျန်ရှိပါကြောင်း၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတင်ခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့ကာလအထိလွှတ်တော်ကော်မတီအသီးသီး၏ လှုပ်ရှားဆောင်ရွက်ခဲ့မှုများကိုလည်း ရှင်းလင်းတင်ပြလိုပါကြောင်း၊ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားရှိသည့် ကော်မတီ (၁၉) ခု၏ အလုပ်ရုံဆွေးနွေးပွဲများ၊ Seminar များနှင့် ပတ်သက်ပြီး လွှတ်တော်တွင်းတွေ့ဆုံဆွေးနွေးခဲ့မှုအနေဖြင့် ပြည်တွင်းဧည့်သည်ဦးရေ (၂၇၄၀)၊ ပြည်ပဧည့်သည်ဦးရေ (၃၂၇) ဦးတို့ဖြင့် တွေ့ဆုံမှုပေါင်း (၁၂၅) ကြိမ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လွှတ်တော်ပြင်ပတွေ့ဆုံဆွေးနွေးနိုင်မှုအနေဖြင့် ပြည်တွင်းဧည့်သည် ဦးရေ (၁၈၀၇၁) ဦး၊ ပြည်ပဧည့်သည်ဦးရေ (၁၈၂၈) ဦးတို့ဖြင့် တွေ့ဆုံမှုပေါင်း (၂၀၂) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လေ့လာရေးခရီးအပါအဝင် ပြည်ပသို့ သွားရောက်တွေ့ဆုံဆွေးနွေးမှုအနေဖြင့် အကြိမ်(၂၀)ရှိခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် (၅၄) ဦးနှင့် ပြည်ပဧည့်သည် (၉၁၆) ဦးတို့ကို



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းခိုင်



ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်

တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အစည်းအဝေးရပ်နားထားစဉ်ကာလအတွင်းတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေသို့ ပြန်လည်ရောက်ရှိသည့်အခါတွင် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြပါ၊ ကိုယ်စားလှယ်များ၏ တာဝန်က ဘာတွေလဲ၊ မိမိတို့ ဥပဒေပြုရေးမဏ္ဍိုင်၏အခန်းကဘာတွေလဲဆိုသည်ကို ခြေခြေမြစ်မြစ် သိရှိနေကြရန် လိုအပ်ပါကြောင်း၊ ဥပဒေပြုသူသည် ဥပဒေချိုးဖောက်သူမဖြစ်စေရဟူသည့် ဥပဒေ၏ ဆိုရိုးစကားနှင့်အညီ တည်ဆဲဥပဒေများကို အထူးလေးစားလိုက်နာကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် Check and Balance ပြုလုပ်သည့်နေရာတွင် ကန့်သတ်ချက်ဘောင်များကိုကျော်လွန်ပြီး အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍများတွင် ဝင်ရောက်စွက်ဖက်ခြင်းများ မဖြစ်ရလေအောင် သတိပြုဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

နိုင်ငံတော် အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သည့် မဲဆန္ဒရှင်ပြည်သူလူထု၏ အကျိုးစီးပွားနှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များတွင် အဓိကတာဝန်ရှိကြပါကြောင်း၊ မိမိတို့မဲဆန္ဒနယ်မြေမှ ပြည်သူလူထု၏အသံကို အမြဲနားစွင့်နေကြရန်နှင့် ပြည်သူများ၏ လိုအပ်ချက်များ၊ ဆန္ဒသဘောထားများကဘာလဲ၊ မိမိတို့အနေဖြင့် ပြည်သူလူထုကို ဘယ်လိုဖြည့်ဆည်းပေးနိုင်မည်လဲစသည်ဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်၏ တာဝန်၊ ဝတ္တရားများကို အပြည့်အဝထမ်းဆောင်ကြရန်နှင့် ပြည်သူ့ကိုယ်စားပြုသည့် ကိုယ်စားလှယ်များဖြစ်ကြောင်းကို သက်သေပြကြရန် အလေးအနက်မှာကြားလိုပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်ပြည်သူလူထုထံ ပြန်လည်ရောက်ရှိသည့်အချိန်တွင် ပြည်သူ့အသံနှင့် ပြည်သူတို့၏ တင်ပြချက်များကို အလေးအနက်ထား မှတ်သားနားထောင်ကြပါ၊ ပြည်သူနှင့်တစ်သားတည်း နေထိုင်ဆောင်ရွက်ကြပါ၊ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းခြင်းများကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ကြပါ၊ ပြည်ထောင်စု၏ ထောက်ပံ့ငွေကျပ်သိန်းတစ်ထောင်ဖြင့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြီးစီးအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြပါ၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရာတွင်လည်း ပြည်သူများနစ်နာမှု မရှိစေရေးအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြပါ၊ မိမိတို့ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်းတွင် ပြည်သူ့အကျိုးကိုဆတက်ထမ်းပိုးသယ်ပိုးကြပါ၊ ဆက်လက်ကျင်းပမည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင်လည်း ကျန်းမာရွှင်လန်းစွာဖြင့် ပြန်လည်ဆုံတွေ့ကြပါစို့ဟု ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် မိုင်းပန်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး၏

**စာမျက်နှာ ၈ သို့**

# နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်း လွှတ်တော်၏အဆုံးအဖြတ်ဖြင့် အတည်ပြု

**နေပြည်တော် အောက်တိုဘာ ၇**

ကိုယ်စားလှယ်များ အနေဖြင့် လွှတ်တော်အစည်းအဝေး ရပ်နားထားစဉ်တွင် ပြည်သူ့ဆန္ဒ၊ ပြည်သူ့ဘဝ၊ ပြည်သူ့စကားများကို သိရှိအောင် လေ့လာကြရန်၊ ပြည်သူ့အကျိုးစီးပွားကို မြင့်မြင့်မားမား ဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဒေသခံမဲဆန္ဒရှင် ပြည်သူများက ဆောင်ရွက်ပေးစေလိုသည့် အကျိုးပြုလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက မှာကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၄၅) ရက်မြောက်နေ့တွင် လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားရာ၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးစိုင်းထွန်းအောင်၏ "ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့တွင် တပ်ဆင်ထားသော MPT ဖုန်းများအား တပ်မတော်ပိုင် ဖိုက်ဘာဆက်ကြောင်းမှတစ်ဆင့် မိုက်ခရိုဝေ့ဖ်ဆက်ကြောင်းအဖြစ် ပြောင်းလဲချိတ်ဆက်ပေးရန်နှင့် GSM ဖုန်းများအား 3G အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ်အတွင်း ဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးကောင်းမွန်စေရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဖိုက်ဘာကေဘယ်ဆက်ကြောင်းအသစ်များ သွယ်တန်းခြင်း၊ GSM မိုဘိုင်းစခန်းအသစ်များ တည်ဆောက်ခြင်းနှင့် တယ်လီနော မြန်မာလီမိတက်နှင့်



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး

အော်ရီဒူးမြန်မာလီမိတက်တို့အနေဖြင့်လည်း တာဝါတိုင်များတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဝေစိန်အောင်၏ "ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့် ရသေ့တောင်မြို့နယ်အကြားရှိ ပါဒလိပ်ကူးတို့ကို စက်တပ်ရေယာဉ်ဖြင့် ကူးဖြတ်သည့် ကူးတို့အဖြစ် အစိုးရအနေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက စစ်တွေမြို့နယ်နှင့် ရသေ့တောင်မြို့နယ်အကြားရှိပါဒလိပ် (ကူးတို့) ပြေးဆွဲမှုသည် လက်ရှိတွင် ရသေ့တောင် သာရေးနာရေးအသင်းမှ စက်လှေကြီးတစ်စင်းဖြင့် ခရီးသည်သီးသန့်ပြေးဆွဲလျက်ရှိရာ တစ်ဦးကျပ် ၃၀၀ နှုန်းဖြင့် တစ်ရက်လျှင် အခေါက်ရေ ၂၀ ခန့် ကောက်ခံပြေးဆွဲလျက်ရှိပါကြောင်း၊ စစ်တွေ(ပါဒလိပ်) ဆိပ်ကမ်းတွင် လှေကားပါ ကွန်ကရစ်ရေဆင်းတံတားရှိပြီး မုစဲကျွန်းဘက်ကမ်းရှိ စစ်ကိုင်းရွာဆိပ်ကမ်းအတွက် သာမန် ရေယာဉ်ဆိုက်ကပ်ရန် တံတားရှိပါကြောင်း။

လက်ရှိအခြေအနေအရ စက်တပ်(ဇက်) ရေယာဉ်များ ဆိုက်ကပ်မည်ဆိုပါက ပါဒလိပ်ဆိပ်ကမ်းအနေဖြင့် အခက်အခဲမရှိနိုင်သော်လည်း မုစဲကျွန်းဘက်ကမ်းရှိ တံတားမှာ စက်တပ်(ဇက်)ရေယာဉ်ဆိုက်ကပ်ရန် အခက်အခဲရှိနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနတွင်လည်း စက်တပ်(ဇက်) ရေယာဉ် အမျိုးအစားမရှိပါသဖြင့် ပြေးဆွဲပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် ပြေးဆွဲလိုသော ပုဂ္ဂလိကဇက်ရေယာဉ်များရှိပါက ပြေးဆွဲခွင့်ကို ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၉)မှ ဦးမောင်ကျော်ဇံ၏ "ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သစ်ထုတ်လုပ်ခွင့်နှင့် ဝယ်ယူခွင့်ပြုမိန့် ထုတ်ပေးထားသော ကုမ္ပဏီ ရှိ/မရှိနှင့် တရားမဝင် သစ်ခိုးထုတ်မှုများကို အရေးယူရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ရခိုင်ပြည်နယ် မောင်တောခရိုင်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း သစ်ထုတ်လုပ်ရန်နှင့် ဝယ်ယူနိုင်ရန်ခွင့်ပြုထားခြင်း မရှိပါကြောင်းနှင့် အဖိုးတန်သစ်တော သယံဇာတများ တရားမဝင်ခိုးယူခြင်းများ မရှိစေရေးအတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးနှင့် ပြည်သူများ၏ အကူအညီရယူ၍ စနစ်တကျဖွဲ့စည်းထားသည့် အဖွဲ့အစည်းများဖြင့် စုံစမ်းသိရှိသည့် နယ်မြေများတွင် တရားမဝင် သစ်ဖမ်းဆီးခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။



ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းထွန်းအောင်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ ဦးဖေတင်၏ "မွန်ပြည်နယ် မုဒုံမြို့နယ် ကျုံဖိုက်ကျေးရွာအနီး မော်လမြိုင်-သံဖြူဇရပ် ကားလမ်းမကြီးဘေးရှိ အမှတ်(၃) သတ္တုတွင်းလုပ်ငန်းက ဖျက်သိမ်းပြီးဖြစ်သည့် မြေဖြူသန့်စင် စက်ရုံနေရာတွင် နောက်ထပ် လုပ်ငန်းအသစ် ထူထောင်လုပ်ကိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် မရှိပါက မူလသိမ်းဆည်းခံခဲ့ရသည့် ခြံပိုင်ရှင်မိသားစုသို့ မြေသို့မဟုတ် နစ်နာကြေးပေးရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မုဒုံမြို့နယ် ထုတ်လုပ်ရေးစခန်းမှ အသုံးပြုနေသော မြေနေရာသည် ဦးပန်းရွှေ၊ ဒေါ်ငွေဖြူတို့က ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသို့ ၁၉၆၂ ခုနှစ်တွင် ရော်ဘာပင်များခုတ်လှဲခွင့်လျှောက်ထားခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် ခုတ်လှဲခွင့်ရရှိသော်လည်း (၃)နှစ်အတွင်းရော်ဘာပင် ပြန်စိုက်ရန် ပျက်ကွက်ခဲ့၍ ၁၉၇၆ ခုနှစ်တွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက စည်းကမ်းပျက်မြေအဖြစ် သတ်မှတ်ကာ နိုင်ငံတော်အစိုးရက ပြန်လည်သိမ်းယူခဲ့သည့် မြေဖြစ်ပါကြောင်း။

အမှတ်(၁) သတ္တုတွင်းလုပ်ငန်းအနေဖြင့် မွန်ပြည်နယ်တွင် စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် ထုံးကျောက်နှင့် ရွှံ့စေးဖြူထုတ်လုပ်ခြင်းလုပ်ငန်းများအား ကုမ္ပဏီ(၅) ခုနှင့် အကျိုးတူဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများအား အနီးကပ်ကြီးကြပ်ရန်နှင့် ကုမ္ပဏီများနှင့် ပြည်နယ်အစိုးရအကြား လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေးအတွက်လည်းကောင်း၊ ရွှံ့စေးဖြူကြမ်းများ ထားရှိသိုလှောင်ရန်အတွက်လည်းကောင်း၊ မုဒုံမြို့နယ် ထုတ်လုပ်ရေး စခန်းမြေနေရာအား အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၏ မွန်ပြည်နယ်ရုံးခွဲဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်သဖြင့် စွန့်လွှတ်ရန် မရှိပါကြောင်းနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ၁၉၇၆ ခုနှစ်ကပင် စည်းကမ်းပျက်မြေအဖြစ် သိမ်းယူခဲ့သည့်မြေဖြစ်ခြင်း၊ ၁၉၈၅ ခုနှစ်တွင် အမည်ပေါက်လွှဲပြောင်း ရရှိထားပြီးဖြစ်ခြင်း၊ နှစ်(၃၀) မြေငှားဂရန်ရရှိထားပြီး ဖြစ်ခြင်းတို့ကြောင့် နစ်နာကြေးပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ဥပဒေကြမ်း ကော်မတီဝင် ဦးအောင်သိန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော "နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကိုဖတ်ကြားရှင်းလင်းပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ တင်ပြချက်နှင့် ပယ်ဖျက်ချက်များအား လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် အတည်ပြုခဲ့သည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော "ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်းက ကော်မရှင်ဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များအား အနှစ်သာရပြည့်ဝစေရန်၊ ပွင့်လင်းမြင်သာမှုနှင့် တိကျရှင်းလင်းမှုရှိစေရန်အတွက် အကြံပြုဆွေးနွေးသည်။

လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ ပြင်ဆင်ထားသည့်အတိုင်း အတည်ပြု၍ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယပုံမှန် အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ဇူလိုင် ၂၅ ရက်မှ အောက်တိုဘာ ၇ ရက်အထိ စုစုပေါင်း ၄၅ ရက် ကျင်းပခဲ့ရာ ကြယ်ပွင့်ပြမေးခွန်း ၁၄၇ ခု၊ ကြယ်ပွင့် မပြမေးခွန်း ၉၂ ခု မေးမြန်းခဲ့ကြောင်း၊ ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆို ၃ ခုတင်သွင်းခဲ့ရာ အဆိုတစ်ခုကို အတည်ပြုခဲ့ပြီး အဆိုတစ်ခုကို မှတ်တမ်းတင်ခဲ့ကြောင်း၊ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း စုစုပေါင်း ၁၄ ခုကို ဆွေးနွေးအတည်ပြုနိုင်ခဲ့ကြောင်း၊ ယင်းဥပဒေကြမ်းများအနက် ဥပဒေကြမ်း ၄ ခုကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ၈ ခုကို ပေးပို့ထားပါကြောင်း၊ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် ဥပဒေကြမ်း ၁ ခုကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားပါကြောင်း၊ ထို့ပြင် ဥပဒေကြမ်းတစ်ခု ဆွေးနွေးရန် လက်ခံရရှိထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဗုဒ္ဓဘာသာ ညီလာခံနဲ့ ခရီးသွားလုပ်ငန်း

ကျော်ရင်မြင့်



အိန္ဒိယနိုင်ငံ ဗာရာဏသီက မြတ်စွာဘုရားရှင် တရားဦးဟောတော်မူခဲ့တဲ့နေရာ မိဂဒါဝုန်ကို စက်တင်ဘာလ တုန်းက တစ်ကြိမ်ရောက်ဖူးသူဆိုရင် အောက်တိုဘာလ ဆန်းမှာ နောက်တစ်ခေါက်ရောက်တော့ ကိုယ့်မျက်စိ တောင် ကိုယ်မယုံနိုင်အောင် အပြောင်းအလဲကြီး ပြောင်းလဲနေတာကို တွေ့ရပါမယ်။

ပဥ္စဝဂ္ဂီ ငါးပါးကို အနတ္တလက္ခဏသုတ် ဟောကြား တော်မူအပြီး ငါးပါးလုံး ရဟန္တာအရှင်မြတ်များ ဖြစ်တော် မူတဲ့နေရာမှာ အထိမ်းအမှတ်အဖြစ် တည်ထားတဲ့ ဓမ္မေခ စေတီတော်အနီးက မြက်ခင်းပြင်ကျယ် စိမ်းစိမ်းကြီးရဲ့ နေရာမှာ အင်မတန်ကြီးမားတဲ့ ခန်းမဆောင်ကြီးတစ်ခု ဝိသကြုံနတ်သား ဖန်ဆင်းလိုက်သလို ချက်ချင်းရှိနေပြီ။ ခန်းမကြီးရဲ့အဝင်မှာ ပဥ္စမအကြိမ်မြောက် အပြည်ပြည် ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံဆိုတဲ့ မုခ်ဦးကြီးရှိတယ်။ ကော်ဇောနီခင်းထားတဲ့ လျှောက်လမ်းကျယ်ကျယ်ကြီး ရှိတယ်။ သာသနာ့အလံတွေကလည်း လေပြည်မှာ တလူလူလွင့်လို့။

နတ်ဖန်ဆင်းသလို ချက်ချင်းပေါ်ပေါက်လာတဲ့ ဘောလုံးကွင်းတစ်ကွင်းစာလောက်ကျယ်တဲ့ ခန်းမကြီး ကို စတီးဖရိမ်တွေနဲ့ဆင်၊ မိုးကာဖျင်တွေနဲ့ တဲအကြီးကြီး ထိုးထားတာပါ။ အဲယားကွန်းနိုင်နိုင်ပေးထားလို့ ခန်းမ ကြီးက အေးမြပြီး လေကလတ်ဆတ်နေတယ်။ ခန်းမထိပ် က စင်မြင့်မှာ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ညီလာခံ-၂၀၁၆၊ ၃-၅ အောက်တိုဘာ၊ မိဂဒါဝုန်၊ ဗာရာ ဏသီ၊ ဥတ္တရာပရာဒေ့ရှ်လို့ စာတန်းထိုးထားတယ်။ ခန်းမ ဘေးနံရံမှာလည်း ဗုဒ္ဓရဲ့ ရုပ်ပုံတော်တွေကို ဖန်တီးထား တယ်။

ဒီခန်းမဆောင်ကြီးထဲမှာ ကမ္ဘာ့နေရာအနှံ့ နိုင်ငံပေါင်း ၃၉ နိုင်ငံက သံဃာတော်ကြီးတွေ၊ ပညာရှင်တွေ၊ ခရီးသွား လုပ်ငန်းရှင်တွေ၊ သတင်းမီဒီယာသမားတွေ၊ တာဝန် ရှိသူတွေ တက်ရောက်နေတယ်။ နိုင်ငံစုံ၊ လူမျိုးစုံ တက် ရောက်တဲ့အခမ်းအနားမို့ အချင်းချင်း ဆက်သွယ် ပေါင်းကူးဖို့ ပြဿနာရှိနိုင်ပါတယ်။ ဒါပေမယ့် အခမ်းအနား စီစဉ်သူတွေက လှိုင်းတို အသံလွှင့်စက်ကိုသုံးပြီး တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဟင်ဒီနဲ့ အင်္ဂလိပ်ဘာသာစကားတွေနဲ့ ဘာသာပြန်ပေးပြီး ထုတ်လွှင့်တယ်။ နားကြပ်တွေ ဝေငှ ပေးထားပြီး ကြိုက်နှစ်သက်ရာ ဘာသာနဲ့ နားဆင်နိုင်ပါ တယ်။

အိန္ဒိယနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး Mr.Mahesh Sharma ၊ နိုင်ငံတော် ခရီးသွားလုပ်ငန်း အဖွဲ့ အတွင်းရေးမှူး Mr.Vinod Zutshi အပါအဝင် အစိုးရအဖွဲ့က တာဝန်ရှိသူတွေ၊ ယူနက်စကို ပညာရှင် အပါအဝင် နိုင်ငံစုံက ပညာရှင်တွေက ဗုဒ္ဓသာသနာနဲ့ အိန္ဒိယနိုင်ငံအကြောင်း၊ ဗုဒ္ဓဝါဒအကြောင်း၊ ဗုဒ္ဓနဲ့ ပတ်သက်တဲ့ အိန္ဒိယနိုင်ငံအနှံ့က နေရာဒေသတွေ အကြောင်း၊ ရှေးဟောင်းအမွေအနှစ်တွေ ထိန်းသိမ်းဖို့ အကြောင်းတွေကို ဆွေးနွေးပြောကြားကြတယ်။ အိန္ဒိယ နိုင်ငံ ခရီးသွားလာရေးလုပ်ငန်း တာဝန်ရှိအမျိုးသမီးက အိန္ဒိယနိုင်ငံအနှံ့က သွားရောက်ချင်စရာကောင်းတဲ့ ရှေးက စေတီပုထိုး၊ ဘုန်းကြီးကျောင်း၊ ပန်းပု၊ နံရံဆေးရေး ပန်းချီ၊ အနုပညာ လက်ရာတွေ၊ သာယာလှပတဲ့ သဘာဝ ဝန်းကျင်အနေအထားတွေ၊ စိတ်ဝင်စားစရာ ဓလေ့ထုံးစံ တွေကို ပါဝါပွိုင့် ရောင်စုံဆလိုက်ပုံတွေနဲ့ ပြသပါတယ်။

အခမ်းအနားရဲ့ နေ့ခင်းပိုင်းမှာတော့ အချို့က မြတ်စွာဘုရားရှင်ရဲ့ ခြေတော်ရာလမ်းကို လျှောက်လှမ်း ခြင်း အစီအစဉ်အဖြစ်နဲ့ မိဂဒါဝုန်တစ်ဝိုက်မှာ ဘုရားရှင် ကြွမြန်းခဲ့ဖူးရာ ခြေလှမ်း ခြေရာတွေပေါ်မှာ ထက်ကြပ် မကွာ နင်းလျှောက်ကာ လှည့်လည်ရင်း ဗုဒ္ဓအကြောင်း ဆွေးနွေးတာ၊ ဝိပဿနာ တရားထိုင်တာတွေ လုပ်ကြ တယ်။

ရွှက်ဖျင်တဲ ခန်းမဆောင်ထဲမှာတော့ အခင်းအကျင်း က ပြောင်းလဲသွားပြီ။ စားပွဲဝိုင်း ၆၀ လောက် ခင်းထား တယ်။ စားပွဲတွေပေါ်မှာ အိန္ဒိယနိုင်ငံနဲ့ နိုင်ငံတကာက ခရီးသွားလုပ်ငန်းကုမ္ပဏီတွေရဲ့ အမည်တွေရေးထား ပါတယ်။ ခရီးသွားလုပ်ငန်းချင်း ချိတ်ဆက်မြှင့်တင်ရေး အစီအစဉ်ပါ။ ကိုယ်စိတ်ဝင်စားတဲ့ စားပွဲမှာထိုင်ပြီး ခရီးသွားလုပ်ငန်းတွေ အနာဂတ်မှာ ပေါင်းစပ်လုပ်ကိုင်ဖို့ အပြန်အလှန်ဆွေးနွေးကြတယ်။ ချိတ်ဆက်ကြတယ်။ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံကို အကြောင်း ခံပြီး အိန္ဒိယနိုင်ငံက ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးအောင် မြှင့်တင်တဲ့ အစီအစဉ် ဖြစ်ပါတယ်။

ညီလာခံကို ခရီးသွားလုပ်ငန်းရှင်တွေလည်း ဖိတ်ကြား ထားတာဖြစ်လို့ ခန်းမဆောင်တစ်ခုလုံးက စားပွဲတိုင်းမှာ လူတွေ အပြည့်ပါ။ ပျားတွေ ဝတ်ရည်စုပ်သလို ဟိုစားပွဲ ဒီစားပွဲကူးရင်း မိတ်ဖွဲ့ကြ၊ လုပ်ငန်းစကားပြောကြနဲ့ အဆင်ပြေနေပါတယ်။ ပျားပန်းခပ် လှုပ်ရှားနေကြတယ်။

“သူတို့က နိုင်ငံအနှံ့က ကုမ္ပဏီတွေအစုံခေါ်ထား တော့ အဆက်အသွယ်သစ်တွေရတယ်။ Networking ပိုကောင်းတာပေါ့။ တစ်ခါမှ ဗုဒ္ဓဂယာကို ဧည့်သည် မပို့ဘူးသေးတဲ့ လာအို၊ ကမ္ဘောဒီးယားတို့ပါ ဖိတ်ထားတော့ သူတို့အတွက် Buyer အသစ်တွေရတယ်။ ခုခေတ်က အီးမေးလ်နဲ့ အလုပ်လုပ်လို့ရတယ်။ အဆက်အသွယ်တွေ ပိုရကြတယ်” လို့ ပွဲကို ကိုယ်တိုင်တက်ရောက်တဲ့ မြန်မာ နိုင်ငံက Travel for Moments ( တဒင်္ဂ ဗုဒ္ဓဂယာ ဘုရားဖူးလုပ်ငန်း)ရဲ့ မန်နေဂျင်းဒါရိုက်တာ ဒေါ်နှင်းမိုးဝေ ကပြောပါတယ်။

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တ ပညာဝံသကတော့ “အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ညီလာခံကို နိုင်ငံပေါင်းစုံက ဆရာတော်တွေ၊ ဘုန်းတော်ကြီး တွေလည်း ဖိတ်ကြားတယ်။ သာသနာရေးဆွေးနွေးသလို တစ်ဖက်မှာ အိန္ဒိယနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းလည်း မြှင့်တင်တာလုပ်တယ်။ ဘုန်းကြီးတွေက ဘုရားရှင်နဲ့ ပတ်သက်တဲ့ သွားရောက်သင့်တဲ့နေရာ၊ သွားရောက်နိုင်တဲ့ နေရာတွေကို ဒါယကာ၊ ဒါယိကာမတွေကို ညွှန်ပြပေး နိုင်တာပေါ့” လို့ မိန့်ကြားပါတယ်။

ကိုရီးယားနိုင်ငံက ကြွရောက်လာတဲ့ မဟာနာယက ဆရာတော်ကြီး Most Ven. Seo Euinyum ကတော့ “ဗာရာဏသီက သံဃာအတွက် အရေးကြီးတယ်။ သံဃာ တော် ဒီမှာစတင်ပေါ်ထွန်းရာနေရာမို့ အရေးကြီးတယ်။ ဒီကိုလာတဲ့ဧည့်သည်က တစ်နှစ်ထက်တစ်နှစ် ပိုများလာ တယ်။ ဗာရာဏသီဟာ ဘာသာရေးဆိုင်ရာ ခရီးသည် တွေအတွက် အရေးကြီးတဲ့နေရာဖြစ်တယ်။ ဒီလိုနေရာမှာ ညီလာခံလုပ်တဲ့အတွက် ခရီးသွားလုပ်ငန်းကို အထောက် အပံ့ပိုဖြစ်တယ်” လို့ မိန့်ကြားတယ်။

အိန္ဒိယအစိုးရ ခရီးသွားလာရေးဝန်ကြီးဌာနက နိုင်ငံပေါင်း ၃၉ နိုင်ငံကို ဖိတ်ခေါ်ပြီး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံကို အိန္ဒိယနိုင်ငံက နယူးဒေလီ၊ ဗာရာဏသီနဲ့ ဗုဒ္ဓဂယာတို့မှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၃ ရက်မှ ၆ ရက်အထိ ကျင်းပပါတယ်။ ဒီလိုကျင်းပရာမှာ အိန္ဒိယနိုင်ငံအနှံ့က ခရီးသွားကုမ္ပဏီတွေ၊ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းတွေ၊ ဟိုတယ်တွေ၊ သက်ဆိုင်ရာ ဒေသ အာဏာပိုင်တွေက တာဝန်ယူလက်တွဲ လုပ်ဆောင် ပေးကြတာ ဖြစ်ပါတယ်။

“မေးကြည့်တော့ Tour ကုမ္ပဏီအငယ်လေးတွေလည်း တက်လို့ရတယ်။ လျှောက်ထားကြတဲ့ထဲက ကုမ္ပဏီ ၅၂ ခု ရွေးတာ။ ကုမ္ပဏီကြီးမှမဟုတ်ဘူး။ အသေးလေး တွေလည်းတက်လို့ရတယ်။ Tour ကုမ္ပဏီတွေ၊ ဟိုတယ် တွေ၊ Transportation ကုမ္ပဏီအားလုံး တက်ခွင့်ရတယ်။ မြန်မာနိုင်ငံမှာလည်း ကိုယ့် Local လုပ်ငန်းရှင်တွေကို ရွေးချယ်အားပေးပြီး ဒီပွဲမျိုးကျင်းပစေချင်တယ်” လို့ ဒေါ်နှင်းမိုးဝေ (တဒင်္ဂ)က ပြောတယ်။

အခမ်းအနားကို တက်ရောက်တဲ့ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဝင်းညွန့်ကလည်း “မြန်မာနိုင်ငံမှာဘာသာရေးနဲ့ ပတ်သက်တဲ့ ခရီးသွားလုပ်ငန်းလုပ်ဖို့ နေရာတွေ အများ ကြီးရှိတယ်။ ဗုဒ္ဓပွင့်တော်မူရာ ဒေသမဟုတ်ပေမယ့် ထေရဝါဒသာသနာနဲ့ပတ်သက်ရင် အရေးပါတဲ့နေရာတွေ အများကြီးရှိတယ်။ ပုဂံလိုရှေးမြို့ဟောင်း၊ ရွှေတိဂုံစေတီ တော်၊ ကျိုက်ထီးရိုး၊ အင်းလေးဖောင်တော်ဦး၊ မွေတော် ကက္ကူ၊ ပင်းတယ၊ မြောက်ဦး နေရာတွေရှိတယ်။အခြေခံ အဆောက်အအုံတွေ ကောင်းအောင်လုပ်ရမယ်။ Main entrance ရန်ကုန်ကနေ ဒီနေရာတွေကို အလွယ်တကူ သွားနိုင်ရမယ်။ အဆင်ပြေပြေ တည်းခိုနိုင်ရမယ်။ စားသောက်ဆိုင်တွေ၊ ဆက်သွယ်ရေး၊ money chainger ကအစ ကောင်းအောင်လုပ်ပေးရင် ခဏလေးနဲ့ ခရီးသွားလုပ်ငန်းက တက်လာမှာ။ ကျွန်တော်တို့နိုင်ငံမှာ အရင်းအမြစ်တွေကအများကြီးရှိတယ်”လို့ ဆိုတယ်။

ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ ပြန်ကြားရေးတာဝန်ခံ ဒေါ်ဖြူမာကိုက “သူတို့ အစီအစဉ် က ကောင်းတယ်။ Buyer ,Seller တွေချည်း ဖိတ်တာ မဟုတ်ဘဲ သံဃာတော်တွေ၊ ဘုန်းကြီးတွေ၊ မီဒီယာတွေ ပါ ဖိတ်လို့ တော်တော်ထိရောက်တယ်။ အိန္ဒိယနိုင်ငံ အတွက် ဗုဒ္ဓဘာသာကို အကြောင်းပြုပြီး Tourism ကို မြှင့်တင်နိုင်တယ်။ အိန္ဒိယက ဆန်ချီလို၊ ရွှေတိဂုံစေတီတော် ပုံတူတည်ထားတဲ့ မွမ်ဘိုင်းလို၊ အာဂျန္တာလို ဂူတွေရှိတဲ့ နေရာ၊ ရေခဲတောင်တွေရှိတဲ့နေရာတွေကို ခရီးစဉ်အသစ် ချဲ့တယ်။ ကျွန်မတို့ဆီမှာ အိန္ဒိယကိုပို့တဲ့ ခရီးသွားလုပ်ငန်း အဖွဲ့ ၁၀၀ လောက်ရှိတယ်။ နေရာသစ်တွေ ထပ်ချဲ့နိုင် မယ်။ အချို့က ရေခဲတောင်သွားချင်တယ်။ လူငယ်တွေ အတွက် ရေခဲတောင်လိုနေရာကို ကေဘယ်နဲ့တက်၊ စကိတ် စီးပြီး ပြန်ဆင်းအောင်စီစဉ်ပေးထားတယ်။ ကိုယ့် customer တွေကို ထိန်းဖို့ Taste အသစ်တွေ ပေးရမယ်” လို့ ပြောပြတယ်။

အိန္ဒိယအစိုးရ ခရီးသွားလာရေးဝန်ကြီးဌာနက ကမကထလုပ်ပြီး ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓ ဘာသာညီလာခံနဲ့ပတ်သက်ပြီး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း ညွန့်က “ညီလာခံမှာ Travel Mart လည်း ဖြစ်အောင် သူတို့လုပ်တယ်။ သူတို့က နယူးဒေလီမှာလုပ်တယ်။ ပြီးတော့ ဗာရာဏသီ၊ ဗုဒ္ဓဂယာမှာ ဆက်လုပ်တယ်။ ပရိသတ်ကို site တွေ မရောက်ရောက်အောင် လုပ်ပေး တာ။ ကျွန်တော်တို့က ပုဂံလို၊ အင်းလေးလိုနေရာတွေမှာ လုပ်လို့ရတယ်။ လုပ်နိုင်တဲ့နည်းလမ်းနဲ့ စလုပ်ကြရမယ်။ Elite တို့လို၊ ဂျေဂျေတို့လို အဆင့်မြင့်တဲ့ ယာဉ်လိုင်းတွေ၊ လေကြောင်းလိုင်းတွေ၊ ဟိုတယ်တွေ ခရီးသွားလုပ်ငန်းတွေ ပူးပေါင်းပြီး စည်းရုံးလုပ်ကိုင်ကြရမယ်”လို့ ဆိုပါတယ်။

ဘုရားဖူးရင်း လိပ်ဥလည်းတူးတယ်လို့ ဆိုကြပါတယ်။ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံကို ဦးစီးစီစဉ်တဲ့ အိန္ဒိယနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာနက ခရီးသွား လုပ်ငန်းမြှင့်တင်ရေးကိုလည်း အကျိုးရှိရှိတွဲပြီး လုပ်ဆောင် သွားတာ တွေ့ရပါတယ်။

“မြန်မာနိုင်ငံမှာအစိုးရက တာဝန်ယူစီမံခန့်ခွဲပေးပြီး စပွန်ဆာကုမ္ပဏီတွေကို တာဝန်ခွဲပေးရင် အောင်အောင် မြင်မြင်ဖြစ်မယ်။ အစိုးရက စီမံရုံ၊ ထိန်းချုပ်ပေးရုံ၊ လုံခြုံရေး ကို တာဝန်ယူရုံပဲ လုပ်ပေးရင်ဖြစ်တယ်။ ကျွန်မတို့နိုင်ငံ မှာ ပြစရာတွေ အများကြီးရှိတယ်။ ဒီလိုလုပ်ရင် ခရီးသွား လုပ်ငန်းတွေ တိုးတက်လာမယ်” လို့ ဗုဒ္ဓဂယာဘုရားဖူး ပို့ဆောင်ရေးလုပ်ငန်းကော်မတီ ပြန်ကြားရေးတာဝန်ခံ ဒေါ်ဖြူမာကိုက ပြောပါတယ်။

**စားပွဲတွေပေါ်မှာ အိန္ဒိယနိုင်ငံနဲ့ နိုင်ငံတကာက ခရီးသွားလုပ်ငန်းကုမ္ပဏီတွေ ရဲ့ အမည်တွေရေးထားပါတယ်။ ခရီးသွားလုပ်ငန်းချင်း ချိတ်ဆက်မြှင့်တင်ရေး အစီအစဉ်ပါ။ ကိုယ်စိတ်ဝင်စားတဲ့ စားပွဲမှာထိုင်ပြီး ခရီးသွားလုပ်ငန်းတွေ အနာဂတ်မှာ ပေါင်းစပ်လုပ်ကိုင်ဖို့ အပြန်အလှန်ဆွေးနွေးကြတယ်။ ချိတ် ဆက်ကြတယ်။ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံကို အကြောင်းခံပြီး အိန္ဒိယနိုင်ငံက ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးအောင် မြှင့်တင်တဲ့အစီအစဉ်ဖြစ်။**

# အဖြောင့်များနှင့်ကမ္ဘာ

## ဒေါက်တာခင်စန်းဝေ

လူကူးမျဉ်းကျားထိပ်မှာ ကျောပိုးအိတ် ကိုယ်စီလွယ်ထားကြသော ကျောင်းသူ ကျောင်းသားလေးအချို့ ကားလမ်းကူးရန် စောင့်ဆိုင်းနေကြသည်။

သူတို့လက်ထဲမှာ ထီးတစ်ဖက်၊ ထမင်းချိုင့်ထည့်ထားသော ဆွဲခြင်း တစ်ဖက်နှင့် ခြောက်လမ်းသွားယာဉ်ကြောတစ်ခုလုံးကို လွှမ်းခြုံကြည့်လျှင် မော်တော်ယာဉ်များ ပျားပန်းခပ်ကာ ဥဒဟိုသွားလာလျက်ရှိသည်။ ဆရာသည် ကားကို ဘယ်ဘက်အစွန်ဆုံးယာဉ်ကြောမှ မောင်းနှင်လာသောကြောင့် အရှိန် လျှော့ပြီး မျဉ်းကျားထိပ်မှာ ခပ်ဖြည်းဖြည်းရပ်ပေးလိုက်သည်။ ဆရာက ကားရပ် ပေးသဖြင့် ကလေးများက လမ်းဖြတ်ကူးရန် မျဉ်းကျားပေါ်သို့ ခပ်သွက်သွက် ဆင်းလာကြလေသည်။ သို့သော် ဆရာ့ကား၏ ညာဘက်ခြမ်းမှ မောင်းနှင်လာ သောကားများက လုံးဝရပ်မပေးဘဲ အရှိန်နှင့်တိုးဝင်လာကြရာ ဖြူစိမ်းကလေးများ တုံ့ခနဲ ရပ်သူကရပ်၊ နောက်ကြောင်းလှည့်သူက လှည့်နှင့် ဝရုန်းသုန်းကား ဖြစ်သွားကြရသည်။ ဆရာ့ကား၏နောက်မှ ပါလာသောကားများက ရပ်ပေးရ ကောင်းလားဆိုသောသဘောနှင့် အဆက်မပြတ်ကျယ်လောင်စွာဟွန်းတီးကြ လေသည်။ လမ်းဖြတ်ကူးမည့် လူကြီးတစ်ယောက်ရောက်လာပြီး ကားများကို လက်ပြတားပေးမှ ညာဘက်ယာဉ်ကြောရှိကားများက မရပ်ချင်ရပ်ချင် ရပ်ပေး လိုက်ကြသည်။ ကပျာကယာဖြတ်ကူးသွားသော ဖြူစိမ်းကလေးများ၏ မျက်နှာ တွင် ‘ကားတွေများရှေ့တိုးလာလေမလား’ဟု စိုးရိမ်မကင်းဖြစ်နေသည့် မျက်ဝန်း လေးများနှင့်။

ယာဉ်စည်းကမ်းအရ မီးပွိုင့်မရှိသော လူကူးမျဉ်းကျားတွင် လမ်းဖြတ်ကူး မည့်သူ၏ ခြေတစ်ဖက်ချလိုက်သည်နှင့်တစ်ပြိုင်နက် မော်တော်ကားက ရပ်ပေးမည်။ လမ်းဖြတ်ကူးသူများ၏ ခြေထောက်အားလုံး တစ်ဖက်ပလက် ဖောင်းပေါ် ရောက်သွားမှ ရှေ့ဆက်မောင်းနှင်ရမည် မဟုတ်ပါလား။

ဆရာ့ညာဘက်မှ မော်တော်ယာဉ်များသည် အတူယှဉ်ထွက်လာကြရင်း ဒေါသဖြစ်သောမျက်နှာနှင့် လှည့်ကြည့်သူကကြည့်၍၊ ကားပြတင်းမှ တံတွေး ထွေးကာ မကျေနပ်မှုကို ဖော်ပြသူက ဖော်ပြ၏။ “စည်းကမ်းလိုက်နာသူကို စည်းကမ်းချိုးဖောက်သူများက အပြစ်တင်ခွင့်ရှိသလား။ ထိုအပြုအမူများကို အစအဆုံးမြင်တွေ့လိုက်ရသည့် ကျောင်းသူ ကျောင်းသားများ၏ အသိဉာဏ် ထဲတွင် မည်သည့်အရာများကို သင်ယူမှတ်သားလိုက်မှာပါလိမ့်” ဟု စိတ်မကောင်းစွာ တွေးလိုက်မိပါသည်။

ရုတ်ခြည်းမှာပင် နွေရာသီအားလပ်ရက်များက အပန်းဖြေခရီးအဖြစ် ရောက်ခဲ့ဖူးသည့် ဂျပန်နိုင်ငံမြင်ကွင်းများက အတွေးထဲမှာ ဖျတ်ခနဲပေါ်လာ သည်။ ဂျပန်နိုင်ငံသည် မြေဧရိယာကျဉ်းမြောင်းပြီး လူဦးရေထူထပ်သော ကျွန်းစုနိုင်ငံတစ်ခုဖြစ်သောကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် အရေး ကြီးသော အခန်းကဏ္ဍဖြစ်နေပါသည်။ ဂျပန်နိုင်ငံ၏ ယာဉ်ကြောတစ်ခုသည် ရန်ကုန်မြို့၏ ယာဉ်ကြောတစ်ခုစာထက် ကျဉ်းမြောင်းပေသည်။ သို့သော် ကတ္တရာလမ်းမကြီးများသည် အဖုအထစ်၊ အချိုင့်အခွက်တို့ ကင်းစင်လျက် ချောမွေ့ပြောင်ရှင်းနေသည်။ မျဉ်းဖြူအမှတ်အသားတို့ကလည်း ထင်ထင် ရှားရှား။ ကတ္တရာလမ်းမကြီးများသာမက လမ်းဘေးပလက်ဖောင်းပေါ်တွင် အမှိုက်တစ်စမရှိ ရှင်းလင်းသပ်ရပ်နေသည်။ ပလက်ဖောင်းက ညီညာပြန့်ပြူး သည့်အပြင် လမ်းသွားလမ်းလာများနှင့် စက်ဘီးစီးသူများ အဆင်ပြေပြေသွားလာ နိုင်သည်အထိ ကျယ်ဝန်းပါသည်။ ပလက်ဖောင်းပေါ်တွင် လမ်းဘေးဈေးသည် များ၊ ဈေးဆိုင်များ၊ လက်တွန်းလှည်းများ လုံးဝမရှိ။ စည်းကမ်းမဲ့ရပ်ထားသော မော်တော်ကားများမရှိ။

တိုကျိုနှင့် အိုဆာကာကဲ့သို့ လူနေထူထပ်သော မြို့ကြီးပြကြီးများမှာလည်း ယာဉ်ကြောပိတ်ဆို့မှုပြဿနာမျိုးကို မတွေ့မြင်ခဲ့ရပါ။ ကျွန်းတစ်ခုနှင့်တစ်ခု ကူးလူးသွားလာရန် လေယာဉ်ခရီးကို အသုံးပြုကြပါသည်။ ဂျပန်တို့၏ နေ့စဉ် ခရီးသွားလာမှု၌ မြေအောက်ရထားနှင့် ကျည်ဆန်ရထား (Bullet Train) တို့၏ သယ်ယူပို့ဆောင်ရေးက များစွာအရေးပါလှသည်။ ကိုယ်ပိုင်ယာဉ်နှင့်သွားလာမှု၊ ဘတ်စ်ကားများ ပြေးဆွဲမှုရှိသော်လည်း သတ်မှတ်ထားသော ယာဉ်ရပ်နား စခန်းမှာသာ စနစ်တကျရပ်ကြရပြီး သွားလိုရာနေရာသို့ ရောက်အောင် ခြေထောက်အားကိုးနှင့် လမ်းလျှောက်သွားကြရသည်။ လမ်းသွားလမ်းလာများ သည် လူကူးမျဉ်းကျားရှိသော နေရာများမှသာ ဖြတ်ကူးကြပြီး ယာဉ်ထိန်းရဲ မရှိ၊ ယာဉ်အသွားအလာကင်းရှင်းနေသော်လည်း မီးနီပြထားလျှင် လုံးဝ ဖြတ်မကူးဘဲ မီးစိမ်းပြသောအခါမှ စည်းကမ်းသေဝပ်စွာ လျှောက်သွားကြသည်။ ပလက်ဖောင်းပေါ်သို့ သစ်ရွက်များကြွေကျသည်နှင့် အမှိုက်သိမ်းသူက တာဝန် ကျေစွာ သိမ်းဆည်းတော့သည်။

Gotemba ရှိ Factory Outlet များသို့ သွားရောက်ကြည့်ရှုသည့်နေ့က လေရောမိုးပါ ပြင်းထန်စွာရွာသွန်းခဲ့သည်။ ယာဉ်ရပ်နားခွင့်ရသည့်နေရာနှင့် Factory Outlet များတည်နေရာက အလှမ်းကွာဝေးသည့်အပြင် လူကူး မျဉ်းကျားလည်းမရှိ။ ကျဉ်းမြောင်းသောလမ်းများကြားတွင် သွားလာနေသော ယာဉ်များက မိုးထဲလေထဲ၌ လမ်းဖြတ်ကူးသူများအား ရပ်တန့်စောင့်ဆိုင်းပေး ခဲ့ကြသည်။

ဂျပန်လူမျိုးတို့သည် ကလေးများကို အလွန်ဦးစားပေးကြောင်း ဧည့်လမ်း ညွှန်က ရှင်းပြသည်။ Universal Studio နှင့် Tokyo Dysney's Land ကဲ့သို့ ကစားကွင်းများမှာလည်ပတ်သည့်နေ့က ဤအချက်သည် အလွန်သိသာ



**အနာဂတ်မှာ ကြီးပြင်းလာမည့်ကလေးသူငယ်များကို ကောင်းမွန်စွာ ပြုစုပျိုးထောင်ရမှန်း သူတို့သိကြသည်။ ရထားတံခါးဝမှာ ကျောင်းသား ကျောင်းသူလေးများ ရပ်လိုက်သည်နှင့် ရထားတွဲပေါ်တက်နိုင်အောင် နေရာကျုံ့ပေးသည့်နိုင်ငံ၊ သိလိုရာကို စိတ်ရှည်စွာရှင်းပြသည့်နိုင်ငံ၊ ကလေးအသက် ၁၅ နှစ်အထိ အစိုးရက ပညာသင်စရိတ်ထောက်ပံ့ပေးသည့်နိုင်ငံဖြစ်ပါသည်။ မိမိတို့နိုင်ငံမှ လူများကတော့ လမ်းဖြတ်ကူးမည့် ဖြူစိမ်းကလေးများကိုပင် ကားရပ်မပေးလိုသည့်စိတ်ထားကို မွေးမြူထားကြပါတကား။**

ထင်ရှားလာသည်။ မြင်သမျှ၊ တွေ့သမျှ မိသားစုများ၌ ရင်ခွင်ပိုက်ကလေးများ၊ လက်တွန်းလှည်းပုံစံမျိုးစုံနှင့် သယ်ဆောင်လာသည့် ကလေးများ၊ လမ်းလျှောက် တတ်ခါစ ကလေးများ၊ မူကြိုအရွယ်ကလေးများ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူကလေးများအား စုံလင်စွာတွေ့ရသည်။ ချားရဟတ်၊ ပန်းကန်လုံး၊ လေယာဉ်ပျံ၊ မီးရထား၊ ပြိုင်ကား၊ မော်တော်ဘုတ်၊ အပျော်စီးသင်္ဘော စသည်ဖြင့် မည်သည့်ကစားကွင်းမှာမဆို ကလေးပါလျှင် အထူးလမ်းကြောင်းမှ တန်းစီ၍ ဝင်ခွင့်ပေးသည်။ ကျောင်းသား ကျောင်းသူလေး များကိုမူ အတန်းလိုက်၊ အဖွဲ့လိုက်၊ ကျောင်းအလိုက် ဝတ်စုံပြည့်ဝတ်ဆင်ကာ ဆရာ ဆရာမများ၏ ထိန်းကျောင်းမှုအောက်မှာ တွေ့ခဲ့ရသည်။ သူတို့ချည်းသာ မဟုတ်ပါ။ မျက်မမြင်ကလေးများ၊ မသန်စွမ်းသည့် ကလေးများ၊ ဉာဏ်ရည်မမီ သည့် ကလေးများကိုလည်း အခြားသူများနှင့်တန်းတူ ပျော်ရွှင်စွာ လည်ပတ်နိုင် အောင် အခွင့်အရေးပေးထားလေသည်။ မျက်မမြင်လေးများ တုတ်ကောက်ဖြင့် စမ်း၍ သွားလာနိုင်အောင်၊ ဘီးတပ်ကုလားထိုင် (Wheel Chair)နှင့် လာသူများ အလွယ်တကူသွားလာနိုင်အောင် စီစဉ်ထားသည်ကို မျက်မြင်တွေ့ခဲ့ရသည်။ အသက်အရွယ်ကြီးရင့်သူ အဘိုး အဘွားများကို Wheel Chair နှင့် သယ်ဆောင်ပြီး အတူပါဝင်ခွင့်ပေးကြပါသည်။

အနာဂတ်မှာ ကြီးပြင်းလာမည့် ကလေးသူငယ်များကို ကောင်းမွန်စွာ ပြုစုပျိုးထောင်ရမှန်း သူတို့သိကြသည်။ ရထားတံခါးဝမှာ ကျောင်းသား ကျောင်းသူလေးများ ရပ်လိုက်သည်နှင့် ရထားတွဲပေါ်တက်နိုင်အောင် နေရာ ကျုံ့ပေးသည့်နိုင်ငံ၊ သိလိုရာကို စိတ်ရှည်စွာရှင်းပြသည့်နိုင်ငံ၊ ကလေးအသက် ၁၅ နှစ်အထိ အစိုးရက ပညာသင်စရိတ်ထောက်ပံ့ပေးသည့်နိုင်ငံဖြစ်ပါသည်။ မိမိတို့နိုင်ငံမှ လူများကတော့ လမ်းဖြတ်ကူးမည့် ဖြူစိမ်းကလေးများကိုပင် ကားရပ်မပေးလိုသည့်စိတ်ထားကို မွေးမြူထားကြပါတကားဟု စိတ်မသက်မသာ ဖြစ်မိရသည်။

Dysney's Land ထဲမှာ မိသားစုလိုက် အပျော်စီးသင်္ဘောစီးမလား၊ မီးရထားစီးမလား၊ လှေစီးမလား၊ ရင်ခွင်ပိုက်ကလေးများကို သယ်ဆောင်လာ သော လက်တွန်းလှည်းများကို အပြင်ဘက်မှာ တန်းစီထားခဲ့ရုံသာ။ ခိုးမည့်သူ မရှိ၊ အစောင့်လည်းမရှိ၊ နံပါတ်ပြားနှင့် အပ်ထားပြီး ရွေးယူရန်မလို။ ကစား ကွင်းမှ ပြန်ထွက်လာလျှင် မိမိ၏လှည်းကို မိမိဘာသာယူပြီး သွားပေရော့။ ဤအရာသည် နိုင်ငံကြီးသားများ၏ မိမိသိက္ခာကို စောင့်စည်းသောကျင့်ဝတ် ဖြစ်သည်။ ကိုဘေး၊ အိုဆာကာ၊ ကျိုတိုမြို့များတွင် မိမိတို့အိမ်ရှေ့မှာ စက်ဘီး များကို သော့ခတ်ပြီး ရပ်ထားကြသည်။ ညဘက်၌ အိမ်ထဲသိမ်းရန်မလိုပေ။

ထိုအဖြစ်ကို မြင်ရသောအခါ မဂ္ဂဇင်းတိုက်တစ်ခုမှ အယ်ဒီတာအမျိုးသမီး လေးတစ်ယောက်ကို သတိရလိုက်မိပါ၏။ သူသည် ရန်ကုန်တစ်ဖက်ကမ်းရှိ ရွာတစ်ရွာမှ စက်ဘီးစီးပြီး သင်္ဘောဆိပ်သို့ နေ့စဉ်လာရသည်။ သင်္ဘောဆိပ် ၌ သူ့စက်ဘီးကိုသော့ခတ်ထားခဲ့ပြီး သင်္ဘောစီးကာ ရန်ကုန်ဘက်မှာ နေ့စဉ် အလုပ်ဆင်းရလေသည်။ သူတို့ရွာမှ အခြားလူငယ်လေးများသည်လည်း ထိုနည်းအတိုင်း အလုပ်သွား၊ အလုပ်ပြန်လုပ်ကြရသည်။ တစ်နေ့တွင် သင်္ဘော ဆိပ်မှာ သော့ခတ်ထားခဲ့သော စက်ဘီးလေးအခိုးခံလိုက်ရသဖြင့် သူ့ခမျာ အယ်ဒီတာအလုပ်ကို ဆက်လက်မလုပ်နိုင်တော့ပေ။

သင်္ဘောဆိပ်မှာ တစ်နေကုန်ထားခဲ့ရသည့် စက်ဘီးတစ်စီးလုံး မ သွား သည့်အဖြစ်ကို အသာထားပါ။ နေ့ခင်းကြောင်တောင်တွင် ဆေးခန်းလာပြသည့် လူနာဟန်ဆောင်ပြီး ဆရာဝန်၏ တယ်လီဖုန်းကို အလစ်သုတ်သွားသော ကိစ္စရပ်များရှိပါသေးသည်။ မြို့နယ်တစ်ခုတည်းရှိ သွားဆရာဝန်တစ်ဦးနှင့် အထွေထွေရောဂါကု ဆရာဝန်နှစ်ဦးတို့၏ ဆေးခန်းသုံးခန်းမှ တန်ဖိုးကြီးသော တယ်လီဖုန်းဟန်းဆက်များပါသွားကြောင်း၊ ဆေးကုနေချိန်၊ အော်ပရေးရှင်း လုပ်နေချိန်၌ သတိထားသင့်ကြောင်း အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်များက သတိပေး ကြသဖြင့် တယ်လီဖုန်းကို စားပွဲပေါ်တွင် အလွယ်တကူ တင်မထားရဲတော့ပေ။ ရပ်ကွက်ထဲမှ ခင်မင်သိကျွမ်းသော တက္ကစီဒရိုင်ဘာ ဦးလေးကြီးက ‘ခရီးသည် လည်း ဆင်းသွားရော ကားပေါ်မှာ အားသွင်းထားတဲ့ ဦးလေးရဲ့ တယ်လီဖုန်း လည်း ပါသွားရော’ဟု ပြောပြခဲ့ဖူးသည်။

ယခုခေတ်တွင် ပစ္စည်းကောက်ရသောကြောင့် ပိုင်ရှင်ကို ပြန်ပေးသည် ဆိုသည့် သတင်းတစ်ခုတလေကြားရလျှင် လူအများက အုတ်အော်သောင်းတင်း ချီးကျူးထောမနာပြုနေရသည်။ ပိုင်ရှင်ကို ပြန်မပေးဘဲ အသာယူထားသည့် ကိစ္စများ မည်မျှများပြားနေပြီလဲဟု တွေးကြည့်လျှင် ဝမ်းနည်းစရာကောင်း လှသည်။ သူတစ်ပါးပစ္စည်းခိုးယူခြင်းကတော့ စာရိတ္တမဏ္ဍိုင်နှင့် သက်ဆိုင်ပါ သည်။

တစ်ခါကဆေးခန်းအနီးရှိ ခြံထဲမှာ စားသောက်ဆိုင်ကြီးတစ်ခု လာရောက် ဖွင့်ခဲ့ဖူးသည်။ ပိုင်ရှင်နှင့် ရှယ်ယာဝင်များက အလွန်စိတ်နေသဘောထား ကောင်းမွန်ကာ စားသောက်ဆိုင်ဝန်ထမ်းများကို ကျောသားရင်သား မခွဲခြားဘဲ ဆက်ဆံတတ်သည်။ စားသောက်ဆိုင်တွင် အချိန်ပြည့်မန်နေဂျာဟု သတ်သတ်မှတ်မှတ်မထားဘဲ တစ်ခါတစ်ခါမှသာ လာရောက်စစ်ဆေးလေ့ရှိသည်။ အလုပ်သမားများ၏ လုပ်ကိုင်ပုံကို ကြည့်ပါဦး။ နံနက်ပိုင်းရောင်းချသည့် မုန့်ဟင်းခါး ဟင်းရည်အိုးထဲမှာ ဓာတ်ဘူးနှစ်ဘူးစာခန့် ရေနွေးရောထည့်လိုက် သည်။ အရည်ကြည်လောင်လောင်နှင့် လတ်တလောထည့်လိုက်သည့် ငံပြာ ရည်နံ့ တထောင်းထောင်းထနေသော ဟင်းရည်ကိုသာ စားသုံးသူများက စားရ ပြီး ဟင်းရည်အိုးအတွက် သတ်မှတ်ထားသော ပွဲရေ ၅၀ သို့မဟုတ် ၁၀၀ ပြည့်ပြီဆိုလျှင် အောက်မှာကျန်နေသော ဘဲဥနိုင်နိုင်နှင့် ခပ်ပျစ်ပျစ် ဟင်းရည်အိုးကို မယူသွားပြီး သူတို့အလုပ်သမားများသာ ဝေ၍စားကြသည်။

မမေ့နိုင်သည့် အဖြစ်အပျက်ကတော့ မွေးနေ့အလှူလုပ်လိုသောကြောင့် ကြက်ဆီထမင်း ပွဲကြီး ၃၀ အတွက် ငွေအကျေပေးချေပြီး ကြိုတင်မှာခဲ့ရာ အမှန်တကယ်ရရှိသောအခါ ပွဲသေး ၃၀ သာဖြစ်နေသည်။ ဘောက်ချာဖြတ် သည့် စာရေးမကိုသွားပြောချိန်မှာ မျက်နှာတစ်ချက်မပျက်၊ စားဖိုမှူးအဖွဲ့ကို မေးမြန်းခြင်းလည်းမရှိဘဲ ပွဲကြီးနှင့် ပွဲသေး ကွာခြားငွေကိုသာ ထုတ်ပေးလိုက်လေ သည်။ ထိုဖြစ်ရပ်အပေါ် သုံးသပ်ကြည့်ရာတွင် ရိုးသားမှုမရှိဟု ကောက်ချက်ချမိ ပါသည်။ ပါဆယ်ယူသည့်အထုပ်များကို ဖွင့်မကြည့်ဖြစ်ပါက သူအကြံအဖန် လုပ်ထားကြောင်း မည်သူမျှသိမည်မထင်ပါ။ ဂွင်ဖန်သည် သို့မဟုတ် ဖြတ်စား သည်၊ မည်သို့ပင်ဆိုစေ မမှန်မကန်လုပ်ရပ်တစ်ခုသာဖြစ်ကြောင်း သိရှိနိုင်ပါ သည်။

ဂျပန်တို့၏ ကောင်းသတင်းတစ်ခုကား ကမ္ဘာသို့ပင် မွှေးပျံ့ကျော်ကြားနေ လေသည်။ ထိုသတင်းမှာ အချိန်ကို အလွန်လေးစားခြင်းပင်ဖြစ်သည်။ ဂျပန် ဧည့်လမ်းညွှန်က ဂျပန်တို့သည် သတ်မှတ်ထားချိန်ထက် နောက်ကျမှုကို သည်းမခံကြောင်း၊ စောလွန်းသည်ကိုလည်း မကြိုက်ကြကြောင်း အထူးသတိပေး ခဲ့သည်။ ဘူဖေးစားသောက်ဆိုင်များတွင် ခွင့်ပြုထားသည့် အချိန်အတွင်း ကြိုက်သလောက်စားနိုင်သည့်ဆိုင်၊ ပန်းကန်ထဲမှာ အစားအသောက်များကျန် နေလျှင် အလျော်ပေးရမည့်ဆိုင်ဟူ၍ စည်းကမ်းသတ်မှတ်ချက်များရှိနေ သည်။ ဂျပန်အစားအစာသည် အဆီနည်းပြီး ခန္ဓာကိုယ်အတွက် အာဟာရဓာတ် မျှတအောင် စီစဉ်ချက်ပြုတ်ထားသောပုံစံဖြစ်သည်။ ထို့ကြောင့် ဂျပန်လူမျိုး တို့သည် ကမ္ဘာပေါ်တွင် အသက်အရှည်ဆုံးလူမျိုးများဟု မှတ်တမ်းတင်ခံရသည့် အပြင် ဂျပန်လူမျိုးအများစုတို့၏ ခန္ဓာကိုယ်သည် ပိန်လွန်းခြင်း၊ ဝလွန်းခြင်း နည်းပါးပြီး ပုံမှန်ကိုယ်အလေးချိန်ဘောင်အတွင်းရှိနေကြသည်။

ဆာတေးဘူဖေးခေါ် အကင်စာများ၊ ဆီပူထဲကြော်၍ စားရသောအစာ များကို များပြားစွာ စားသုံးလာကြသည့်အချိန်တွင် ကင်ဆာရောဂါဖြစ်ပွားနှုန်း တိုးလာခဲ့သည်ဟု ကျန်းမာရေးစစ်တမ်းများအရ သိရှိရသဖြင့် ပြည်သူလူထုကို အသိပေးလှုံ့ဆော်ခဲ့ကြောင်း ကြားရပါသည်။ ဤအချက်သည် သူတို့၏ ကျန်းမာရေးဌာနများက ပြည်သူလူထုကို အစဉ်စောင့်ရှောက်နေကြောင်း ထင်ရှားသိသာနေသည်။

အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းနှင့်ပတ်သက်လျှင် သူတို့နိုင်ငံက အိမ်မွေး တိရစ္ဆာန်ချစ်သူများက အလွန်ကရိကထခံကာ အကဲပိုကြောင်း တွေ့ရှိရသည်။ သို့သော် လူအများသွားလာသော စည်ကားသည့်နေရာများတွင် အိမ်မွေး တိရစ္ဆာန်များကို သယ်ဆောင်လာခြင်းမျိုးမတွေ့ရပါ။ သူတို့ဆီမှာ အိမ်မွေး တိရစ္ဆာန်မွေးလျှင် မှတ်ပုံတင်ကြရပြီး အိမ်မွေးတိရစ္ဆာန်နှင့်ပတ်သက်သမျှ ကိစ္စ အဝဝကို တာဝန်ယူရသည်။ ထိုတာဝန်ထဲတွင် အများပြည်သူကို အနှောင့် အယှက်မဖြစ်စေရသော စည်းကမ်းလည်းပါဝင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# ပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေးအတွက် အခြေခံမှန်ကန်သည့် လိုအပ်ချက်များကို တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်စေလို

နေပြည်တော် အောက်တိုဘာ ၇

**ဒုတိယအကြိမ်လွှတ်တော်အသီးသီး၏ တတိယပုံမှန်အစည်းအဝေးများ မစတင်မီ လွှတ်တော်အစည်းအဝေးများ ရပ်နားစဉ်ကာလတွင် မိမိတို့၏မဲဆန္ဒနယ်များသို့ သွားရောက်၍ မဲဆန္ဒရှင်ပြည်သူများ၏ စကားသံများကို နားထောင်ကြရန်နှင့် "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"ဟူသည့် လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံသား ပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေးအတွက် အခြေခံမှန်ကန်သည့် လိုအပ်ချက်များကို တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်ကိုယ်စားလှယ်များအား မှာကြားသည်။**

ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကက ထိုသို့ မှာကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်အသီးသီး၏ ဒုတိယပုံမှန်အစည်းအဝေးများ ကျင်းပခဲ့သည့် နှစ်လကျော်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို (၁၆)ရက် ကျင်းပနိုင်ခဲ့ပြီး လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုရေးအပိုင်းတွင် ဥပဒေခြောက်ခုနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်အတည်ပြုခဲ့သည့် နည်းဥပဒေ နှစ်ခုတို့ကို အတည်ပြုပြဋ္ဌာန်းထုတ်ပြန်ပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါ ဥပဒေနှင့်နည်းဥပဒေများမှာ ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေရသုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ၊ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ရေးဆိုင်ရာဥပဒေ၊ လျှပ်စစ်နည်းဥပဒေများနှင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုပြီးဖြစ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကိုလည်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန် ပေးပို့ထားပါကြောင်း၊ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများအလိုက် တာဝန်ခံဆောင်ရွက်ရမည့် ကျင့်သုံးဆဲဥပဒေများစာရင်း၊ ပထမအကြိမ် သက်တမ်းကာလအတွင်း ထုတ်ပြန်ပြဋ္ဌာန်းပြီးဖြစ်သည့် ဥပဒေများအနက်မှ နည်းဥပဒေထုတ်ပြန်ရန်ကျန်ရှိသည့် ဥပဒေများစာရင်း၊ တရားဥပဒေစိုးမိုးရေး Rule of Law ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဦးစားပေးပြဋ္ဌာန်းသင့်သည့် ဥပဒေများစာရင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ ရှင်းလင်းတင်ပြချက်များကိုလည်း လွှတ်တော်၌ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း မှာကြားသည်။



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့ပြင် ဒုတိယပုံမှန်အစည်းအဝေးကာလတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံကို ထောက်ခံကြိုဆိုကြောင်းနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ကြေညာချက် အမှတ် ၃/၂၀၁၆ ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်နှင့် ထုတ်ပြန်ပေးနိုင်ခဲ့ပြီး အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့်အညီ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဖွဲ့စည်းခြင်းကိုလည်း လွှတ်တော်၌ အတည်ပြုပေးနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူရန် လိုအပ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံဆောင်ရွက်ရသည့် ပြည်တွင်းပြည်ပ ချေးငွေများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့်ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီတို့နှင့် သက်ဆိုင်သည့် ကိစ္စသုံးခုကိုလည်း ဆွေးနွေးအတည်ပြုပေးနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန် လိုအပ်သည့် အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် စပ်လျဉ်း၍ အာဆီယံ-အိန္ဒိယဗဟိုဌာန တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာတွင် ပါဝင်လက်မှတ်ရေးထိုးရန် ကိစ္စရပ်အပါအဝင် ခုနစ်ခုအတွက် ပါဝင်ဆွေးနွေးကြပြီး လွှတ်တော်၏သဘောတူညီချက် ရယူဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လွှတ်တော်ဆိုင်ရာလုပ်ငန်းများဖြစ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု နှစ်ပတ်လည်အစီရင်ခံစာနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရသုံးဆိုင်ရာနှစ်ပတ်လည် အစီရင်ခံစာများအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာများကို ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်း ထူးခြားဆောင်ရွက်မှုတစ်ခုအနေဖြင့် တင်ပြရလျှင် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို ၂၀၁၆ ခုနှစ်စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော်က တာဝန်ယူ၍ အိမ်ရှင်အဖြစ် နေပြည်တော်၌ အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပါကြောင်း၊ (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ ကျင်းပရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အကြီးအမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးအပါအဝင် ဌာနအဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများအားလုံးကိုလည်း အသိအမှတ်ပြုကျေးဇူးတင်ရှိသည်ကို ပြောကြားလိုပါကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြောကြားသည်။

ထို့အတူ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့အစည်းများ ဖွဲ့စည်းရန် လွှတ်တော်ကိုယ်စားလှယ်များထံ တိုင်ကြားစာများ ထုတ်ပြန်ခဲ့သော်လည်း မြို့နယ်ပေါင်း ၃၃၈ မြို့နယ်သာ တင်ပြပြီး ၁၇ မြို့နယ် တင်ပြရန် ကျန်ရှိနေသည်ကို သိရှိရပါကြောင်း၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များအနေဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်နှင့် ရန်ပုံငွေသုံးစွဲခွင့်များကို အဆိုပြုချက်ပုံစံသစ်ဖြင့် ၂၇၈ မြို့နယ်က တင်ပြထားသည့်အတွက် ခွင့်ပြုမိန့်ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် မြို့နယ် ၄၇ မြို့နယ်ကိုလည်း အဆိုပြုချက်ပုံစံသစ်များပေးပို့ရန် နှိုးဆော်ထုတ်ပြန်ထားပါကြောင်း၊ ထို့ကြောင့် ခွင့်ပြုမိန့်ထုတ်ပြန်သည့် မြို့နယ်များအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းနှင့်တာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာအုပ်စုအလိုက်ပြည်သူလူထု ကိုယ်စားပြုအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပြီးထုတ်ပြန်ထားသည့် ဥပဒေလုပ်ထုံးများနှင့်အညီ လုပ်ငန်းများဆောင်ရွက်ကြရန်နှင့် ကျန်ရှိသည့်မြို့နယ်များအနေဖြင့်လည်း ဆောလျင်စွာတင်ပြဆောင်ရွက်သွားကြရန် အသိပေးပြောကြားလိုပါကြောင်း။

ပြန်လည်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး အပါအဝင် နိုင်ငံတော်နှင့်ပြည်သူများ၏ လူမှုအကျိုးစီးပွားကိုအထောက်အကူပြုစေမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုချက်နှင့် အခြားလွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရဦးမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက မှာကြားခဲ့သည်။

ယနေ့ကျင်းပသည့်ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဥပဒေကြမ်းတစ်ခုကို မှတ်တမ်းတင်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များ၊ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် တာဝန်ပေးအပ်ခြင်းတို့ကို မှတ်တမ်းတင်ကြပြီး အဆိုတစ်ခုတင်သွင်းခြင်းနှင့် အာဆီယံပဋိညာဉ်စာတမ်း နောက်ဆက်တွဲစာချုပ်သို့ မြန်မာနိုင်ငံ အတည်ပြုဝင်ရောက်ရေး ကိစ္စရပ်ကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

---

**❒ စာမျက်နှာ ၅ မှ**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ မိုင်းပန်မြို့နယ် မိုင်းပန်- နောင်လေ- မိုင်းပုတ် -ပန်ပိလမ်း ၃၆ မိုင်အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်သန်းထွန်းက အဆိုပါမြေလမ်းအား ကျောက်ချောလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်အတွက် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျောက်ခင်းလမ်း ငါးမိုင်ကိုဆောင်ရွက်ရန် လျာထားပါကြောင်းနှင့် ကျန်ရှိသည့် ၃၁ မိုင် ကျောက်ခင်းခြင်းအတွက် နှစ်အလိုက်အစီအမံဖြင့် ရန်ပုံငွေလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ရန်ပုံငွေခွင့်ပြုပါက ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ကြောင်းဖြေကြားသည်။

မိုင်းယောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်၏ မိုင်းယောင်း - မိုင်းယုဒေသနေ ပြည်သူလူထုများခရီးသွားလာရေးလွယ်ကူချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် နမ့်လွေချောင်းကူးတံတားဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့် ပတ်သက်၍ ဒုတိယဝန်ကြီးဗိုလ်ချုပ်သန်းထွန်းက လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်ပါ တံတားချဉ်းကပ်လမ်း ပေ ၂၀၀ ၏လက်ရှိမြေပြင်အခြေအနေမှာ မြေဖို့ခြင်းလုပ်ငန်းပြီးစီး၍ ကျောက်ခင်းခြင်းနှင့်ကတ္တရာခင်းခြင်းလုပ်ငန်းများကျန်ရှိနေသေးကြောင်းသိရှိရပြီး ၎င်းလုပ်ငန်းများအား အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်သော အထူးဒေသ (၄) မိုင်းလားအဖွဲ့က ဆက်လက်တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီးတံတားဖွင့်ပွဲကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းများပြီးစီးပါက ပြည်နယ်အစိုးရအဖွဲ့မှ ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါကြောင်းရှင်းလင်းဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်၏ ဒဂုံမြို့သစ် (တောင်ပိုင်း) နှင့် သဃ်န်းကျွန်းမြို့နယ် (သုဝဏ္ဏ) သို့ ငမိုးရိပ်ချောင်းကူးတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် သဃ်န်းကျွန်းမြို့နယ် (သုဝဏ္ဏ) သို့ ငမိုးရိပ် ချောင်းကူးတံတားတစ်စင်းတည်ဆောက်နိုင်ရန်အတွက် သင်္ဘောများ သွားလာနိုင်သည့် ချောင်းဖြစ်သောကြောင့် ရေလမ်းကင်းလွတ်အမြင့်နှင့် အကျယ်တို့ကိုလည်းကောင်း၊ တံတား၏ ချဉ်းကပ်လမ်းတည်ဆောက်နိုင်မည့် နေရာနှင့် တံတားပေါ်သို့ ဝင်ရောက်နိုင်မည့် ချဉ်းကပ်လမ်းအခြေအနေတို့ကိုလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် သဃ်န်းကျွန်းမြို့နယ် (သုဝဏ္ဏ) ဘက်ကမ်းတို့တွင် တံတားကိုဆက်သွယ်လာမည့် အဓိကလမ်းမကြီးများကို ချိတ်ဆက်နိုင်မည့် လမ်းကွန်ရက်တို့ကိုလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကွင်းဆင်းလေ့လာပြီးသည့်အခါတွင် ဖြစ်နိုင်စွမ်းရှိသည့်နေရာကိုရွေးချယ်ပြီး ပြန်လည်တင်ပြသွားမည်ဖြစ်ပါကြောင်းရှင်းလင်း ဖြေကြားသည်။

လေရှီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေး၏ လေရှီး - ထမံသီလမ်းနှင့် လေရှီး - ဆွမ္မရာလမ်းပေါ်ရှိမိုင် ၃၀ ခန့်အား လမ်းကြောင်းအသစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြထားသည့် လမ်းပိုင်းများအပါအဝင် ကျန်လိုအပ်သောလမ်းပိုင်းများကို Gradient နှိမ့်ချရန်နှင့် လမ်းအူကြောင်းပြောင်းလဲဖောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ လမ်းတိုင်းတာရေးအဖွဲ့များနှင့်အတူ ကိုယ်စားလှယ်တော်ကြီးများနှင့် ဒေသခံပြည်သူများလိုက်ပါပြီး မြေပြင်တွင် သွားရောက်၍ ကွင်းဆင်းစစ်ဆေးတိုင်းတာဆောင်ရွက်စေပြီး လိုအပ်လျက်ရှိသည့် နေရာများကို ပြန်လည်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောက်တံတားမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မျိုးထက်၏ ကျောက်တံတားမြို့နယ်အတွင်းရှိ မိလ္လာကန်များနှင့် မိလ္လာရေပိုက်များ ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြန်လည်ရှင်းလင်းဖြေကြားရာ၌ ကျောက်တံတားမြို့နယ်အတွင်းတွင် စုစုပေါင်းနောက်ဖေးလမ်းကြား ၄၇ ခု၊ မိလ္လာကန် ၂၁၉ ကန်၊ မိလ္လာလိုင်းအရှည်ပေ ၂၉၈၀၀ ခန့်ရှိရာ နှစ်စဉ်နှစ်တိုင်း လိုင်းရှင်းအနည်ဆယ်ခြင်းလုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင်လည်းဆောင်ရွက်ပြီးလုပ်ငန်းများအနက်မှ ထပ်မံပျက်စီးမှုများရှိလာပါက ထပ်မံပြုပြင်ဆောင်ရွက်လျက်ရှိပြီး ကျောက်တံတားမြို့နယ်အတွင်း ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများကို လိုအပ်သည့်နေရာများတွင် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ လူအားဖြင့် လိုင်းရှင်းအနည်ဆယ်ခြင်းလုပ်ငန်းများအပြင် ဂျပန်နိုင်ငံ အိုဆာကာမှ လှူဒါန်းသောခေတ်မီစက်များ၊ High Pressure Washing Machine ဖြင့် မိလ္လာပိုက်လိုင်းရှင်းလင်းခြင်း၊ Inspection Camera CCTV တို့ဖြင့် ပိုက်လိုင်းစစ်ဆေးခြင်းတို့ကိုလည်း အခါအားလျော်စွာ ပူးတွဲဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရန်ကုန်မြို့ Downtown ခြောက်မြို့နယ်အတွင်း ရေဆိုးသယ်ပိုက်များ (လမ်းမကြီးနှင့် နောက်ဖေးလမ်းကြားများ) အသစ်ဆောင်ရွက်နိုင်ရေးနှင့် ရေဆိုးသန့်စင်စက်ရုံတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ်လေ့လာဆန်းစစ်နိုင်ရန် ဂျပန်နိုင်ငံ ဆူမီတိုမိုကုမ္ပဏီဖြင့် MoU လက်မှတ်ရေးထိုးနိုင်ရေးကိုလည်းစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြေကြားသည်။

**(သတင်းစဉ်)**

### ❖ ဩဂုတ်လမှ

နိုင်ငံ့ဝန်ထမ်းများသာမက ပရဟိတအသင်းအဖွဲ့များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများပါ ပါဝင်ဆောင်ရွက်လျက်ရှိသည်ကိုလည်း အားတက်ဖွယ်ရာ တွေ့ရှိရပါသည်။

၂။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်၊ ကာရော်နောက်ညိုကျေးရွာ၊ ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူး (Health Assistance) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် အသက် (၃၇) နှစ်အရွယ် ဦးသန့်ဇင်ဦး(ဇာတိ-တန့်ဆည်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး)သည် ၂၀၁၆ ခုနှစ်၊ ဖွန်လဆန်းမှ စတင်၍ ပြင်းထန်ဝက်သက်ကူးစက်ရောဂါ ကျရောက်နေသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ထန်ခေါ်လန်မ နာဂကျေးရွာတွင် ယင်းရောဂါကြောင့် ရွာသူ ရွာသား ကလေးသူငယ်များ နေ့စဉ်နှင့်အမျှ သေဆုံးနေမှုကို ရပ်တန့်အောင် ထိန်းချုပ်ပြီး ရောဂါပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့ပါသည်။ ထိုသို့ သေဆုံးမှုများကို ထိန်းချုပ်နိုင်ရန်နှင့် ရောဂါပျောက်ကင်း ကင်းစင်အောင် ကုသနိုင်ရန်တို့ကို ဦးသန့်ဇင်ဦးမှာ လွယ်လင့်တကူဆောင်ရွက်နိုင်ခဲ့ခြင်း မဟုတ်ဘဲ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ကူးစက်ရောဂါ ပြင်းထန်စွာ ဖြစ်ပွားနေသဖြင့် ရွာသူ ရွာသားများ နေ့စဉ်နှင့်အမျှ သေဆုံးနေမှု၊ ရွာသူ ရွာသားများ၏ ကျန်းမာရေးအသိပညာ အားနည်းမှု၊ ဆက်သွယ်ပြောဆိုရန် ဘာသာစကားခက်ခဲမှု စသည့် ကြီးမားသော ကန့်သတ်ချက်များကို စိတ်ရှည်သည်းခံခြင်း၊ မေတ္တာ၊ စေတနာ၊ အနစ်နာနှင့် ကိုယ်ချင်းစာစိတ်ထားရှိခြင်း၊ စိတ်ဓာတ်ကြံ့ကြံ့ ခံနိုင်ခြင်း၊ မိမိအလုပ်တာဝန်အပေါ် စိတ်ရောကိုယ်ပါ မြှုပ်နှံ၍ မဆုတ်မနစ် ကြိုးစားအားထုတ် ဆောင်ရွက်ခြင်းတို့ဖြင့် ရင်ဆိုင်ကျော်လွှားခဲ့သောကြောင့် ယခုကဲ့သို့ အောင်မြင်မှု ရရှိခဲ့ခြင်း ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ကျွမ်းကျင်သူ ဆရာဝန်ကြီးများ၊ နယ်မြေခံဆရာဝန်များ၊ သူနာပြုများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များသည် ယင်းထန်ခေါ်လန်မ နာဂကျေးရွာသို့ ကနဦး သွားရောက်စစ်ဆေးစဉ် ရောဂါအမည်သိရှိရန် သွေးနမူနာများ ဓာတ်ခွဲစမ်းသပ်မှုကို ချက်ချင်းဆောင်ရွက်ပေးနိုင်မှု မရှိသဖြင့် ရောဂါလက္ခဏာများအရ ပြင်းထန်ဝက်သက် ကူးစက်ရောဂါ ဖြစ်နိုင်သည်ဟု ကောက်ချက်ချကာ ယင်းရောဂါကို ထိန်းချုပ်ကုသရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ မိမိပခုံးပေါ်သို့ ကျရောက်လာသော တာဝန်အရ ထမ်းရွက်ရခြင်းဖြစ်သော်လည်း ဦးသန့်ဇင်ဦးသည် နေ့စဉ်ရက်ဆက် သေဆုံးမှုများရှိနေသည့် ရောဂါကူးစက်ကျရောက်မှု အပြင်းထန်ဆုံး အခြေအနေကို အခက်အခဲမျိုးစုံကြားမှ မိမိတတ်ကျွမ်းသည့် ပညာရပ်အပေါ် ယုံကြည်မှု ခိုင်မာစွာဖြင့် မဆုတ်မနစ် ဦးလည်မသုန်ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။

၄။ သို့ဖြစ်၍ ယခုနှစ် ဩဂုတ်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ဦးသန့်ဇင်ဦးအား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၅။ နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း မိမိနိုင်ငံ တည်ဆောက်ရေးအတွက် မိမိတို့ သက်ဆိုင်ရာ နယ်ပယ်အသီးသီး၌ ကြိုးပမ်းဆောင်ရွက်ကြရာတွင် ဦးသန့်ဇင်ဦး နည်းတူ မိမိကိုယ်မိမိ ယုံကြည်မှုထားပြီး စေတနာ၊ မေတ္တာနှင့် ကိုယ်ချင်းစာတရားတို့ဖြင့် မဆုတ်မနစ် ကြိုးပမ်းကာ နိုင်ငံသားစိတ်ဓာတ်ကို အရင်းခံလျက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်**

### ❍ စက်တင်ဘာလမှ

အခြေခံ၍ နိုးနိုးကြားကြား ကြိုးစားဆောင်ရွက်ကြမှသာလျှင် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိမည်ဟုလည်း ယုံကြည်ပါသည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်တွင် နေထိုင်ပြီး အငှားယာဉ် တက္ကစီမောင်းနှင်၍ အသက်မွေးဝမ်းကျောင်းလျက်ရှိသူ ဦးသန်းထိုက်ကျော်သည် ယင်းမောင်းနှင်သည့် တက္ကစီယာဉ်ပေါ်တွင် ခရီးသည်များ မေ့လျော့ကျန်ရှိခဲ့သော ကျပ်သိန်း တစ်ထောင်ခန့်တန်ဖိုးရှိ ကျောက်မျက်ရတနာများကို ပိုင်ရှင်ဖြစ်သူထံ အမြန်ဆက်သွယ်၍ ပြန်လည်ပေးအပ်ခဲ့ပါသည်။ ပြည့်စုံကုံလုံသည့် မိသားစုမဟုတ်သော်လည်း တန်ဖိုးကြီးမားလှသည့်ပစ္စည်းများ လက်ဝယ်တွေ့ရှိရာတွင် မိမိမိသားစု အကျိုးစီးပွားဖြစ်ရေးကို စိုးစဉ်းမျှ မစဉ်းစားဘဲ အခြေခံကိုယ်ကျင့်သီလ လုံခြုံစွာဖြင့် ကိုယ်ချင်းစာတရား အပြည့်အဝထားကာ ဖြူစင်ရိုးသားမှု အရင်းခံလျက် ထိုသို့ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းဖြူစင်ရိုးသားမှု၏လက်ငင်းရလဒ်အဖြစ် ပစ္စည်းပိုင်ရှင်မှ ဦးသန်းထိုက်ကျော်အား မော်တော်ယာဉ်ငယ်တစ်စီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်းလည်း သိရှိရပါသည်။

၄။ ဦးသန်းထိုက်ကျော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ကိုယ်ကျင့်သီလနှင့်ပတ်သက်၍ အံ့သြဖွယ်ရာ လေးစားဖွယ်ရာ ဂုဏ်ယူဖွယ်ရာ အတုယူဖွယ်ရာအဖြစ် မှတ်တမ်းတင်ထိုက်သည့် လုပ်ဆောင်ချက်ဖြစ်ပါသည်။ ထို့အပြင် သမ္မာအာဇီဝကျကျ အသက်မွေးဝမ်းကျောင်းလျက် ရိုးသားစွာ ရပ်တည်ခြင်းသည် နိုင်ငံအကျိုးစီးပွားကာကွယ်ရေး၏ အခြေခံကျသောပြယုဂ်တစ်ခုအဖြစ်လည်း မှတ်ယူထိုက်ပါသည်။

၅။ သို့ဖြစ်၍ ယခုနှစ် စက်တင်ဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ဦးသန်းထိုက်ကျော်အား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၆။ နိုင်ငံသူ နိုင်ငံသားများ အနေဖြင့်လည်း ဦးသန်းထိုက်ကျော် ကဲ့သို့ပင် ဖြူစင်ရိုးသားစွာ ကြိုးစားခြင်းဖြင့် နိုင်ငံတော်၏အခြေခံအုတ်မြစ်များ ခိုင်မာအောင်တည်ဆောက်ရေးတွင် နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

## စာပေဗိမာန်ကကြီးမှူး၍ ကလေးပုံပြောပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၇**

စာပေဗိမာန်ကကြီးမှူး၍ အောက်တိုဘာ ၂၀၊၂၁ ရက်တို့တွင် ကလေးစာကြည့်တိုက်၌ ပုံပြောပြိုင်ပွဲကျင်းပမည်ဖြစ်ရာ စာပေဗိမာန်ကလေးစာကြည့်တိုက် အသင်းဝင်ကလေးများ (၉ နှစ်၊၁၀ နှစ်)သည် နှစ်သက်ရာ ပုံပြင်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြိုင်ပွဲဝင်ပုံစံများကို အောက်တိုဘာ ၁၀ ရက်မှစ၍ ကလေးစာကြည့်တိုက်တွင် အခမဲ့ ထုတ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ဖုန်း-၀၁-၃၈၁၄၄၇၊ ၀၉-၃၁၃၄၅၉၁၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရန်ကုန်စတော့အိတ်ချိန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၇**



မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်နှင့်ရန်ကုန်စတော့အိတ်ချိန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် ကာလတို၊ ကာလလတ်၊ ကာလရှည်စီမံချက်များ၊ ရန်ကုန်စတော့အိတ်ချိန်းက ကောက်ခံသည့် အရောင်းအဝယ်အတွက် ဝန်ဆောင်ခဆိုင်ရာများ၊ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများမှ ကောက်ခံသည့်ဝန်ဆောင်ခဆိုင်ရာများ၊ On Line Trading ဆောင်ရွက်ခြင်းဖြင့် ဖြစ်ပေါ်လာမည့်သက်ရောက်မှုများ၊ စတော့ရှယ်ယာအရောင်းအဝယ်အပေါ်တွင် အခွန်ကောက်ခံမှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို လုပ်ငန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံခွင့်ဆိုင်ရာကိစ္စရပ်များ၊ ရန်ကုန်စတော့အိတ်ချိန်းတွင် လက်ရှိဖြစ်ပေါ်နေသည့် ရှယ်ယာဈေးအတက်အကျနှင့် ဈေးကွက်အခြေအနေအပေါ် သုံးသပ်ဆွေးနွေးခြင်းများကို စက်တင်ဘာ ၃၀ ရက်တွင် ရန်ကုန်စတော့အိတ်ချိန်း၌ ကျင်းပရာ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းဦးစီးသည့် ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်စတော့အိတ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများက တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အစုရှယ်ယာအရောင်းအဝယ်များ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်ကြောင်း၊ ထိုမှတစ်ဆင့် ပြည်တွင်းအရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကာလရှည်တွင် လက်ရှိ အစုရှယ်ယာဈေးကွက်မှ ငွေချေးစာချုပ်ဈေးကွက်များ၊ အခြားသော ငွေချေးသက်သေခံလက်မှတ်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အထိ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်းတွင် အများပြည်သူသို့ အစုရှယ်ယာရောင်းချသည့် စာရင်းဝင်အများပိုင်ကုမ္ပဏီများ တိုးပွားလာအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လက်ရှိတွင် ငွေချေးစာချုပ်ဈေးကွက်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က Auction စနစ်ဖြင့် အကောင်အထည်ဖော်နေပြီဖြစ်ရာ ငွေချေးစာချုပ်ရောင်းဝယ်သည့် ဈေးကွက်ကိုလည်း တိုးတက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်းအနေဖြင့် ဒေသတွင်းလာအို၊ ကမ္ဘောဒီးယားနိုင်ငံအိတ်ချိန်းများနှင့် နှိုင်းယှဉ်ပါက အလားအလာကောင်းများ ပိုမိုပါကြောင်း၊ လိုအပ်သည့် ဥပဒေပိုင်းဆိုင်ရာဖြေလျှော့မှုများ၊ အခွန်ဆိုင်ရာမက်လုံးပေးဖြေလျှော့မှုများကို သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို ဒုတိယဝန်ကြီးက ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်တွင် မူဝါဒအကြံပေးအဖြစ် လာရောက်တာဝန်ထမ်းဆောင်သည့် ဂျပန်နိုင်ငံ Financial Service Agency မှ အကြံပေး Mr.Akira KURITA ကလည်း ရန်ကုန်စတော့အိတ်ချိန်း၏ အရောင်းအဝယ်အခြေအနေများအပေါ် သုံးသပ်ချက်၊ ရေတိုရေရှည် ဆောင်ရွက်သင့်သည့် အစီအမံများ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများအနေဖြင့် ဆောင်ရွက်သင့်သည့် အချက်များကို အကြံပြုပြောကြားသည်။

ရန်ကုန်စတော့အိတ်ချိန်းမှ တာဝန်ရှိသူများက လက်ရှိအရောင်းအဝယ်အနေအထားအရ စာရင်းဝင်ကုမ္ပဏီများအနေဖြင့် ကနဦးအစုရှယ်ယာရောင်းချမှုများကိုလည်း လုပ်ဆောင်သင့်ကြောင်း၊ အစုရှယ်ယာရည်ညွှန်းဈေးနှုန်း သတ်မှတ်မှုအပေါ် သေချာစိစစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းမဝင်မီ လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

တက်ရောက်လာသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံသူများ ပိုမိုပါဝင်နိုင်စေရန် အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူများ Institutional Investors ပေါ်ထွန်းလာစေရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား ခွင့်ပြုရေး၊ စာရင်းဝင်ကုမ္ပဏီများအနေဖြင့် အနည်းဆုံးရာခိုင်နှုန်း သတ်မှတ်၍ အစုရှယ်ယာထုတ်ရောင်းရန် တွန်းအားပေးရေး၊ စာရင်းဝင်ကုမ္ပဏီများ အဟန့်အတားဖြစ်နေသည့် အခွန်ဆိုင်ရာကိစ္စရပ်များ ဖြေလျှော့နိုင်ရေး၊ မျှတသည့် ဈေးကွက်စနစ်ဖြင့် ဆောင်ရွက်ခွင့်ရရှိရေး၊ On Line Trading ခွင့်ပြုရေးစသည်တို့ကို ဈေးကွက်ဖွံ့ဖြိုးရေးအတွက် အကြံပြုဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက အများပြည်သူသို့ အစုရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်းနှင့်အတူ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီဖြစ်ရေးကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် ရန်ကုန်စတော့အိတ်ချိန်းအနေဖြင့်လည်း အရောင်းအဝယ်လက်ခံပြုလုပ်ပေးသည့်စနစ်ကို ကောင်းသထက်ကောင်းအောင် ကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ မိမိတို့ဆောင်ရွက်ချက်များအား သတင်းမီဒီယာများတွင် အချိန်နှင့်တစ်ပြေးညီ ထည့်ပေးရန်ဖြစ်ကြောင်း၊ ငွေချေးသက်သေခံလက်မှတ်ဈေးကွက်နှင့် ပတ်သက်၍ အသိပညာပေးခြင်းများကိုလည်း အရှိန်မြှင့်၍ဆောင်ရွက်ပေးရန်ဖြစ်ကြောင်းတို့ကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွမ်းယာ၊ ဆေးလိပ်၊ အရက်၊ ဘီယာ သုံးစွဲခြင်း၏ ဆိုးကျိုးများကို ကျောင်းသား လူငယ်များ အချင်းချင်းမျှဝေပါ

**✻ ဒုတိယသမ္မတမှ**
ပြသထားသည့်အတွက် e-Government အကောင်အထည်ဖော်ဆောင်ရာတွင် လိုအပ်သည့် နည်းပညာများ၊ ဗဟုသုတများရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် e-Government Field တွင် လက်တွေ့ပါဝင်လုပ်ကိုင်နေကြသည့် ဝန်ကြီးဌာနများက CIO များ အချင်းချင်း အတွေ့အကြုံများ ဖလှယ်နိုင်ပြီး Idea အသစ်များနှင့် Solution အသစ်များကို လေ့လာသိရှိနိုင်မည့် ပွဲတစ်ပွဲဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်အနေဖြင့် ICT ဆိုင်ရာဥပဒေများနှင့် မူဝါဒရေးဆွဲရာတွင် အကြံပေးဆောင်ရွက်ခြင်း၊ e-Government ဖြစ်ထွန်းအောင်မြင်စေရေးအတွက် အစိုးရဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များအား အကြံပေးခြင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကွန်ပျူတာပညာ တိုးတက်ပြန့်ပွားစေရေးအတွက် ICT ဆိုင်ရာပြပွဲ၊ ပြိုင်ပွဲများ ကျင်းပခြင်း၊ ITPEC ဟုခေါ်သည့် နိုင်ငံ ရှစ်နိုင်ငံ အသိအမှတ်ပြု IT နည်းပညာဆိုင်ရာစာမေးပွဲများ ကျင်းပပေးခြင်း၊ ကျေးလက်နေပြည်သူများ ICT ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိသုံးစွဲခွင့် ရရှိလာစေရေးအတွက် e-Village စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ICT Park များ ဖြစ်ပေါ်လာစေရန်ဆောင်ရွက်ခြင်းနှင့် e-Government အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့် ကွန်ပျူတာသုံး မြန်မာစာ Unicode စံစနစ်ကို မြန်မာစာအဖွဲ့မှ ပညာရှင်များ၊ IT ပညာရှင်များနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ ပူးပေါင်းကျင်းပသည့် 'e-Government Conference and ICT Exhibition Nay Pyi Taw 2016' ဖွင့်ပွဲ အခမ်းအနားသည် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ(၁၂)ချက်အနက် (၁)ချက်ဖြစ်သော Digital Government Strategy နှင့် e-Government စနစ်များ ထူထောင်ရန်ဆိုသည့်အချက်အား အကောင်အထည်ဖော်ဆောင်မှုကို အရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် ကြိုးပမ်းသည့်နေရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း။

အစိုးရနှင့်ပြည်သူတွေကြား ဆက်သွယ်ဆောင်ရွက်မှုနည်းလမ်းများ၊ အစိုးရဌာနအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများကို လွယ်ကူလျင်မြန်လာစေရန်၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားကို သတင်းအချက်အလက် နည်းပညာအသုံးပြု၍ ပြောင်းလဲဆန်းသစ်ရန်နှင့် အနာဂတ်တွင်တိုးတက်မှုရရှိရန် မျှော်မှန်းပြီး ယခုပြပွဲအား ပြုလုပ်ခြင်းဖြစ်ကြောင်း။

မြို့ကြီးများနှင့် ကျေးလက်ဒေသများတွင် ကွာဟနေသည့် Digital Divide ကို လျှော့ချနိုင်ရန် သက်သာသည့်ဈေးနှုန်းနှင့် အင်တာနက်သုံးစွဲခွင့် ရရှိနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြည်တွင်းအင်တာနက် အော်ပရေတာများ၊ Alliance for Affortable Internet (A4AI)ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ဝေးလံခေါင်ဖျားဒေသများအထိ တယ်လီဖုန်းဆက်သွယ်မှုများ ရရှိနိုင်ရန် ဆက်လက်ကြိုးပမ်းသွားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ e-Government လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်တွင် e-Government Department ကိုလည်း ဖွဲ့စည်းထားခဲ့ပြီး ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးတွင် Government Sector က အနည်းဆုံး သုံးပုံတစ်ပုံ ပါဝင်နေပါကြောင်း၊ အစိုးရဌာနများ၏ ဝန်ဆောင်မှုများကို Digital ဝန်ဆောင်မှုများအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ ဝန်ဆောင်မှုရရှိနိုင်ရန် ပြည်သူများမှ အလွယ်တကူ ဆောင်ရွက်နိုင်ခြင်းဖြင့် အစိုးရနှင့်ဆက်သွယ်ဆောင်ရွက်သည့်ကိစ္စများတွင် အချိန်ကုန် သက်သာရုံမက နိုင်ငံတစ်နိုင်ငံလုံး၏ စီးပွားရေးတစ်ခုလုံး ထိရောက်လျင်မြန် တိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနအသီးသီးမှ CIO များ၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ Sponsor Company များမှ တာဝန်ရှိသူများ၊ Exhibitor များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ အတွင်း ပြသထားသည့် ICT ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာ အားပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ICT နှင့်ပတ်သက်သည့် စာတမ်းများကို ပညာရှင်များက ဖတ်ကြားတင်သွင်း အမြင်ခြင်းဖလှယ်ခဲ့ကြသည်။

Myanmar e-Government ဆွေးနွေးပွဲနှင့် ICT ပြပွဲကို နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ပြီး စာတမ်းများဖတ်ကြားတင်သွင်းခြင်း၊ ပညာရှင်များနှီးနှောဖလှယ်ခြင်း၊ ပြည်တွင်း ပြည်ပမှ နည်းပညာများ၊ နိုင်ငံတကာမှ e-Government ဆိုင်ရာအတွေ့အကြုံကို ဆွေးနွေးဖလှယ်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်သည်။ ICT ပြပွဲတွင်လည်း ပြည်တွင်းပြည်ပ ကုမ္ပဏီ ၃၆ ခုမှ e-Government နှင့်ဆိုင်သည့် Solution များ၊ Product များနှင့် နည်းပညာများကို ပြသသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# e-Government စနစ်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ပူးပေါင်းပါဝင်မှု အောင်မြင်မည်

**နေပြည်တော် အောက်တိုဘာ ၇**
မြန်မာနိုင်ငံ၏ e-Government Awareness ကို မြှင့်တင်ရန်၊ e-Government အကောင်အထည်ဖော်နေမှုများကို တွန်းအားပေးနိုင်ရန်၊ အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများမှ ကျင်းပပြုလုပ်သော e-Government Conference & ICT Exhibition 2016 ဆွေးနွေးပွဲနှင့် ပြပွဲကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(၂)၌ အောက်တိုဘာ ၇ ရက် နံနက်ပိုင်းကစတင်ကျင်းပခဲ့သည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ (အိုင်စီတီ)ကဏ္ဍသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်စေရေးတို့အတွက် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်တစ်လျှောက်တွင် အချိန်တိုတိုနှင့် အကျိုးရလဒ်များသည့် စွမ်းဆောင်ရည်မြင့်မားသော နည်းပညာအခြေပြုဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် များစွာကျေနပ်အားရမိကြောင်း၊ ယခုကျင်းပပြုလုပ်သည့် e-Government Conference & ICT Exhibition 2016 ဆွေးနွေးပွဲနှင့် ပြပွဲသည် အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် နည်းပညာကိုလေ့လာလိုက်စားသူများအတွက် နောက်ဆုံးပေါ်နည်းပညာရပ်များကို တစ်နေရာတည်းတွင် ရရှိနိုင်သဖြင့် အလွန်အကျိုးရှိသောလုပ်ဆောင်မှုတစ်ရပ်ဖြစ်ကြောင်း၊ ယင်းသို့ e-Government Conference & ICT Exhibition 2016 ပြုလုပ်နိုင်ခြင်းကြောင့် e-Government စနစ်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မှတ်ချက်ပြုခဲ့သည်။

ထို့အတူပင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦးက e-Government Conference & ICT Exhibition 2016 ပြုလုပ်ခြင်းက e-Government စနစ်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး အထောက်အကူပြုစေမှာဖြစ်ကြောင်း၊ ယင်းဆွေးနွေးပွဲနှင့် ပြပွဲမှတစ်ဆင့် မိမိတို့ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ ကွန်ပျူတာအသင်းများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် တကွ အိုင်စီတီကဏ္ဍတစ်ခုလုံးသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုစနစ်အသစ်များ အစဉ်အမြဲ ဆက်လက်တိုးတက် ကောင်းမွန်အောင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် တစ်တပ်တစ်အားပါဝင်ထောက်ပံ့ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

အဆိုပါပြပွဲတွင် ပြည်တွင်း ပြည်ပ ကုမ္ပဏီ ၃၆ ခုက ပြခန်းပေါင်း ၈၈ ခုတွင် e-Government နှင့်သက်ဆိုင်သည့် Solution များ၊ ထုတ်ကုန်များနှင့် နည်းပညာများကို ပြသထားကြသည်။


ချောခင်ခင်


Mr. Zhang Liman


ညီထွေး

ပြပွဲဖြစ်မြောက်ရေးအတွက် ကူညီလုပ်ဆောင်ခဲ့သူ မချောခင်ခင်(မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် တွဲဖက်အတွင်းရေးမှူး၊ MCC Group မှ Group CEO)က "မြန်မာနိုင်ငံအနေနဲ့ e-Government ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အခြေခံအဆောက်အအုံတွေ လိုအပ်ပါတယ်။ e-Government လို့ ပြောခဲ့တာတွေကလည်း နှစ်တွေလည်း တော်တော်ကြာလာပါပြီ။ မြန်မာနိုင်ငံအနေနဲ့ e-Government ကို သုညကနေစလုပ်ခဲ့တာတော့ မဟုတ်ပါဘူး။ လုပ်နေတဲ့သူတွေလည်းရှိပါတယ်။ ဝန်ဆောင်မှုတွေလည်းရှိပါတယ်။ အဆင်သင့်ဖြစ်နေတဲ့ နိုင်ငံတွေနဲ့ယှဉ်ကြည့်မယ်ဆိုရင်တော့ မြန်မာနိုင်ငံအနေနဲ့ အာဆီယံနိုင်ငံတွေထဲမှာ အောက်ဆုံးကိုရောက်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မလုပ်လို့မဟုတ်ပါဘူး။ ကျွန်မတို့နည်းတူပဲ အာဆီယံနိုင်ငံတွေမှာလည်း အရှိန်အဟုန်နဲ့လုပ်ကြတာပါပဲ။ ကျွန်မတို့မှာက အမြဲတမ်းအခြေခံအဆောက်အအုံတွေအားနည်းချက်ရှိခဲ့တယ်။ အခြေခံအဆောက်အအုံအနေနဲ့ စက်ပစ္စည်းပိုင်းကတော့ ငွေနဲ့ဝယ်ယူလို့ရတယ်။ နောက်တစ်ခုက ကွန်ရက်ချိတ်ဆက်မှု။ ကွန်ရက်ချိတ်ဆက်မှုဆိုတာက ဘာနဲ့သွားညီလဲဆိုတော့ ဒီနေ့ပြုလုပ်တဲ့ပွဲမှာ ရည်ရွယ်ချက်နှစ်ခုရှိတယ်။ အစိုးရရဲ့ ဝန်ဆောင်မှုဆိုတာက ပြည်သူကိုဗဟိုပြုရမယ်။ ပြည်သူကိုဝန်ဆောင်မှုပေးတဲ့အခါမှာ ဌာနတွေမှာဘာတွေလိုသလဲဆိုတော့ ဝန်ဆောင်မှုပေးရမယ့်သူရယ်၊ Capacity အရည်အသွေးရယ်လိုပါတယ်။ ဒါတွေဟာဆိုရင်လည်း အခြေခံအဆောက်အအုံတွေပါပဲ။

ဒီနေ့ပွဲလုပ်တယ်ဆိုတာက ပြီးခဲ့တဲ့လက ပြည်သူ့လွှတ်တော်မှာ အဆိုတင်သွင်းတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကလည်း ထောက်ခံတယ်။ ပြည်သူတင်မြှောက်ထားတဲ့အစိုးရအနေနဲ့လည်း e-Government ကို အရှိန်အဟုန်နဲ့ဆောင်ရွက်မယ်ဆိုတာကို ထောက်ခံသလိုဖြစ်သွားတယ်။ ကျွန်မတို့ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်အနေနဲ့လည်း အရမ်းကျေးဇူးတင်တယ်။ အဲဒီအတွက်ကြောင့်လည်း အခုလိုနေပြည်တော်မှာ လာရောက်ပြီး ဆွေးနွေးပွဲ၊ ပြပွဲတွေပြုလုပ်တာဖြစ်ပါတယ်" ဟု e-Government နှင့်ပတ်သက်၍ ရှင်းပြသည်။

"ကျွန်မရဲ့ အတွေ့အကြုံအရပြောရမယ်ဆိုရင် အိုင်စီတီကိုဗဟိုပြုလိုက်မယ်ဆိုရင် Clean Government၊ Good Governance ဖြစ်လာမှာပါ။ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာကို ဗဟိုပြုပြီး နိုင်ငံတော်ရဲ့လုပ်ငန်းစဉ်တွေကို ဆောင်ရွက်တဲ့အခါမှာ e-Government ဆိုတဲ့အဓိကအခြေခံယန္တရားကြီးကို ဗဟိုပြုပြီးဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ အရှိန်အဟုန်ပိုမြင့်လာမယ်။ ပြည်သူတွေကိုဝန်ဆောင်မှုပေးတဲ့အခါမှာ ပြည်သူနဲ့ နိုင်ငံတော်အစိုးရ ပိုပြီးနီးစပ်သွားမယ်။ ဘာကြောင့်လဲဆိုရင် Mobile နဲ့သွားတာဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတစ်ဦးချင်းစီနဲ့ နီးစပ်သွားမယ်။ လုပ်ငန်းတိုင်းကိုလည်း ထိတွေ့ခွင့်ရမယ်။ နောက်တစ်ခုက ဖက်ဒရယ်ပြည်ထောင်စုဖြစ်လို့ နိုင်ငံတော်အစိုးရနဲ့ တိုင်းဒေသကြီး/ပြည်နယ် အစိုးရ၊ ဝန်ကြီးဌာနတွေချိတ်ဆက်နေတဲ့အတွက် အုပ်ချုပ်ရေးယန္တရားကြီးတစ်ခုလုံး နည်းပညာကိုအခြေခံပြီးတော့ တည်ဆောက်တဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ e-Government လုပ်ငန်းအနေနဲ့က တောက်လျှောက်ဆောင်ရွက်ရမှာဖြစ်ပါတယ်" ဟု မချောခင်ခင်က ဆက်လက်ရှင်းပြသည်။

ပြပွဲတွင်လာရောက်ပြသမှုနှင့်ပတ်သက်၍ Huawei Technologies Co.,Ltd. မှ CEO ဖြစ်သူ Mr. Zhang Liman အား မေးမြန်းကြည့်ရာ "အခုလောလောဆယ်အနေနဲ့ မြန်မာနိုင်ငံမှာ ဒီ e-Government Project ကို အကောင်အထည်ဖော်နေတာတွေ့ရှိခဲ့တယ်။ ပြီးတော့ မြန်မာနိုင်ငံအနေနဲ့လည်း e-Government ကို အကောင်အထည်ဖော်ဖို့ အမှန်တကယ် လိုအပ်နေတယ်လို့မြင်ပါတယ်။ အရမ်းလည်းအရေးကြီးတဲ့ လုပ်ငန်းတစ်ခုဖြစ်နေလို့ပါ။ အခုက ကျွန်တော်တို့အနေနဲ့ အစိုးရရုံးတစ်ခုခုမှာ ကိစ္စလေးရှိလို့သွားလုပ်တယ်ဆိုလို့ရှိရင် ဘာတွေ့ရလဲဆိုတော့ ဌာနဆိုင်ရာရုံးတွေမှာ လက်ရေးနဲ့အလုပ်လုပ်နေကြတာကို တွေ့ရှိခဲ့ရပါတယ်။ အခုလို အိုင်တီနဲ့ပတ်သက်လို့ ကျင့်သုံးတာတွေ သိပ်မတွေ့ရပါဘူး။ ဒါကြောင့် အလုပ်လုပ်တဲ့နေရာမှာ သိပ်ပြီးတော့ တွင်တွင်ကျယ်ကျယ်မလုပ်နိုင်သေးပါဘူး။ အဲလိုဖြစ်နေတဲ့အတွက် မြန်မာနိုင်ငံမှာ e-Government စနစ် အကောင်အထည်ပေါ်သွားမယ်ဆိုရင် နိုင်ငံအတွက် အလွန်အကျိုးရှိမှာပါ။ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့လည်း e-Government နဲ့ဆက်စပ်တဲ့နည်းပညာတွေ၊ Solution တွေကို လာရောက်ပြသခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့လည်း မြန်မာနိုင်ငံမှာ e-Government စနစ်ကိုအကောင်အထည်ဖော်ဖို့ လုပ်နေတာကို ထောက်ခံပါတယ်။ ဒီစနစ်ကိုလုပ်တော့မယ်ဆိုရင် အတိအကျ Plan ရှိဖို့လိုပြီး သင့်တော်တဲ့ဘတ်ဂျက်ရှိဖို့လိုတယ်။ နောက်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေဖွဲ့စည်းပေးဖို့လည်းလိုပါတယ်လို့ အကြံပြုချင်ပါတယ်" ဟု e-Government နှင့်ပတ်သက်၍ ၎င်း၏အမြင်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

Myanmar World Distribution Co.,Ltd. မှ Technical Account Manager ကိုညီထွေးက "မြန်မာနိုင်ငံအနေနဲ့ e-Government ကို တွင်တွင်ကျယ်ကျယ်လုပ်မယ်ဆိုရင်တော့ အောင်မြင်မယ်လို့ထင်ပါတယ်။ ဘာကြောင့်လဲဆိုရင် နိုင်ငံတကာမှာက တော်တော်ကိုအောင်မြင်နေပါပြီ။ တကယ်လို့သာ မြန်မာနိုင်ငံဟာ e-Government လုပ်ငန်းအောင်မြင်မယ်ဆိုရင် ရရှိလာမယ့်အကျိုးကျေးဇူးတွေက အများကြီးရှိပါတယ်။ e-Government တစ်ခု လုပ်တော့မယ်ဆိုလို့ရှိရင် ပထမဦးဆုံးအနေနဲ့ Network ပိုင်းတွေ အများကြီးလိုပါတယ်။ Software ပိုင်းတွေကလည်း ပိုပိုအဆင့်မြင့်လာတာဆိုတော့ ကိုယ်ကြိုက်တဲ့ဟာကိုရွေးချယ်အသုံးပြုနိုင်တယ်။ e-Government လုပ်လို့ ဘယ်သူတွေအကျိုးကျေးဇူးရရှိနိုင်လဲဆိုတာ ကျွန်တော့်အမြင်ပြောရရင် အစိုးရနဲ့ ပြည်သူတွေ အဓိကရကြမှာပါ။ e-Government ဖြစ်လာရင် One Stop Service တွေလည်း ပိုမိုများပြားလာမယ်။ ဌာနတစ်ခုကို ကိစ္စရှိလို့သွားလုပ်တဲ့အခါ ဟိုသွားဒီသွား၊ ဟိုပြေး ဒီပြေးရတာတွေလည်း ရှိတော့မှာမဟုတ်ဘူးလေ။ လုံခြုံမှုစနစ်ကလည်း ပိုပြီးအားကောင်းလာမယ်။ နောက်ပိုင်း Identify လုပ်တာတွေကအစ ပိုပြီးလွယ်ကူလာမယ်လို့ထင်ပါတယ်။ ဒါပေမယ့် တော်တော်တော့ အရှိန်ယူရဦးမယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့လည်း e-Government ဆိုင်ရာ အားသာချက်တွေပေးနိုင်ဖို့ ဒီပြပွဲမှာ လာရောက်ပြသရခြင်းဖြစ်ပါတယ်" ဟု ၎င်း၏အမြင်ကို ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ e-Government အောင်မြင်ရန်အတွက်မှာ အစိုးရကချည်းလုပ်ဆောင်ရန်တာဝန်ရှိသည် မဟုတ်ဘဲ ကွန်ပျူတာအသင်းများ၊ ကွန်ပျူတာပညာရှင်များ၊ အိုင်စီတီကုမ္ပဏီများ၊ IT Professional များ အားလုံး ပူးပေါင်းပါဝင်ကူညီမှုသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း အိုင်စီတီကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

e-Government Conference & ICT Exhibition 2016 ဆွေးနွေးပွဲနှင့် ပြပွဲကို အောက်တိုဘာ ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရပြီး e-Government ဆိုင်ရာ အတွေ့အကြုံများကို ဆွေးနွေးတင်ပြကြမည်ဖြစ်ကာ ပြခန်းများကိုလည်း ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်း-ရာမညာ၊ အေးအေးမြင့်၊ ဓာတ်ပုံ-ကိုထက်)**

# အခွန်ဝင်ငွေခန့်မှန်းမှုဆိုင်ရာနည်းလမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

**နေပြည်တော် အောက်တိုဘာ ၇**
ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ပြည်သူ့လွှတ်တော်ရှိ ကော်မတီနှစ်ခုတို့အား Renaissance Institute က အခွန်ဝင်ငွေခန့်မှန်းမှုဆိုင်ရာနည်းလမ်း (Revenue forecasting Model) နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းအစီအစဉ်ကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် (D-ဆောင်) ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပူးပေါင်းကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ဥက္ကဋ္ဌများ၊ ကော်မတီဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

❖



☆ **ဒီဇိုင်နာများမှ**
ကျွန်တော်တို့ဒီမှာတော့ Sponsors ရှာရတာနဲ့ ပံ့ပိုးပေးမှုတွေအတွက်က အခက်အခဲလေးတွေ ရှိသေးတော့ တစ်ကြိမ်လောက်ပဲ ကျင်းပနိုင်တယ်။ အခုလည်း ပွဲက သိန်းတစ်ထောင်ကျော် ကုန်ကြတယ်။ ဒါပေမယ့်ပွဲအနေနဲ့ကြည့်ရင် အောင်မြင်တယ်လို့ ပြောလို့ ရပါတယ်။ ဒီပြပွဲကြီးကို ဖက်ရှင်ကို ချစ်မြတ်နိုးတဲ့ ပြည်သူတွေအခမဲ့ လာရောက်ကြည့်ရှုနိုင်အောင် စီစဉ်ထားတာပါ။

**ချောချော( Chaw Chaw Silk and Luxury Fashion)**
ဒီပြပွဲကြီးရဲ့အဖွင့်ပြပွဲအဖြစ် ကျွန်မတို့ မော်ဒယ် ၃၅ ယောက် ဝတ်စုံ ၃၅ စုံနဲ့ ပြသခဲ့တယ်။ ဇာလေးတွေနဲ့ ပေါ့ပေါ့ပါးပါး ဖန်တီးထားတဲ့ မြန်မာဝတ်စုံအပါးလေးတွေရယ်၊ ညနေခင်းပွဲတက်ဝတ်စုံတွေရယ်၊ ပြီးတော့ ကျွန်မကိုယ်ပိုင်ဖြစ်တဲ့ လွန်းရာကျော်ချိတ်တွေနဲ့ ဖန်တီးထားတဲ့ မြန်မာဝတ်စုံတွေ ပါတယ်။ အဲဒီမှာ ချောချောကို စသိခဲ့တဲ့ချိတ်လိုင်းအကြီးတွေပါမယ်။ ချိတ်လိုင်းအသေးတွေပါမယ်။ ဆန့်ကျင်ဘက် ကာလာလေးတွေပါမယ်။ ညနေခင်းဝတ်စုံဆိုလည်း ဆန်းသစ်နေအောင် ပရိသတ်ကြီး နှစ်သက်အောင် ဖန်တီးပြသခဲ့တာပါ။

**ကိုကျော်မျိုး (Royal Style and Fashion ) စင်ကာပူ**
ဒီနေ့ အစ်ကိုက ပြပွဲမှာ မင်္ဂလာဆောင် ဝတ်စုံလေးမျိုး ရွေးချယ်ပြသခဲ့တာပါ။ ခရင်မ် ကာလာသုံးပြီး ဖန်တီးထားတဲ့ ဝတ်စုံတွေရယ်၊ သစ်တော်သီးရောင်ကာလာကို နှင်းဆီပွင့် အရောင်လေးတွေ စပ်ထားတဲ့ဝတ်စုံတွေနဲ့ ကြက်သွေးရောင်သီးသန့်သုံးထားတဲ့ ဝတ်စုံတွေ၊ ပြီးတော့ အဝါရောင်နဲ့ အနက်ရောင် စပ်ထားတဲ့ဝတ်စုံတွေပါ။

ခရင်မ်ကာလာလေးတွေနဲ့ ဝတ်စုံတွေကို ဖန်တီးဖြစ်တာက ၂၀၁၆ရဲ့ ကာလာဖြစ်နေတာရယ်၊ သစ်တော်သီးကာလာလေးတွေနဲ့ အနီရောင်လေးတွေကို တွဲပြီး ဖန်တီးဖြစ်တာက အဲဒီအရောင်လေးတွေက နိုင်ငံတကာက ပွဲတွေတော်တော်များများမှာ တွဲသုံးတာ တော်တော်ရှားတာကို ဩစတြေးလျရဲ့ ဖက်ရှင်ဆိုက်တွေမှာ အစ်ကို တွေ့ရတယ်။ ဒါ့ကြောင့် အစ်ကိုရွေးလိုက်တာ။ အစ်ကို့ ဝတ်စုံတွေက Handmade နဲ့ လုပ်ထားတာ သိပ်မပါဘဲ မြန်မာမျက်စိနဲ့လည်း ကိုက်အောင်ပြပွဲရဲ့ အလင်းအမှောင်တွေမှာ ထင်ပေါ်နေအောင် ရိုးရိုးရှင်းရှင်းနဲ့ လှလှပပ ဖန်တီးထားတာပါ။ အစ်ကို ဒီပွဲမှာ အဓိက ဝတ်စုံအပါအဝင် ဝတ်စုံ ၂၉ စုံ ပြသခဲ့ပါတယ်။

**Agnes YY Wong ( OPHEE Fashion Group) ဟောင်ကောင်**
ဒီပြပွဲကို ကျွန်မသူငွေး OPHEE ဆီကရယ်၊ ဝက်ဘ်ဆိုက်ကနေရယ် သိလာတာပါ။ ကျွန်မတို့ ဒီဇိုင်းတွေကို အာရှမှာ ချပြသင့်ပြီလို့ ယူဆလို့ပါ။ အရင်တုန်းက ဥရောပနိုင်ငံတွေ ပဲရစ်၊ ယူအက်စ်၊ ယူရို တို့မှာ ပြပွဲတွေပြသခဲ့တာပါ။ အထူးသဖြင့် အသုံးပြုထားတဲ့ ချည်ပွင့်ပိတ်စမှာ အတွန့်အတွန့်လေးတွေ ထည့်ထားတဲ့ ဒီဇိုင်းတွေပါ။ ဒါက လျှော်ရလွယ်ကူပြီး ခြောက်သွားတဲ့အခါ မီးပူတိုက်စရာမလိုပါဘူး။ ဒီအတိုင်းလေး လိမ်ထည့်ပြီး ခရီးသွားတဲ့အခါ အလွယ်တကူ သယ်ယူသွားနိုင်ပါတယ်။ ပြီးတော့ ဘောင်းဘီတွေနဲ့ တွဲဝတ်တဲ့ ဝတ်စုံတွေလည်း ပါပါတယ်။ ကျွန်မ ဒီပြပွဲမှာ ပထမဆုံး ပါဝင်တဲ့အတွက် မြန်မာအမျိုးသမီးတွေ ဘယ်လိုပုံစံမျိုးကြိုက်တယ်ဆိုတာ မသိသေးတဲ့အတွက် သိချင်မိပါတယ်။ မြန်မာ အမျိုးသမီးတွေက တချို့က အရောင်တောက်တဲ့ ကာလာတွေကို ကြိုက်တယ်။ တချို့ကတော့ အဖြူနဲ့အနက် ကြိုက်ကြတယ်။

ဒီပြပွဲမှာတော့ ကျွန်မက အနက်ရောင်ကာလာပေါ်မှာမှ အရောင်တောက်တောက်လေးတွေကို နှစ်ထပ်အပါးပုံစံ သုံးထားတာပါ။ မိန်းမဆန်တဲ့ ပုံစံလေးတွေဘက် သွားပါတယ်။ ပထမဆုံး လာရောက်ပြသတာဖြစ်တဲ့အတွက် မြန်မာရဲ့ အရသာကိုလည်း သိချင်ပါတယ်။ ကျွန်မက အနက်ကြိုက်တဲ့အတွက် အနက်ရောင်ကာလာလေးတွေ များပေမယ့် မြန်မာပရိသတ်ကြိုက်နှစ်သက်အောင် ကာလာစုံလေး သုံးထားတာပါ။

ဖက်ရှင်ပြပွဲကြီးကို အောက်တိုဘာ ၇ ရက်မှ ၉ ရက်ထိ ညနေ ၆ နာရီမှ စတင်ကာ သုံးရက်ကြာ ပြသသွားမည် ဖြစ်သည်။ ပြပွဲ ပထမနေ့အဖြစ် ယနေ့တွင် Chaw Chaw Silk and Luxury Fashion၊ ပြင်သစ်နိုင်ငံမှ CHARLOTTE BARJOU ၊ Shwe Zarchi Batik၊ Royal Style and Fashion၊ ဟောင်ကောင်မှ OPHEE Fashion Group၊ ဒီဇိုင်နာ Ahlatt Lumyang တို့က ပြသခဲ့ကြသည်။

ဒုတိယနေ့တွင် Auspicious ( Luxury Lace and Silk)၊ BYSI၊ Bridal Concepts၊ ဒီဇိုင်နာ မင်းခန့်၊ ဒီဇိုင်နာ မျိုးမင်းစိုးတို့၏ လက်ရာများကို မြင်တွေ့ရမည်ဖြစ်သည်။ တတိယနေ့တွင် Next Generation and Yoo club၊ Bossini၊ Memory၊ Milano Esmod၊ ဒီဇိုင်နာ ကိုလတ်၊ ဗန်ကောက်မှ ဒီဇိုင်နာ DVIS တို့က ၎င်းတို့၏ ဖန်တီးမှု လက်ရာဒီဇိုင်းဆန်းများကို ပြသသွားမည်ဟု သိရသည်။

အဆိုပါ ဝတ်စုံများကို Star and Model International ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမှ မော်ဒယ်များ၊ Europe မှ မော်ဒယ်များက ဝတ်ဆင်ပြသခြင်း ဖြစ်သည်။ ယင်းအပြင် ဖျော်ဖြေရေးအစီအစဉ်အဖြစ် မြန်မာချစ်သူ အကအဖွဲ့၊ နောက်ရက်များတွင် ငြိမ်းစုသာနှင့် အကအဖွဲ့၊ ချစ်ကောင်း၊ ဖွဲ့ပြည့်နှင့်အကအဖွဲ့၊ အားတီနှင့်အကအဖွဲ့၊ အမွန်းနှင့် အကအဖွဲ့တို့အပြင် Star Event Productionမှ မင်းဘုန်းမြတ်တို့က သီဆိုဖျော်ဖြေကြမည်ဟု သိရသည်။

■ **ဒေါ်လာမှ**
ကျပ် ၁၆၀၀၀ ဖြစ်ပြီး ယခင်ရက်များက ဈေးကွက်ပေါက်ဈေးနှင့် ပြောင်းလဲထူးခြားမှု မရှိခဲ့ပေ။ ယင်းနေ့ တစ်နေ့တာအတွက် ရှယ်ယာအရောင်းအဝယ်ဖြစ်မှု ပမာဏ ၁၆၀၃ ခု ဖြစ်သည်။ မြန်မာသီလဝါ အများပိုင်ကုမ္ပဏီ၏ ရှယ်ယာဈေးနှုန်းမှာ ရှယ်ယာ တစ်စုလျှင် ၄၆၀၀၀ ဖြစ်ပြီး တစ်နေ့တာ ရှယ်ယာအရောင်းအဝယ်ဖြစ်ခဲ့မှုမှာ ၉၇၅ ခု ဖြစ်ပြီး မြန်မာနိုင်ငံသားများဘဏ်၏ အစုရှယ်ယာဈေးနှုန်းမှာ ကျပ် ၈၄၀၀ ဖြစ်ကာ တစ်နေ့တာ အရောင်းအဝယ်ပမာဏ ၈၀၀ ရှိခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ အချက်အလက်များအရ သိရသည်။ အောက်တိုဘာ ၇ ရက်တွင် စတော့အိတ်ချိန်း၌ စာရင်းဝင်ကုမ္ပဏီ သုံးခု၏ စုစုပေါင်းရှယ်ယာအရောင်းအဝယ်ဖြစ်ခဲ့သည့်ပမာဏမှာ ၃၃၇၈ ခု ဖြစ်ပြီး ယခင်ရက်များထက် အရောင်းအဝယ်ဖြစ်ခဲ့သည့်ပမာဏ လျော့နည်းခဲ့ကြောင်း အချက်အလက်များအရ သိရသည်။ အောက်တိုဘာ ၆ ရက်တွင် ရှယ်ယာအရောင်းအဝယ်ဖြစ်ခဲ့မှုပမာဏ ၅၉၆၈ ခု၊ အောက်တိုဘာ ၅ ရက်တွင် ရှယ်ယာအရောင်းအဝယ်ဖြစ်ခဲ့မှု ပမာဏ ၈၉၇၆ ခု၊ အောက်တိုဘာ ၄ ရက်တွင် ရှယ်ယာအရောင်းအဝယ်ဖြစ်ခဲ့မှုပမာဏ ၉၀၆၄ ခု၊ အောက်တိုဘာ ၃ ရက်တွင် ရှယ်ယာအရောင်းအဝယ်ဖြစ်ခဲ့မှုပမာဏ ၈၇၆၈ ခု ဖြစ်ကြောင်း စတော့အိတ်ချိန်း၏ အချက်အလက်များအရ သိရသည်။

**(ဝဝ၁)**

# ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဖွင့်လှစ်ထားသော အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၃၁၉ ကျောင်းအတွက် အထက်တန်းပြ ဆရာ ဆရာမ ၂၂၃၃ ဦး လိုအပ်

**နေပြည်တော် အောက်တိုဘာ ၇**
ဝေးလံသီခေါင်ဒေသများနှင့် ဖွံ့ဖြိုးမှုနည်းပါးသောဒေသများရှိ ကျောင်းသား ကျောင်းသူများအတွက် သင်ယူမှုအခွင့်အလမ်းမြင့်မားလာစေရန် ရည်ရွယ်ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း ၃၁၉ ကျောင်းကို ကျောင်းအဆင့်တိုးမှု ဖြေလျှော့၍ အခြေခံပညာအလယ်တန်းကျောင်းအဆင့်မှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်သို့ ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ၃၁၉ ကျောင်းအတွက် တစ်ကျောင်းလျှင် ဘာသာရပ်နှင့်ကိုက်ညီသော ဆရာ ဆရာမ ခုနစ်ဦးစီခန့်ထားရန် လျာထားစီစဉ်ရာ အခြေခံပညာအထက်တန်းသင်ဘာသာရပ်ပြ ဆရာ ဆရာမ ၂၂၃၃ ဦး လိုအပ်မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှု ထိရောက်စေရန်နှင့် မိဘများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အတွက် ယခုနှစ်အထက်တန်းကျောင်း(ခွဲ)အဆင့်တိုး ၃၁၉ ကျောင်းအတွက် လိုအပ်မည့် အထက်တန်းသင်ဘာသာပြဆရာ ၂၂၃၃ဦး ဖြည့်ဆည်းခန့်ထားရန်စီစဉ်ဆောင်ရွက်ရာတွင် လတ်တလော အခြေအနေ၌ အခက်အခဲရှိသောကြောင့် ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှုအဆင်ပြေစေရန်နှင့် ဆရာအင်အား မလုံလောက်သဖြင့် မိဘများက ဆရာ ဆရာမ ငှားရမ်းရသော ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ရည်ရွယ်ပြီး အထက်တန်းကျောင်း(ခွဲ) ၃၁၉ ကျောင်းအတွက် လိုအပ်မည့် အထက်တန်းပြ ဆရာ ဆရာမ ၂၂၃၃ ဦးအား ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ယာယီနေ့စားလပေးခန့်ထားရန် စီစဉ်နေကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပိုလန်နိုင်ငံသားကို အောင်လအန်ဆန် ချုပ်သိုင်းထိုးသတ်ကာ အနိုင်ယူ

**ရန်ကုန် အောက်တိုဘာ ၇**
ကိုယ်ခံပညာပေါင်းစုံတိုက်ခိုက်နည်း (Mixed Martial Arts-MMA) ပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏပြိုင်ပွဲရုံ(၁) မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ မြန်မာပြည်ဖွား ကချင်တိုင်းရင်းသား အောင်လအန်ဆန်က ပြိုင်ဘက် ပိုလန်နိုင်ငံသား ပတ်စ်တာနက်ခ်ကို MMA နည်းဖြင့် ချုပ်သိုင်းထိုးသတ်ကာအနိုင်ရခဲ့သည်။

ယနေ့ယှဉ်ပြိုင်ခဲ့သော MMA ပြိုင်ပွဲတွင် မြန်မာနိုင်ငံသား လက်ဝှေ့ကျော်များနှင့် ဖိလစ်ပိုင်၊ ဩစတြေးလျ၊ ဂျပန်၊ ပိုလန်၊ ရုရှားနှင့် အီဂျစ်နိုင်ငံတို့မှ MMA ပညာရှင်များပါဝင်ယှဉ်ပြိုင်ကြသည်။

လက်ဝှေ့ပရိသတ်စိတ်ဝင်စားမှု အမြင့်မားဆုံးဖြစ်သည့် မြန်မာစပါးကြီးမြွေ အောင်လအန်ဆန်နှင့် ပိုလန်နိုင်ငံသား မိုက်ကယ်ပတ်စ်တာနက်ခ်တို့ တွဲဆိုင်းတွင် ပတ်စ်တာနက်ခ်က အောင်လထက်အရပ်အနည်းငယ်သာသည်။ ပြိုင်ပွဲစတင်သည်နှင့် မြန်မာစပါးကြီးမြွေ အောင်လကို အားပေးသံက ပွဲရုံတစ်ခုလုံး ဟည်းထွက်လာသည်။

ပထမအချီတွင် ပတ်စ်တာနက်ခ်က သူ၏နပန်းအားသာချက်ကို အသုံးချ၍လှဲချရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့။ ထိုစဉ်မှာပင် အောင်လ၏ အမှတ်မထင်ညာထောက်လက်သီးတစ်လုံးက ပတ်စ်တာနက်ခ်မျက်နှာကို သွေးကျစေခဲ့သည်။ ဒုတိယအချီတွင် ပတ်စ်တာနက်ခ် သက်လုံနှင့်ကြံ့ခိုင်မှုစွမ်းရည်ကျလာသည်။ တတိယအချီဖြစ်သည့် နောက်ဆုံးအချီတွင် အောင်လက ပတ်စ်တာနက်ခ်ကို အပေါ်စီးမှ လှဲချချုပ်သိုင်းကာ ပတ်တံတောင်ရိုက်ချက်ကို အသုံးချပြီး ပတ်စ်တာနက်ခ်ကို အနိုင်ယူနိုင်ခဲ့သဖြင့် ပရိသတ်အကြိုက်နှစ်သက်ဆုံးပွဲတစ်ပွဲဖြစ်ခဲ့သည်။ အငယ်တန်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံပွဲစဉ်တွင် ယိုရှီတာကာနာအီတို(ဂျပန်)နှင့် ဂျိုရှူးပါပက်ကီအို (ဖိလစ်ပိုင်)တို့ တွဲဆိုင်းတွင် ယိုရှီတာကာနာအီတိုက အနိုင်ရခဲ့သည်။

ပြည်တွင်းအငယ်တန်းဝိတ်တန်း ဆီမီးဖိုင်နယ်ပွဲစဉ်များမှ အနိုင်ရသူနှစ်ဦးဖြစ်သည့် ဖိုးသော်နှင့် စောရန်ပိုင်တို့ နှစ်ဦးထပ်မံတွေ့ဆုံမှုတွင် ဖိုးသော်က နောက်ဆုံးအချီတွင် သိုင်းချုပ်ကာ လှဲချပြီး စောရန်ပိုင်ကို အနိုင်ရရှိကာ ချန်ပီယံဆုဖလားရရှိခဲ့သည်။

ပြည်တွင်းနှင့် နိုင်ငံတကာ ကမ္ဘာ့ကိုယ်ခံပညာ (MMA) စိန်ခေါ်ပွဲစဉ်များတွင် ကပ္ပလီ (မြန်မာ)နှင့် ဖိုးသော် (မြန်မာ)တို့ တွဲဆိုင်းတွင် ဖိုးသော်က ကပ္ပလီကို ချုပ်ကိုင်လှဲ၍ ထိုးသတ်ရာ ဖိုးသော်က ကပ္ပလီကိုလည်းကောင်း၊ စောရန်ပိုင်နှင့် ရဲရင့်အောင်တို့ပွဲစဉ်တွင် စောရန်ပိုင်ကလည်းကောင်း၊ စောဘဦးနှင့် ကြယ်စင်ဖြိုးတို့ ပွဲစဉ်တွင် ကြယ်စင်ဖြိုး ဒဏ်ရာရရှိပြီး ဆက်လက်မယှဉ်ပြိုင်နိုင်တော့သဖြင့် စောဘဦးကလည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။ အငယ်တန်းဝိတ်တန်းတွင် အနိုင်ရရှိခဲ့သည့် ဖိုးသော်နှင့် စောရန်ပိုင်တို့တွဲဆိုင်းက ဖိုင်နယ်ပွဲစဉ်တွင် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

နိုင်ငံတကာ MMA တွဲဆိုင်းများဖြစ်သည့် ဘတ်ရှ် အာမတ် (ပါကစ္စတန်) နှင့် မတ်မောက်မိုဟန် (အီဂျစ်) တို့ပွဲစဉ်တွင် ဘတ်ရှ်အာမတ်က မတ်မောက်မိုဟန်ကို ပထမအချီမှာပင် ခြေချင်းချိတ်ကာ လှဲချပြီး ထိုးသတ်အနိုင်ယူခဲ့သည်။ ဘန်တမ်ဝိတ်တန်းစိန်ခေါ်ပွဲစဉ်ဖြစ်သည့် ယူဆက်ဆာဒူလေ (ရုရှား)နှင့် ဂျော်ဒန်လူးကပ်စ် (ဩစတြေးလျ)တို့တွဲဆိုင်းတွင် ယူဆက်နှင့် လူးကပ်စ်တို့ ရင်ဆိုင်ထိုးသတ်နေရာမှ တစ်ချီတွင် ယူဆက်ဖြောင့်လက်သီး လူးကပ်မျက်နှာထိပြီး လဲအကျတွင် MMA ချုပ်သိုင်းနည်းကို အသုံးပြုထိုးသတ်ကာ ယူဆက်အနိုင်ရခဲ့သည်။

ဘန်တမ်ဝိတ်တန်း စိန်ခေါ်ပွဲစဉ်ဖြစ်သည့် မူအင်ဂါဖာရော့ဖ် (တာဂျီကစ္စတန်) နှင့် ကယ်ဗင်ဘယ်လင်ဂွန် တို့တွဲဆိုင်းယှဉ်ပြိုင်ရာ ပထမအချီမှာပင် မူအင်ဂါဖာရော့ဖ် အလစ်ချောင်းကာ ဆိုင်းနေသဖြင့် ပရိသတ်အသံဆူညံလာသည်။ တတိယအချီတွင် ပြိုင်ဆိုင်မှုပြင်းထန်လာပြီး အနိုင်ရခဲ့သည်။

**သတင်း-အောင်ကျော်ဦး**
**ဓာတ်ပုံ-ခင်မောင်ဝင်း**

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်
## ၈-၁၀-၂၀၁၆ (စနေနေ့)

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ Hyper Sports
၈း၃၅ ၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
၈း၄၅ ပန်းပျိုးခင်း (အပိုင်း-၁)
၉း၃၅ Business News
၁၀း၃၅ ကဗျာရိပ်မြုံ "သူငယ်ချင်းသုံးယောက်"
၁၀း၄၅ "ဟာရီကိန်းမတ်သရူး"
၁၁း၁၅ "ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး" (ဩဇာပင်၏အာနိသင်)
၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
၁း၅၅ အနုပညာသတင်းအစီအစဉ်
၂း၂၀ ရုပ်ရှင်ရိုက်မယ် (လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်) "တောင်ကြားပန်း၊ ပိုင်"
၃း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း-၁၅)
၄း၁၅ ၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) [အခြေခံပညာ(၁၀-၁၅) အဆင့်] (အမျိုးသမီး)
၄း၃၅ NHK Programme "လှိုင်းများကို နားလည်ကြည့်ခြင်း" (ရေထဲကလှိုင်းများ)
၅း၂၀ KARAOKE World Championships (KWC) Myanmar 2016 (LEVEL-2) (Group-3)
၆း၃၅ Tasty Trip
၇း၁၅ "သူ" (အပိုင်း-၂၇) (ပြေဇင်၊ မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊သဇင်၊ မှုံနံ့သာ) (ဒါရိုက်တာ-ဘိုသန့်)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ -အောင်မြင်မှုပန်းတိုင်ဆီချီတက်ပြည်သူ့အတွက် (ကြိုးစားလုပ်ဆောင်ဆက်သွယ်ဂုဏ်ဆောင် စာပို့တိုက်လုပ်ငန်းတစ်ခေတ်ဆန်းအောင်)
၉း၀၀ ပြည်တွင်းသတင်း -ဂီတတံခါးလေးဖွင့်ပါဦး -ပြည်သူ့နီတိ "စိတ်"

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**



## ထူးခြားဆန်းကြယ်သည့်ကျွန်းတစ်ခုပေါ်မှ မှော်ဆန်သောနေရာတစ်ခုနှင့် မှော်ဆန်သောလူများအကြောင်းရိုက်ကူးထားသည့် စိတ်ကူးယဉ်သိပ္ပံဇာတ်ကားသစ်ရုံတင်

ယခုတစ်ပတ်တွင် မြန်မာရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည့်ဇာတ်ကားသစ်များတွင် တစ်ကားအပါအဝင်ဖြစ်သည့် **Miss Peregrine's Home for Peculiar Children** ဇာတ်ကားအကြောင်း ပရိသတ်များအမြည်းခံစားနိုင်ရန် တင်ဆက်လိုက်ပါသည်။

ယင်းဇာတ်ကားသည် ယခုနှစ်အတွင်းထွက်ရှိခဲ့သည့် ဗြိတိန်-အမေရိကန်နှင့် ဘယ်လ်ဂျီယံအနုပညာရှင်တို့ ပူးပေါင်းပုံဖော်ထားသည့် စိတ်ကူးယဉ်သိပ္ပံဇာတ်ကားတစ်ကားဖြစ်သည်။ အချိန် နှစ်နာရီကျော်ကြာမြင့်သည့် ယင်းဇာတ်ကားသည် ၂၀၁၁ ခုနှစ်ကထွက်ရှိခဲ့သည့် စာရေးဆရာ Ransom Riggs ၏ အမည်တူဝတ္ထုကို ဇာတ်လမ်းအဖြစ် ပုံဖော်ထားခြင်းလည်းဖြစ်သည်။ ပြင်သစ်မင်းသမီးနှင့် မော်ဒယ်တစ်ဦးဖြစ်သူ **Eva Green** နှင့် အသက်(၁၉)နှစ်အရွယ် မင်းသား **Asa Butterfield** တို့က ခေါင်းဆောင်ပါဝင်ထားသည့် ယင်းဇာတ်ကားသည် ထူးခြားဆန်းကြယ်သည့်ကျွန်းတစ်ခုပေါ်မှ မှော်ဆန်သောနေရာနှင့် မှော်ဆန်သောလူများအကြောင်း ရိုက်ကူးထားသော စိတ်ကူးယဉ်သိပ္ပံဇာတ်ကားဖြစ်သည်။

ငယ်စဉ်ဘဝကတည်းက ပျော်ပျော်ရွှင်ရွှင်နေထိုင်ခဲ့ပြီး အရွယ်ရောက်လာသော ကောင်လေး **Jacob** သည် ထူးခြားဆန်းကြယ်သည့် ကျွန်းတစ်ကျွန်းဆီခရီးထွက်ဖို့အကြောင်းဖန်လာခဲ့သည်။ အဆိုပါကျွန်းတွင် လက်ရှိကမ္ဘာနှင့် အစစကွဲပြားကာ ယင်းကျွန်းပေါ်ရှိလူအားလုံးသည် ထူးခြားသည့်စွမ်းရည်သတ္တိများနှင့်ပြည့်စုံကာ ယင်းသို့ စွမ်းရည်ပြည့်စုံသည့်ကလေးငယ်များကို ထိန်းသိမ်းစောင့်ရှောက်ထားသည့် **Miss Peregrine** ၏ မှော်ဆန်သောအိမ်သို့ **Jacob** ရောက်သွားခဲ့သည်။

သို့သော် ကျွန်းပေါ်ရှိကလေးများထက် ပိုမိုစွမ်းအားကြီးသည့်ရန်သူ လာရောက်တိုက်ခိုက်ချိန်တွင် **Jacob** သည် မိမိကိုယ်တွင်လည်း ယင်းသို့ ထူးခြားသည့်အစွမ်းသတ္တိများပြည့်နှက်နေသည်ကိုသတိထားမိလာပြီး ကျွန်းအား လာရောက်တိုက်ခိုက်သည့် ဘေးအန္တရာယ်များကို ပြန်လည်တွန်းလှန်တိုက်ခိုက်ကြပုံကို ရိုက်ကူးတင်ဆက်ထားသော မှော်သိပ္ပံဇာတ်ကားတစ်ကားဖြစ်သည်။ ယင်းဇာတ်ကားကို မင်္ဂလာ(၂)ဒဂုံစင်တာ(၂)မြေနီကုန်း၊ နေပြည်တော်၊ မင်္ဂလာဂမုန်းပွင့်နှင့် မင်္ဂလာဒိုင်းမွန်း အဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် အောက်တိုဘာ ၇ ရက်တွင် စတင်ရုံတင်ပြသလျက်ရှိသည်။

**20th Century Fox** မှ ဖြန့်ချိသည့် ယင်းဇာတ်ကားကို စက်တင်ဘာလကုန်ပိုင်းက အမေရိကန်နှင့် တက္ကဆက်ပြည်နယ်တို့တွင် ကျင်းပသည့် ရုပ်ရှင်ပွဲတော်တို့တွင် ပြသခဲ့ပြီးဖြစ်ကာ ယခုအချိန်အထိ နိုင်ငံတကာရုံဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၇၉ သန်းကျော်ရရှိလျက်ရှိနေကြောင်းသိရသည်။

ယခုဇာတ်ကားမှ ပြင်သစ်မင်းသမီး **Eva Green** အား ယခုလောလောဆယ်တွင် ရိုက်ကူးဆဲဖြစ်ပြီး လာမည့်နှစ်တွင် ရုံတင်ပြသမည့် **Euphoria** ဇာတ်ကားတွင်လည်း ထပ်မံမြင်တွေ့ရဦးမည်ဖြစ်ကြောင်းသိရသည်။ **မျိုးစန္ဒာမောင်**

## "မြန်မာ့ရေဝတီ ရွှေ့ခရီး" ပန်းချီ၊ ဂီတ၊ အနုပညာနှင့် ပညာရပ်ဆိုင်ရာတင်ဆက် ဖွင့်ဆိုချက်များနှင့် ပညာရှင်စကားဝိုင်းများ၊ ဟောပြောပွဲများ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၇**

'မြန်မာ့ရေဝတီရွှေ့ခရီး'ဟု အမည်ပေးထားသည့် ပန်းချီ၊ ဂီတ၊ အနုပညာနှင့် ပညာရပ်ဆိုင်ရာတင်ဆက် ဖွင့်ဆိုချက်များနှင့် ပညာရှင်စကားဝိုင်းများ၊ ဟောပြောပွဲများကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ် The Yangon Gallery ၌ အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပွဲအစီအစဉ်များအနေဖြင့် အောက်တိုဘာ ၈ ရက်တွင် ပညာရှင်များစကားဝိုင်းအဖြစ် မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်၊ ဩစတြေးလျ အမျိုးသားတက္ကသိုလ်ကရောဖ့် ပြည်သူ့ရေးရာမူဝါဒဌာနမှ ရေသယံဇာတဆိုင်ရာပညာရှင် ဒေါက်တာ ဒန်နီရယ် ကော်နဲ၊ ၂၀၀၉ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းကြီးများနှင့်ပတ်သက်သော သုတေသနများစွာကို ဆောင်ရွက်ခဲ့သူ ဒေါက်တာ ကားလ်မစ်ဒဲတန်၊ အရှေ့တောင်အာရှ စွမ်းအင်ရေးရာ မူဝါဒများကိုလေ့လာနေသော Fulbright Fellow တစ်ဦးဖြစ်သည့် Mr.Noah Kittner (University of California) နှင့် Towards Ecological Recovery and Regional Alliance/Foundation for Ecological Recovery အဖွဲ့၏ ဒါရိုက်တာတစ်ဦးဖြစ်သူ Khun Witton တို့က မြစ်ကြီးများ၊ စွမ်းအင်နှင့်ရေကာတာ မြန်မာအကြောင်းတို့ကို ဟောပြောဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး ပြပွဲများအဖြစ် သဘာဝဝန်းကျင်ဉာဏ်အမြင် ဓာတ်ပုံ၊ ပန်းချီနှင့် စာအုပ်ပြပွဲများကိုလည်းကောင်း၊ သက်ရှိမြစ်များဟု အမည်ပေးထားသည့် ဂီတဖျော်ဖြေပွဲကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၃ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

**အောက်တိုဘာ ၆ ရက်မှအဆက်**

| | | | |
|---|---|---|---|
| ၄၁ | Ministry of Planning And Finance | SELECTED MONTHLY ECONOMIC INDICATORS Apirl 2016 | ၅၀၀၀ိ/-ဦးအောင်ကျော်ဦး |
| ၄၂ | ဒေါက်တာ အရှင်သူရိယPh.D (Philosophy) | ရှင်တော်မြတ်ဘုရား | ၁၀၀၀ိ/- |
| ၄၃ | ကိုဆွေ(ပန်ဒိုရားမား) | မဖြေရှင်းနိုင်သော ကမ္ဘာကျော်ပဟေဠိများ-၉ | ၃၀၀၀ိ/-panorama publishing |
| ၄၄ | ဘဒ္ဒဝဏ္ဏိတ | ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတွက် ဘာသာရေးရှုထောင့်အကြံပြုချက်များ | ၃၀ိ/- |
| ၄၅ | ဘဒ္ဒဝဏ္ဏိတ | ဂျာမနီနိုင်ငံသား လူဝင်စားနှင့် ပရလောကသားများ | ၃၀ိ/- |
| ၄၆ | ကလောင်စုံ | လင်းလွန်းခင်စိတ်ကြိုက်ရာသီစက်ဝန်းထဲမှ အက်ဆေးများ(၃) | ၂၅၀ိ/-လင်းလွန်းခင်စာပေ |
| ၄၇ | အယ်ဒီတာ(အေးမောင်ကျော်) | မြန်မာရေးရာ(Myanmar Affairs) အမှတ် ၁ အောက်တိုဘာ ၂၀၁၆ | ၃၀၀၀ိ/- မြန်မာ့ရေးရာ |
| ၄၈ | ဆရာမင်းသိန်း | ၂၀၁၇ ရွှေမန်း ဗေဒင်ဒိုင်ယာရီ | ၃၀၀၀ိ/-လှိုင်စာပေ |
| ၄၉ | ပန်းချီ သရုပ်ဖော် မျိုးမာန် | KGသူငယ်တန်းကလေးများအတွက် သီဆိုလှုပ်ရှားကလေးကဗျာ | ၅၀ိ/-မြင့်မိုရ်မေမေစာပေ |
| ၅၀ | ပန်းချီ သရုပ်ဖော် မျိုးမာန် | ကလေးရဟန္တာများ(၃) | ၁၅၀၀ိ/-မြင့်မိုရ်မေမေစာပေ |
| ၅၁ | | ရွှေနိုင်ငံ Fashion Collection(38) | ၃၀၀၀ိ/-ရွှေနိုင်ငံစာပေ |
| ၅၂ | Ne Phoo Ba Swe (နေဖူးဗဆွေ)BE(Civil),DM | Englishmen Write Like So | ၃၀၀၀ိ/-နေဖူးဗဆွေ |
| ၅၃ | အရှင်ဇဝန | သူတော်ကောင်းတို့၏ဘဝငြိမ်းချမ်းရေးဆုတောင်းများ | ၂၀၀၀ိ/- |
| ၅၄ | မင်းယျာ | ကျွန်တော်ကြိုက်၍ စီစဉ်တင်ဆက်သော သူ့ဆောင်းပါးများ | ၃၀၀၀ိ/- |
| ၅၅ | ကလောင်စုံ | ခေတ်ကြီးပေါ်က စကားလုံးဆက်တင် | ၁၅၀၀ိ/-နီနီရဲသွေး |
| ၅၆ | ရွှေဟင်္သာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ် | စိတ္တာနုပဿန | ၁၈၀၀ိ/-စိတ်ကူးချိုချို |
| ၅၇ | ဦးခင်မောင်ဆွေ | သက်ရှည်ကျန်းမာလေ့ကျင့်ပါလေ့ကျင့်ခန်းများ(၃) | ၃၅၀၀ိ/-စာပေလောက(၆) |
| ၅၈ | ဟိန်းလတ် | သားတို့အတွက် အမွေ တန်ဖိုးထိုက်သော အတွေးဘဏ္ဍာတိုက် | ၁၅၀၀ိ/-မဇ္ဈိမ |
| ၅၉ | သျှင်ဉက္ကဌ | နတ်မို့ ရေစမ်းမှ ရေပန်းကလေးများ | ၁၅၀၀ိ/-ပုလဲစာပေ |
| ၆၀ | ဦးလှမြင့်(ဂန္ဓမာ) | ဆရာဝန် ဆေးညွှန်းအတိုင်း လူနာမလိုက်နာလျှင်နှင့် အခြားကျန်းမာရေးဆောင်းပါးများ | ၂၅၀၀ိ/-မိဘမေတ္တာ |
| ၆၁ | ဒေါက်တာ ဌေးအောင် | ကျွန်တော်ထောင်းမိသော ပေါင်များနှင့် ခပ်စပ်စပ်ကျန်းမာရေး ဆောင်းပါးများ | ၄၀၀၀ိ/-မိဘမေတ္တာ |
| ၆၂ | အရှင်သူရိယ | မသိမဖြစ်-၄ နေ့စဉ်သုံးအဘိဓမ္မာ | ၁၀၀၀ိ/-မြတ်မျိုးမြန်မာ စာပေ |
| ၆၃ | ကလောင်စုံ | အတွေးအမြင် ၂၀၁၆ အောက်တိုဘာ | ၂၀၀၀ိ/-ဒေါင်းစာပေ |
| ၆၄ | လှိုင်ကြာဖြူ(လားရှိုး) | မုန်းဖို့လွယ်တယ်မေ့ဖို့ခက်တယ် | ၁၅၀၀ိ/-ရွှေပဒေသာ |
| ၆၅ | ဖိုးကျော့ | အောင်ပွဲသို့ချီရာဝယ် | ၂၅၀၀ိ/-စိတ်ကူးချိုချို |
| ၆၆ | ကြူမွှေး | လူပျံတော်နှင့်ရွှေမင်းသမီး | ၂၂၀၀ိ/-စိတ်ကူးချိုချို |
| ၆၇ | မိုးစက်ပွင့် | အချစ်သည်ငါနှင့် မသက်ဆိုင်တော့ပါကြောင်း | ၁၆၀၀ိ/-ရွှေပဒေသာ |
| ၆၈ | မင်းသိခ် | ဖြစ်ချင်တာဖြစ်မောင်ဘချစ် | ၈၀၀၀ိ/-မျက်ပွင့် |
| ၆၉ | ဂျာနယ်ကျော်မမလေး | ယဉ်ကျေးမှုခရီးသည် | ၅၀၀၀ိ/-စိတ်ကူးချိုချို |
| ၇၀ | မမသဒ္ဒါမောင် | ထက်မြက်ချို | ၁၇၀၀ိ/-ရွှေပဒေသာ |
| ၇၁ | ဘုန်းနိုင် | စကားပြောတတ်မှ လုပ်ငန်းမှာ အဆင်ပြေမယ် | ၁၅၀၀ိ/-မနောဖြူ |
| ၇၂ | ခွန်သက်တင်ဆန်း | ရင်သို့စူးဝင် စစ်မြေပြင် | ၂၀၀၀ိ/- |
| ၇၃ | မင်းလူ | ရယ်မောခြင်း ပေါင်းချုပ် | ၉၅၀၀ိ/-ငါတို့စာပေ |
| ၇၄ | ရဲနောင် | စိမ်းနေဦးမည့်ကျွန်မရဲ့ ချယ်ရီမြေ | ၃၀၀၀ိ/-အိပ်မက်သစ် |
| ၇၅ | အလင်းသစ် | ရေငတ်ပန်းမို့ပိုမွှေးလေရော့သလား | ၁၅၀၀ိ/-ရွှေပဒေသာ |
| ၇၆ | ဟန်နီဦး | ချယ်ရီပန်းအဘိုးအိုနှင့် အခြားပုံပြင်များ | ၃၀ိ/-ရွှေပဒေသာ |

## ဂျူဗင်နောက်ခံလူ ဘိုနျူချီကို ချယ်လ်ဆီးခေါ်ယူရန်ပြင်ဆင်နေဟု အသင်းပိုင်ရှင်ဖွင့်ဟ




အေဘရာမိုဗစ်ချ်သည် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ချယ်လ်ဆီးအသင်း၏ လေ့ကျင့်ရေးကွင်းသို့ လာရောက်ကာ အသင်းနည်းပြ ကွန်တီနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။ ဂျူဗင်တပ်အသင်း၏ နောက်တန်းကစားသမား ဘိုနျူချီသည် ချယ်လ်ဆီးနည်းပြ ကွန်တီ၏ စာချုပ်ချုပ်ဆိုခေါ်ယူရန် ဆန္ဒရှိနေသည့် ကစားသမားတစ်ဦးဖြစ်ပြီး ပီအက်စ်ဂျီအသင်းနောက်တန်းကစားသမား ဒေးဗစ်လုဇ်အား ပေးသည့် ပေါင်သန်း ၅၀ ထက်ပိုပေးကာ ခေါ်ယူသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်ကမူ ချယ်လ်ဆီးအသင်းသို့ ကမ္ဘာ့အကောင်းဆုံး ဗဟိုနောက်တန်းကစားသမားတစ်ဦး ရောက်ရှိလာရေးအတွက် ဘိုနျူချီအား ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ အထိပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် နောက်တန်းကစားသမား ဘိုနျူချီအပြင် အက်သလက်တီကိုမက်ဒရစ် တိုက်စစ်မှူး ဂရစ်ဇ်မန်း၊ ဒေါ့မွန်တိုက်စစ်မှူး အော့ဘာမီယန်နှင့် ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး မိုရာတာ တို့ကိုလည်း ခေါ်ယူရန် စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီသည် ဇန်နဝါရီလအတွင်းက ဂျူဗင်တပ်အသင်းက ရောင်းချရန်စီစဉ်ခဲ့သော နောက်တန်းကစားသမား ဘိုနျူချီအား နောက်တန်းကစားသမားတစ်ဦးအတွက် ပေးခေါ်ယူရမည့် စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ပြင်ဆင်နေကြောင်း ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်က ပြောကြားခဲ့သည်။

အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်သည် ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်ဖလား ပြန်လည်ရရှိရေးနှင့် ချန်ပီယံလိဂ် ဝင်ခွင့် ပြန်လည်ရရှိရေးတို့အတွက် ချယ်လ်ဆီးအသင်းကို အကောင်းဆုံးပုံစံတည်ဆောက်နိုင်ရန် အသင်းနည်းပြ ကွန်တီကို အကူအညီပေးသွားရန်လည်း အသင့်ရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

(ငွေကြယ်)

## တစ်နေ့နေ့တစ်ချိန်ချိန်တွင် ထုတ်ပယ်ခံရနိုင်သည်ဟု ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းမျှော်လင့်ထား



ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းက နာမည်ကျော်ကလပ်အသင်းတစ်ခုကို ဦးဆောင်နေရသည့် သူ့အနေဖြင့် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ထုတ်ပယ်ခံရမည့်အချိန်ကို ရောက်ရှိလာနိုင်သော်လည်း ထိုဖြစ်ရပ်မျိုးအတွက် ကြိုတင်တွေးတောကာ စိုးရိမ်နေမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် အစောပိုင်းပွဲစဉ်များတွင် ရာနှုန်းပြည့်နိုင်ပွဲဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သော်လည်း ဗီလာရီးယဲလ်အသင်းကို သရေသာ ကစားနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်တွင် ဒေါ့မွန်၊ လာလီဂါတွင် အီဘားတို့နှင့်လည်း ဆက်တိုက်သရေကျကာ သုံးပွဲဆက်နိုင်ပွဲပျောက်ခဲ့သဖြင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ပွဲအစများတွင် ကစားအားကောင်းမွန်တတ်သော်လည်း ကစားချိန်ကြာမြင့်လာသည့်နှင့်အမျှ ပြိုင်ဘက်အသင်းများကို ချေပဂိုးများပေးနေရကာ သရေရလဒ်များသာ ထွက်ပေါ်နေခြင်းဖြစ်သည်။ ဇီဒန်းက ရီးယဲလ်မက်ဒရစ်၏ လက်ရှိအနေအထားမှာ ရုပ်ပိုင်းဆိုင်ရာထက် စိတ်ပိုင်းဆိုင်ရာပြဿနာ ကြုံတွေ့နေရခြင်းဖြစ်ပြီး အဖြေရှာနိုင်ရန် ကြိုးပမ်းနေရဆဲဖြစ်ကြောင်း ဝန်ခံပြောကြားလိုက်သည်။

## ၁၉၉၃ ခုနှစ်ကတည်းက ကမ္ဘာ့ဖလားခြေစစ်ပွဲ ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းထားနိုင်ခဲ့တဲ့ စပိန်







အောက်တိုဘာ ၇ ရက် မနက်အစောပိုင်းက ယှဉ်ပြိုင်ခဲ့တဲ့ ဥရောပဇုန်ခြေစစ်ပွဲစဉ်များတွင် ဥရောပနာမည်ကြီး အီတလီနဲ့ စပိန်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သလို ဩစတြီးယားနဲ့ ဝေလတို့ နှစ်ဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့ပေမယ့် အိုင်ယာလန်က ဂျော်ဂျီယာအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။

အီတလီနဲ့ စပိန်တို့ရဲ့ ပွဲစဉ်မှာတော့ အီတလီ ဝါရင့်ဂိုးသမား ဘတ်ဖွန်ရဲ့ အမှားကနေတစ်ဆင့် စပိန်တိုက်စစ်မှူး ဗီတိုလိုက ပွဲကစားချိန် ၅၅ မိနစ်မှာ ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး အိမ်ရှင်အီတလီကို ဖိအားပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ ယူရိုဖလား ၁၆ သင်း ရှုံးထွက်ပွဲမှာ အီတလီကို နှစ်ဂိုးပြတ်နဲ့ အရေးနိမ့်ပြီး ပြိုင်ပွဲက ထွက်ခွာခဲ့ရ စပိန်တို့ အီတလီကို ပြန်လည်အကြွေးဆပ်ခွင့်ရဖို့ အနီးစပ်ဆုံးအနေအထားကို ပိုင်ဆိုင်ခွင့်ရခဲ့တာပါ။ ဘတ်ဖွန်ဟာ စပိန်တိုက်စစ်မှူး ဗီတိုလိုနဲ့ တစ်ယောက်ချင်းအတွေ့မှာ တည်ငြိမ်မှု ပျောက်ဆုံးသွားခဲ့တာကြောင့် ဗီတိုလိုက ဘတ်ဖွန်ကို အသာလိမ်ခေါက်ကာ လွယ်လွယ်ကူကူပဲ ဂိုးသွင်းယူခဲ့တာ ဖြစ်ပါတယ်။

ဘတ်ဖွန်ဟာ ကမ္ဘာ့အကောင်းဆုံး ဂိုးသမားထဲမှာ တစ်ယောက်အပါအဝင်ဖြစ်ပေမယ့် ဒီလိုအမှားမျိုး ကျူးလွန်ခဲ့တာကြောင့် ဘတ်ဖွန်ခေတ်ကုန်ဖို့တော့ တစ်ဖြည်းဖြည်းနီးစပ်လာခဲ့ပြီလားဆိုတာလည်း မေးခွန်းထုတ်ချင်စရာပါ။ ဒါပေမယ့် အီတလီကွင်းလယ်လူ ဒီရော့စီက အကောင်းဆုံး ကစားသမားလည်းပဲ တစ်ခါတစ်ရံ အမှားကျူးလွန်တတ်တာကြောင့် ရလဒ်ပိုင်း တရားခံက ဘတ်ဖွန်မဟုတ်ကြောင်း ကာကွယ်ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် ပွဲချိန် ၈၂ မိနစ်မှာ ကွင်းလယ်လူ ဒီရော့စီက အီတလီအတွက် အဖိုးတန်ချေပဂိုးကို ပင်နယ်တီကနေ တစ်ဆင့်သွင်းယူပြီး သရေရလဒ်ကို ထွက်ပေါ်စေခဲ့ပါတယ်။ စပိန်ကတော့ အီတလီအသင်းကို အဝေးကွင်းမှာ သရေကစားနိုင်ခဲ့တာကြောင့် ၁၉၉၃ ခုနှစ်ကတည်းက ကမ္ဘာ့ဖလားခြေစစ်ပွဲတွေအတွင်း ရှုံးပွဲမရှိဆိုတဲ့ စံချိန်ကို ဆက်လက်ထိန်းထားနိုင်ခဲ့ပါတယ်။


ဒီပွဲမှာ စပိန်တိုက်စစ်မှူး ဒီယေဂိုကော်စတာက အီတလီနောက်ခံလူ ဘိုနူချီရဲ့ မျက်နှာကို လက်ဝါးနဲ့ တွန်းခဲ့ပေမယ့် ဒိုင်လူကြီး ဘရာ့ချ်က အနီကတ်မပြသခဲ့ဘဲ အဝါကတ်သာ ပြသသတိပေးခဲ့လို့ စပိန်တို့ ကံကောင်းခဲ့တာပါ။ ဒါကြောင့်လည်း စပိန်နည်းပြ တက်ဂွေက ပွဲချိန် ၆၉ မိနစ်မှာ ကော်စတာနေရာ မိုရာတာနဲ့ အလျှင်အမြန် လူစားလဲခဲ့ကာ ပွဲကိုထိန်းသွားခဲ့တာဖြစ်ပါတယ်။ တစ်ပွဲလုံးခြုံပြီး သုံးသပ်ရရင်တော့ အိမ်ရှင် အီတလီဟာ စပိန်အသင်းကို ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးဖန်တီးမှုနဲ့ ဂိုးပေါက်ခြိမ်းခြောက်မှု စတဲ့ အပိုင်းတွေမှာ အဘက်ဘက်က မယှဉ်နိုင်ခဲ့ပေမယ့် ရှီဂလီယို၊ အက်ဒါနဲ့ အင်မိုဘိုတို့ရဲ့ တိုးအားကောင်းတဲ့ တိုက်စစ်ပိုင်းကြောင့် စပိန် နောက်တန်းပြိုလဲပြီး ချေပဂိုးကို ခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။

### ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲရလဒ်များ

| | | |
|---|---|---|
| ဩစတြီးယား | ၂-၂ | ဝေလ |
| ခရိုအေးရှား | ၆-၀ | ကိုဆိုဗို |
| မော်ဒိုဗာ | ၀-၃ | ဆားဘီးယား |
| အိုင်ယာလန် | ၁-၀ | ဂျော်ဂျီယာ |
| လက်ချင်စတိန်း | ၀-၂ | အယ်လ်ဘေးနီးယား |
| မက်ဆီဒိုးနီးယား | ၁-၂ | အစ္စရေး |
| အိုက်စလန် | ၃-၂ | ဖင်လန် |
| တူရကီ | ၂-၂ | ယူကရိန်း |
| ပီရူး | ၂-၂ | အာဂျင်တီးနား |
| ဘရာဇီး | ၅-၀ | ဘိုလီးဗီးယား |
| ပါရာဂွေး | ၀-၁ | ကိုလံဘီယာ |
| ဥရုဂွေး | ၃-၀ | ဗင်နီဇွဲလား |
| အီကွေဒေါ | ၃-၀ | ချီလီ |

## ပရီမီယာလိဂ်ရဲ့ ထာဝရအကောင်းဆုံးဂိုးအဖြစ် ရွေးချယ်ခံရတဲ့ ဗန်ပါစီရဲ့ သွင်းဂိုး

၂၀၁၃ ခုနှစ်တွင် မန်ယူတိုက်စစ်မှူးဗန်ပါစီ၏ အက်စ်တွန်ဗီလာအသင်းဘက်သို့ မြေမကျကန်သွင်းသည့် သွင်းဂိုး (ဗော်လီကန်ချက်)မှာ ပရီမီယာလိဂ်ထာဝရအလှပဆုံး သွင်းဂိုးအဖြစ် ရွေးချယ်ခံရကြောင်း အီးအက်စ်ပီအန်




သတင်းဌာနက ဖော်ပြသည်။

လိုဖွတ်ဘောအွန်လိုင်းက ကြီးမှူးကျင်းပသည့် အဆိုပါ ရွေးချယ်မှုကို အွန်လိုင်းမှတစ်ဆင့် ပရိသတ်များက မဲပေး ရွေးချယ်ခဲ့ကြရာ ကစားသမားများ၏ သွင်းဂိုး ၁၀၀ ကျော်အနက်မှ ဗန်ပါစီ၏သွင်းဂိုးက မဲ ၁၀၀ ကျော်ဖြင့် ယခုကဲ့သို့ ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ ဗန်ပါစီသည် အဆိုပါရွေးချယ်မှုမှရရှိသည့် ဆုကြေးကို ပရဟိတအဖွဲ့အစည်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗန်ပါစီက “ဒါဟာ ကြီးကျယ်ခမ်းနားတဲ့ ချီးမြင့်မှုပါပဲ။ ပရီမီယာလိဂ်ဟာ အင်မတန်မာကျောခက်ခဲတဲ့ လိဂ်တစ်ခုဖြစ်ပြီး ကျွန်တော်ကံကောင်းလို့ ရွေးချယ်ခံရတာဖြစ်ပါတယ်” ဟု အီးအက်စ်ပီအန်သတင်းဌာနမှ သတင်းထောက် အေရီဒမ်သို့ ဖြေကြားခဲ့သည်။

## စပါးအသင်းနှင့် လက်တွဲခွင့်ရခြင်းမှာ အင်မတန် ကံကောင်းခြင်းဖြစ်ကြောင်း ဆစ်ဆိုခို ယုံကြည်

ဆစ်ဆိုခိုသည် နယူးကာဆယ်မှ ထွက်ခွာခွင့်ရပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရ စပါးနှင့် လက်တွဲခွင့်ရခြင်းက ဘုရားပေးသည့် ဆုလာဘ်တစ်ခုလို အလွန်ကံကောင်းခဲ့၍သာ အဆိုပါ အခွင့်အရေးကို ရရှိခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ပြီးခဲ့သည့် ဘောလုံးရာသီ ချန်ပီယံရှစ်သို့ တန်းဆင်းသွားခဲ့ရသည့် နယူးကာဆယ်အသင်း ကွင်းလယ်လူ ဆစ်ဆိုခိုမှာ အပြောင်းအရွှေ့ဈေးကွက် နောက်ဆုံးပိတ်ရက်တွင် နယူးကာဆယ်မှ စပါးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ဖြင့် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ဆစ်ဆိုခိုမှာ အစောပိုင်းတွင် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်ခဲ့သော်လည်း နောက်ဆုံးတွင် စပါးအသင်းနှင့် သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။ ဆစ်ဆိုခိုပါဝင်ကစားခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ်သုံးပွဲစလုံးတွင် စပါးအသင်းနိုင်ပွဲများ ဆက်တိုက်ရယူနိုင်ခဲ့ခြင်း



ကြောင့် စပါးနည်းပြ ပိုချက်တီနိုကိုယ်တိုင်ကပင် ဆစ်ဆိုခိုမှာ အံ့အားသင့်ဖွယ်အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ကြောင်း ချီးကျူးစကားဆိုခဲ့သည်။

**မေလှဲ့သင်း – ရေးသားသည်။**



ပြန်ကြားရေးဝန်ကြီးဌာန

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်၊ စနေနေ့ နံနက် (၀၉း၀၀)နာရီမှ (၀၄း၀၀)နာရီအထိ

MICC - 2 ၊ နေပြည်တော်

# နေအိမ်အတွင်း ပစ္စည်းများဝင်ရောက်ခိုးယူသူကို ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၇**

တောင်ဥက္ကလာပမြို့နယ်ရှိ နေအိမ်အတွင်းမှ စက်တင်ဘာ ၂၈ ရက်က i Phone 6 နှင့် i Phone 5 ဖုန်း နှစ်လုံး၊ Acer အမျိုးအစားလက်ပ်တော့ တစ်လုံး၊ ငွေကျပ် ၁၈၀၀၀၀၊ စိန်နှစ်ပွင့်၊ ငါးပုံပယင်းဆွဲသီးတစ်ခု၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် စာရွက်စာတမ်း အသုံးအဆောင်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၅၂၀၀၀၀ ခိုးယူခံရ၍ တောင်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့်ကာ စုံစမ်းခဲ့သည်။



ကျော်ကျော်(ခ)စိုးပိုင်နှင့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

တောင်ဥက္ကလာပမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ရာ ပြစ်မှုကျူးလွန်သူ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်နေ ကျော်ကျော်(ခ)စိုးပိုင် (၁၈)နှစ်ကို တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဖိုးစိန်လမ်း၌ i Phone 6 ၊ ငွေကျပ် ၂၁၀၀၀၀ တို့နှင့်အတူ စက်တင်ဘာ ၂၉ ရက် နံနက် ၃ နာရီခန့်တွင် ဖမ်းဆီးရမိခဲ့ပြီး ကျန်သက်သေခံပစ္စည်းများကို ၎င်းတည်းခိုနေထိုင်သော သင်္ဃန်းကျွန်းမြို့နယ်ရှိ တည်းခိုခန်းတွင် သိမ်းဆည်းနိုင်ခဲ့သည်။

ယင်းအမှုမှပစ္စည်းများအပြင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်များ၊ စာရွက်စာတမ်း အသုံးအဆောင်ပစ္စည်းများကိုလည်း တွေ့ရှိခဲ့ရာ ပိုင်ဆိုင်ကြောင်း အထောက်အထားပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် တောင်ဥက္ကလာပမြို့မရဲစခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၄ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက်ရှိ နေအိမ်မှ i Phone 6s (Rose gold) တစ်လုံးနှင့် SAMSUNG Grand II အမျိုးအစားလက်ကိုင်ဖုန်း တစ်လုံးတို့ ခိုးယူခံရ၍ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းတွင် တိုင်တန်းထားသောအမှုမှာလည်း ၎င်းကျူးလွန်ခြင်းဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပြီး သက်သေခံပစ္စည်းများကို သိမ်းဆည်းကာ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုင်းရှူးမြို့တွင် ပေါက်ကွဲမှုဖြစ်ပွား

**လွိုင်လင် အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းရှူးမြို့ အမှတ်(၄)ရပ်ကွက်၌ နေထိုင်သော ဦးထွန်းလူ အသက်(၆၀)နှစ်နှင့် မြေး မအေးကြိမ်(၉)နှစ်တို့သည် ယနေ့နံနက်ပိုင်းက တန့်ယန်းမြို့ဘက်အထွက် စေတီနားတွင် မှိုသွားရှာစဉ် ဒေသမိုင်းကို တိုက်မိခဲ့ရာ၊ မအေးကြိမ်မှာ ညာဘက်တင်ပါးနှင့် ညာဘက်လက်ဖျံထိရှခဲ့ပြီး မစိုးရိမ်ရကြောင်း၊ အဘိုး ဦးထွန်းလူမှာ ညာဘက်လက်ကောက်ဝတ်တွင်တစ်ချက်၊ ညာဘက်ပေါင်တွင် သုံးချက်၊ ဘယ်ဘက်ပေါင်တွင် တစ်ချက်၊ ညာဘက်ဒူးအထက်နားတွင် ထိရှခဲ့ပြီး ဒဏ်ရာမှာ စိုးရိမ်ရသဖြင့် ခိုလမ်ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❖



မိုင်းရှူးမြို့ ပြည်သူ့ဆေးရုံ၌ မအေးကြိမ်ကို တွေ့ရစဉ်။

# ဘောနီအမြန်လမ်းမကြီး ရဲစခန်းအပိုင်၌ ခရီးသည်တင်မော်တော်ယာဉ်တစ်စီး မတော်တဆဖြစ်

**နေပြည်တော် အောက်တိုဘာ ၇**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၄၉/၀)နှင့် (၄၉/၁) အကြား နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း မြစိုး မောင်းနှင်လာသော ဝေဖြိုးအောင် (Express) ခရီးသည်တင်ယာဉ်တစ်စီးသည် ယနေ့ နံနက် ၇ နာရီခန့်က မိုးရွာသွန်းနေချိန် စလစ်ဖြစ်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ် ကပ်တုံးကိုတိုက်မိကာ လမ်းဘေး မြေသားပေါ်ရောက်ရှိ ရပ်တန့်သွားသည်။



အဆိုပါ ယာဉ်မတော်တဆမှုကြောင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀ ခန့် ပျက်စီးသွားပြီး ယာဉ်ပေါ်ပါခရီးသည် ၃၁ ဦးလုံး ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

ယာဉ် မတော်တဆမှုကြောင့် ယာဉ်မောင်းမြစိုးကို ဘောနီအမြန်လမ်းမကြီး ရဲစခန်းက ယာဉ်(ပ)၃၀/၂၀၁၆၊ ရာဇသတ်ကြီး ပုဒ်မ ၂၇၉ အရ အမှုဖွင့်အရေးယူထားကြောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ထိုကဲ့သို့ ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းရေး သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သော ယာဉ်များကို အမြန်နှုန်းတိုင်းကိရိယာများဖြင့် စစ်ဆေးတိုင်းတာအရေးယူလျက်ရှိရာ ယမန်နေ့က (၂၁) မိုင် နေပြည်တော် တိုးဂိတ်တွင် ၄၉ စီး၊ အမှတ်(၃)လမ်းဆုံတိုးဂိတ်တွင် ၂၁ စီး ဖမ်းဆီးနိုင်ခဲ့သည်။ စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၆ ရက်အထိ စုစုပေါင်း ဖမ်းဆီးယာဉ် ၁၄၉၄ စီး ရှိပြီး ၁၂၀၈ စီးကို တရားစွဲတင်ပြီးဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# နယ်လှည့် မှုခင်းကျဆင်းရေး အသိပညာပေး

**ဒေးဒရဲ အောက်တိုဘာ ၇**

ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးနှင့် အန္တရာယ်ကင်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်စေရေးကို ရှေးရှုလျက် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့ နယ်လှည့်မှုခင်းပညာပေး ပြခန်းယာဉ်သည် တိုင်းဒေသကြီးအတွင်း အစီအစဉ်အလိုက် လှည့်လည်ပြသ မှုခင်းအသိပညာ နိုးကြားစေရေး ဝန်ဆောင်မှုပေးလျက်ရှိရာ အောက်တိုဘာ ၆ ရက်တွင် ဖျာပုံခရိုင် ဒေးဒရဲမြို့သို့ ရောက်ရှိပြသခဲ့ကြောင်းသိရသည်။

အဆိုပါ နယ်လှည့်မှုခင်းအသိပညာပေးပြခန်းယာဉ်သည် ဒေးဒရဲမြို့ (၁)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ချောင်းဖျားကျေးရွာအုပ်စုရှိ မြို့မအခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရှေ့နေရာများတွင် သတ်မှတ်ချိန်နှင့်အညီ ရပ်တန့်ပြသကြရာ ဒေးဒရဲမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ခရီးသွားပြည်သူများနှင့် စိတ်ပါဝင်စားသူများက တစ်ခဲနက် လာရောက်၍ ပြသထားသည့် မှုခင်းကျဆင်းရေး အသိပညာပေးနံရံကပ်ပုံများ၊ ဓာတ်ပုံများ၊ မှတ်တမ်းဇာတ်လမ်းများ၊ ပြသထားမှုနှင့် လက်ကမ်းစာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာမှတ်သားခဲ့ကြကြောင်း သိရသည်။

**(သပြေထွန်း)**

**အထကမြန်အောင်(၁၅)ကြိမ်မြောက်အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ**

မြန်အောင်မြို့၊ အခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်(တနင်္ဂနွေနေ့)(သီတင်းကျွတ်လကွယ်နေ့) မွန်းလွဲ ၁ နာရီတွင် အငြိမ်းစား ဆရာကြီး/ဆရာမကြီး (၁၃၈)ဦးကို မြန်အောင်အထကခန်းမ၌ ပူဇော်ပွဲကျင်းပပြုလုပ်မည် ဖြစ်သည်။

အာစရိယပူဇော်ပွဲအခမ်းအနားသို့ ၁၉၅၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)နှစ်အထက် အငြိမ်းစားဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးစိုးဝင်း(တရားလွှတ်တော်ရှေ့နေ) ဖုန်း-၀၉၄၂၂၄၅၈၁၁၉၊ ဦးထွန်းလင်း (ရွှေနဂါးရောင်းဝယ်ရေး) ဖုန်း-၀၄၄-၅၀၂၉၁၊ ဦးခင်မောင်ဝင်း (ရွှေမင်းသားဖျော်ရည်စုံ) ဖုန်း-၀၄၄-၅၀၂၈၅၊ ဦးဝင်းမော်(ဂိုလ်းစတားအီလက်ထရွန်နစ်) ဖုန်း၀၄၄-၅၀၁၃၁။ ဒေါ်ခင်ကြူကြူ(စိန်အကယ်ဒမီရွှေဆိုင်) ဖုန်း-၀၄၄-၅၀၁၉၂၊ ဦးရဲသူအောင် ဖုန်း-၀၉-၇၈၉၅၉၉၁၆၉၊ ဒေါက်တာဘုန်းပြည့်နိုင် ဖုန်း-၀၉-၇၈၄၇၇၂၆၂၃၊ ကိုကျော်ဇေယျာညွန့် ဖုန်း-၀၉-၇၉၉၄၆၀၀၈၀ နှင့် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ၏ ကမ္ဘောဇဘဏ်လီမိတက်(မြန်အောင်ဘဏ်ခွဲ) Account No.1031220001732 သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မှ ဆရာကြီး/ဆရာမကြီးများသည် မိမိအစီအစဉ်ဖြင့် ၂၉-၁၀-၂၀၁၆ ရက်တွင် အောင်မင်္ဂလာ အဝေးပြေးကားဝင်း "ဧရာသစ္စာ" ည ၈း၃၀ နာရီကားဖြင့် လိုက်ပါကြရန်နှင့် ကိုခင်ဇော်ဝင်း (မန်နေဂျာ-ဧရာသစ္စာကားဂိတ်) ဖုန်း-၀၉-၄၂၅၀၀၇၉၄၃၊ ၀၉-၇၉၈၃၇၅၈၇၅ နှင့် ကိုဝင်းထိန် ဖုန်း-၀၉-၅၀၁၄၃၅၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ၊ မြန်အောင်မြို့**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တိုးချဲ့)၊ မြေကွက်အမှတ်(၁၆၀)၊ မြေကွက်တည်နေရာအမှတ်(၁၆၀)၊ သုနန္ဒာလမ်း (ဦးသက်ထားဝေ) [၁၂/လသန(နိုင်)၀၁၂၆၈၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဖခင် ဦးသက်ထားဝေ ကွယ်လွန်သဖြင့် ဦးကျော်သက်လူ[၁၂/လသန(နိုင်)၀၁၁၆၉၈]မှ တစ်ဦးတည်းသောသားတော်စပ်ကြောင်း၊ ဖခင်၏နောက်အိမ်ထောင် ဒေါ်ဝင်းဝင်းကြည် ၁၅-၃-၂၀၀၉ ရက်တွင် ကွယ်လွန်၍ ၎င်းနောက်အိမ်ထောင်ဖြင့် သားသမီးမထွန်းကားကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ မိခင်ဒေါ်မြမြအေး[၁၂/စခန(နိုင်)၀၄၆၅၃၈]နှင့် ဖခင်တို့ ကွာရှင်းပြတ်စဲပြီးကြောင်း မိခင်၏ ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



The VOICE weekly

အပတ်စဉ် စနေနေ့တိုင်း ထွက်ပြီ

သတင်း : 01- 242424, 389207, 09 9772 04248.
ကြော်ငြာ : 09 4211 07770, 09 517 6835.
ဖြန့်ချိရေး : 09 4211 18327
webiste : http//www.thevoicemyanmar.com

**ရောင်းမည်**

မရမ်းကုန်း၊(၅)ရပ်ကွက်၊ (တောင်ရေတွင်း) လေဆိပ်၊ စော်ဘွားကြီးကုန်း၊9 mile Ocean တို့အနီး၊ပေ(၁၀၀)၊ ပတ်လည်RC(၂)ထပ်၊ရေမီးစုံ၊သိန်း(၁၀၀၀၀)။

**Ph:09-5014727,09-5200262, 01-656450**

**အိမ်ခန်းငှားမည်**

ဇောတိကအိမ်ရာ၊ သင်္ဃန်းကျွန်း၊ 1MB,2SB ပစ္စည်းအစုံ၊ ကားပါကင်ပါပြီး။

**Ph:09-257128283**

**အမည်ပြောင်း**

ဝါးခယ်မမြို့နယ်၊ ဆူးတွင်း အထကမှ အဖ ဦးသိန်းဇော်၊ အမိ ဒေါ်မြင့်မြင့်ဆွေ၏သား ပထမတန်း ကျောင်းသား မောင်ဇင်ပိုင်ဝင်းအား မောင်ဇင်မင်းလတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇင်မင်းလတ်**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်-၂၄/က၊ အာသာဝတီလမ်း၊ (၄၀)ရပ်ကွက်၊ မြေတိုင်းအမှတ်-၄၀၊ မြေကွက်အမှတ်-၂၄ ဟုခေါ်တွင်သည့် ဦးသန်းဌေး အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ထဲမှ ပေ(၂၀×၆၀) နှစ်(၆၀)ဂရန်မြေကွက်နှင့် အိမ်ကို အရပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ခင်အေး[၁၂/ပဇတ(နိုင်) ၀၂၃၈၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၄-၁၀-၂၀၁၆ရက်တွင် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုအိမ်မြေနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်စန်းချိုဦး LL.B.,D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၇၀/၂၀၁၁)
အမှတ်-၆၄၆၊ အခန်း-၂/၄၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ (၁၂)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၃၆၁၃၉၊ ၀၉-၂၅၂၉၉၄၉၈၈

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြရတနာလမ်း၊ မြေကွက်အမှတ်-၁၂၃၂(က)၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဦးကျော်ဦးမြင့်[၁၂/သကတ(နိုင်)၀၂၄၁၅၄]ထံမှ အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ရန်အတွက် ကျွန်မ ဒေါ်သီတာဝင်း[၁၂/သကတ(နိုင်)၁၂၂၉၆၅]က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာဝင်း[၁၂/သကတ(နိုင်)၁၂၂၉၆၅]**
**အမှတ်(၁၂၃၃/က)၊ မြရတနာလမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်**
**ဖုန်း-၀၉-၇၃၀၁၁၉၆၃**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် “ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး” ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဗိုနင်၏ လူမှုဘဝအတွေ့ထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




**အသံရဲ့ သဘာဝ**

အသံတွေကတော်တော် ပြဿနာရှိတာကိုလူတိုင်းသတိထားမိကြမယ် ထင်ပါတယ်။ ကျွန်တော် မခံနိုင်ဆုံးကတော့ ဟွန်းသံပါ။ ဟွန်းသံဆက်တိုက်ကြားတာနဲ့ သွေးကအလိုလိုဆူလာတယ်၊ ဒေါသကငယ်ထိပ်ကိုဆောင့်တက်သွားပါတယ်။

တကယ်တော့ ကျွန်တော် သီချင်းဖွင့်ရင်၊ ရုပ်ရှင်ကြည့်ရင် အသံကျယ်ကျယ်နဲ့မှ ကြိုက်ပါတယ်။ ကျွန်တော့်အိမ်သူကအဲဒါကိုနားမခံနိုင်ပါဘူး။ အမြဲအသံတိုးခိုင်းတတ်ပါတယ်။ သို့ပေမယ့် တခါတရံ၊ အပြင်ကမောမောပန်းပန်းနဲ့ ပြန်လာချိန်မှာသာမန် သီချင်းသံ၊ ရုပ်ရှင်သံကို ကျွန်တော် မခံနိုင်တော့ဘူး။ ဒေါသတကြီးနဲ့ တိုးပစ်မိတတ်ပြန်တယ်။

ကျွန်တော်ပဲသိပ်အကဲဆတ်လွန်းနေတာလား။ မဟုတ်သေးပါဘူးပေါ့။ ဒါနဲ့ လက်လှမ်းမှီသမျှ စာအနည်းအပါးလျှောက် ဖတ်ကြည့်မိရပါတယ်။ ပညာရပ်ဆိုင်ရာစာတွေလည်းတွေ့ရတယ်။ အဲဒီမှာသွားတွေ့ရတာကစိတ်ပညာသဘောအရကိုအသံတွေဟာလူ့စိတ်ကိုပြောင်းလဲစေတတ်၊ လူ့အပြုအမူကိုပြောင်းလဲစေတတ်၊ တဒင်္ဂရူးသွပ်သွားစေတတ်တာကိုသွားတွေ့ရပါတယ်။

များများမဟုတ်ပါဘူး။ တိရစ္ဆာန်လေးတွေတောင်မှ မျှော်လင့်မထားတဲ့ အသံတခုခုကို ရုတ်တရက်ကြားလိုက်တာနဲ့ ထခုန်တာမျိုးကိုတွေ့ဖူးကြမှာပါ။ လူရောဘာထူးလို့တုန်း။ သိပ်ကျယ်လောင်တဲ့ အသံတခုကို ကြားလိုက်ရတာပဲဖြစ်ဖြစ်၊ မျှော်လင့်မထားတဲ့အချိန်၊ မျှော်လင့်မထားတဲ့အချိန်မှာအတန်အသင့်ပဲ ကြားလိုက်ရုံနဲ့ဖြစ်ဖြစ် လန့်သွားတာ၊ ရုတ်တရက် အမူအရာပြောင်းသွားတာကိုတွေ့ဖူးကြမှာပါ။ ဘုရား၊ ရဟန္တာဆိုရင်တော့ တမျိုးဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ သာမန်လူအတွက် ကတော့ အသံတွေဟာလူတွေရဲ့ စိတ်နဲ့ ရုပ်ကိုပြောင်းလဲစေတတ်တယ်ဆိုတာလက်ခံနိုင်ကြမယ် ထင်ပါသဗျာ။

အဲ့လိုဖတ်မိတဲ့အထဲကမှ အတိုတကာ့ အတိုဆုံးစာတပုဒ်ကိုဘာသာပြန်ပြချင်ပါတယ်။

**ဘာသာပြန် အပြည့်အစုံ**

ခေါင်းစဉ်ကတော့ မီဆိုဖိုနီယာ - စိတ်အနှောင့်အယှက်ဖြစ်စရာအသံတွေကကိုယ့်ကိုစိတ်မထိန်းနိုင်အောင် ဖြစ်စေတဲ့အခါလို့ ရေးထားပါတယ်။ ၂၀၁၁ ခုနှစ် ဟပ်ဖှင်(ဂ်)ထန်ဖို့(စ်)(ထ်) သတင်းစာထဲကကျန်းမာစွာနေထိုင်ရေးကဏ္ဍမှာဖော်ပြထားတဲ့ ဆောင်းပါးလည်းပဲ ဖြစ်ပါတယ်။မူရင်းကိုhttps://goo.gl/es8TQမှာဖတ်နိုင်ကြပါလိမ့်မယ်။ ဘာသာပြန်ရာမှာ မလိုအပ်ဘူးလို့ထင်တဲ့ စာသားတချို့၊ ဥပမာဘယ်သူကဘယ်သူ့ကိုပြောတယ်ဆိုတာမျိုးကိုချန်လှပ်ထားခဲ့တာကလွဲလို့ သူ့မူရင်းကိုဆီလျော်အောင် ပြန်ဆိုထားပါတယ်။ ဖတ်ရှုတော်မူပေးကြပါဦး။

သူငယ်ချင်းတယောက်ပဲ ဖြစ်ဖြစ်၊ လုပ်ဖော်ကိုင်ဖက်ပဲဖြစ်ဖြစ်၊ သူစိမ်းတယောက်ပဲဖြစ်ဖြစ် ကိုယ်နဲ့ကပ်ပြီးတန်းစီနေတဲ့ အချိန်မှာတပျပ်ပျပ်နဲ့ တခုခုကိုခပ်ကျယ်ကျယ်လေးဝါးနေသံဟာသဘောကောင်းတဲ့သူကိုတောင်မှ စိတ်အနှောင့်အယှက် ဖြစ်သွားစေနိုင်ပါတယ်။ သို့ပေမင့် တချို့သူတွေအတွက်ကျတော့ လုံးဝကိုသည်းမခံနိုင်တော့ဘဲထချရင်ချ၊ မချရင်ပြေးဆိုတဲ့ အခြေအနေအထိရောက်သွားစေနိုင်ပါတယ်။

အဲဒီ့အခြေအအနေကိုမီဆိုဖိုနီယာလို့ ခေါ်ပါတယ်။ တိုက်ရိုက်ဘာသာပြန်ရင်တော့ အသံမုန်းတာပေါ့။ တပျပ်ပျပ်နဲ့ ကျယ်ကျယ်လောင်လောင် ဝါးသံ၊ ရေတပေါက်ပေါက် ကျနေသံ၊ အဟမ်း၊ အဟမ်းဆိုပြီးချောင်းဟန့်နေသံတွေလိုမျိုးကြားနေကျ အသံတွေဟာလူတယောက်ကိုပုံမှန်ထက် ပိုပြီးစိတ်လှုပ်ရှားစေ၊ ဒေါသဖြစ်စေနိုင်ပါတယ်။ အဲဒါကိုအသံရွေးပြီးမှ အထိမခံနိုင်တဲ့ ရောဂါ (အက်ဟစ်‘လေးလုံးရောဂါ - Selective Sound Sensitivity Syndrome) လို့ဖြစ်ဖြစ်၊ ဟိုက်ပါရာခူးဆစ်(စ်) (hyperacusis) လို့ဖြစ်ဖြစ်လည်း ခေါ်ကြပါတယ်။

“ကြားနေရသမျှ အားလုံးက ကျွန်မကိုဆူပွက်နေတဲ့ ဒေါသအိုးဖြစ်သွားစေပါတယ်။ ဒါနဲ့ စိတ်လျှော့ဖို့ ကိုယ့်ကိုယ်ကိုယ် ပြောယူရတယ်”လို့ မီဆိုဖိုးနီးယားဝေဒနာရှင် အမျိုးသမီးကပြောပါတယ်။ သူ့ယောကျ်ားရဲ့ တပျပ်ပျပ် ဝါးသံကိုမခံနိုင်တော့တဲ့အဆုံးညစာစားချိန်ဆိုတခြားအခန်းမှာ သွားသွားထိုင်နေရပါသတဲ့။

လူအတော်များများဟာမီဆိုဖိုးနီးယားရောဂါကိုအသက် ၁၀ နှစ်အရွယ် ပတ်ဝန်းကျင် ကလေးဘဝနောက်ဆုံးပိုင်းမှာရလာတတ်ကြပြီးအသက်ကြီးသထက်ကြီးလာတာနဲ့အမျှ ပိုဆိုးလာတယ်၊ ဒေါသဖြစ်စေတဲ့ အသံတွေကလည်း ပိုများလာတယ်လို့ နျူးယော့(ခ်) ထိုင်း(မ်)(ဇ်)သတင်းစာကဆိုပါတယ်။ သည်အခြေအနေနဲ့ပတ်သက်လို့ သုတေသနများများစားစားမလုပ်ရသေးသလို ဆရာဝန်တချို့ဆိုသည်ရောဂါအကြောင်းတခါဆိုတခါမှ ကြားတောင် မကြားဖူးကြပါဘူး။

နျူးယော့(ခ်) ထိုင်း(မ်)(ဇ်)အလိုအရသည်စံလွဲမှုကိုခံစားနေရသူများဟာ အသံကျယ်လို့ စိတ်အနှောင့်အယှက် မဖြစ်ကြ ပါဘူး။ ကြားနေကျ အသံကိုပဲ ခပ်တိုးတိုးနဲ့ ဆက်တိုက်ကြားနေရခြင်းကသာသူတို့ကိုနေမထိထိုင်မသာဖြစ်စေတာပါတဲ့။ သည်အသံတွေနဲ့ တွဲနေတဲ့ ခံစားချက်တွေဟာမီးတောင်ပေါက်ကွဲသလိုပေါက်ကွဲတာမျိုးပါလို့ အရီဂယ်(န်) ထစ်နစ်ထပ်(စ်)နဲ့ ဟိုက်ပါရာခူးဆစ်(စ်) ဆေးရုံကဒေါက်တမာရှာဂျော(န်)ဆယ်(န်)က ပြောပါတယ်။

မီဆိုဖိုးနီးယားကိုကုနိုင်တဲ့ ဆေးမရှိသေးဘူး။ သည်အခြေအနေကိုရောက်နေသူတွေဟာအဲလိုမောင်းဖြုတ်တဲ့ အသံတွေကိုရှောင်နည်းသာရှာနေကြရတယ်လို့ ဒလာ့(စ်)ရှိ တက္ကဆက်(စ်)တက္ကသိုလ်ကအာရုံကြောသိပ္ပံပညာရှင် ဒေါက်တာအာ့(ဂ်ျ) အာ(ရ်) မော်လာကပြောပါတယ်။ အကြားစံလွဲနေတာကတကယ့်အဓိက ပြဿနာမဟုတ်ဘူး၊ အသံကြောင့် သူတို့ ဦးနှောက်တွေအသက်ဝင် ခလုတ်ပွင့်လာတာကပိုအရေးကြီးတယ်လို့ သူကဆိုပါတယ်။

အဆင်ပြေဖို့အတွက် သည်လိုအခြေအနေမျိုးကိုရင်ဆိုင်နေရသူတွေဟာ နားဆို့တာတွေ၊ ကိုယ့်ဒေါသကိုမောင်းဖြုတ် ဖြစ်စေတဲ့ အသံတွေကို မြုပ်သွားစေမယ့် သိပ်မဆူတဲ့ အသံမျိုးတွေကိုဖွင့်ထားနိုင်ပါတယ်လို့ ဗြိတိန် မိဆိုဖိုးနီးယား(အသင်း)က ဆိုပါတယ်။ အိပ်မွေ့ချ ကုထုံးအပါအဝင် သိမှတ်မှု အမူအကျင့် ကုထုံးတွေကိုလည်းအစားထိုးကျင့်သုံးနိုင် ပါသတဲ့။

ဖိုနိုဖိုဘီယာလို့ ခေါ်တဲ့ အသံကြောက်ရောဂါ၊ တချို့သောတုန်ခါမှုကြောင့် နာကျင်ခံစားရတာလို့ ဆိုတဲ့ ဟိုက်ပါရာခူးဆစ်(စ်)တို့နဲ့ သည်အခြေအနေက မတူသလိုထစ်နစ်ထပ်(စ်)ဆိုတဲ့ နားထဲတကျီကျီမြည်နေလို့ စိတ်ကသိကအောက်ဖြစ် တာနဲ့လည်းမတူဘူးလို့ ဆိုကြပါတယ်။

**အန္တရာယ် ဒက်ဆီဘယ်(လ်)**

ဒါကသိပ်မကျယ်တဲ့ အသံပေမယ့် ဆက်တိုက်ကြားနေရရင် လူတွေမှာဖြစ်ကုန်တတ်တဲ့ စိတ်အပြောင်းအလဲကိုပြောထားတဲ့ ဆောင်းပါးလေး ဖြစ်ပါတယ်။ ဒါဆိုသိပ်ကျယ်လွန်းတဲ့ အသံကိုဆက်တိုက်ကြားနေရသူတွေရဲ့ စိတ်မှာဘယ်လိုတွေ ဖြစ်ကုန်နိုင်သလဲဆိုတာ စာဖတ်သူလူကြီးမင်းများဆက်လက်ဆင်ခြင်တွေးဆနိုင်ကြပါလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ပါကစ္စတန်နိုင်ငံမှာ ပြုလုပ်ခဲ့တဲ့ သုတေသနတရပ်မှာတော့ ၈၅ ကနေ ၁၀၆ ဒက်ဆီဘယ်(လ်) အတွင်းလောက်ကိုတချိန်လုံး ကြားနေရသူတွေထဲမှာ သွေးတိုးလာသူကက ၈၇ %၊ အာရုံမစိုက်နိုင်သူက ၉၃ %၊ ခေါင်းကိုက်လာသူက ၇၄ %၊ လူအများနဲ့ အဆင်မပြေပဋိပက္ခဖြစ်ရသူက ၇၁ %၊စိတ်ဖိစီးမှုဒဏ်ခံရသူက ၆၅ %၊ စိတ်အနှောင့်အယှက်ဖြစ်ရ၊ ဒေါသဖြစ်ရသူက ၅၄ % စသဖြင့်တွေ့ရပါတယ်။ ၈၅ ဒက်ဆီဘယ်(လ်)ဆိုတာယာဉ်တွေ ဥဒဟိုသွားနေတဲ့ လမ်းပေါ်ကအသံလောက်ပါ။ ၁၀၆ ဆိုရင် လယ်ထွန်စက်သံလောက်ဖြစ်ပါတယ်။ (ရည်ညွှန်း:https://goo.gl/UO4k44)

အန္တရာယ်ရှိတဲ့ ဒက်ဆီဘယ်(လ်)များဆိုတဲ့ အဖွဲ့အစည်းတခုကဒက်ဆီဘယ်(လ်)ဘယ်လောက်နဲ့ဆိုဘယ်လောက်ကြာကြာနားခံသင့်သလဲဆိုတဲ့ ဇယားတခုလည်းထုတ်ထားတာတွေ့ရပါတယ်။ (ttps://goo.gl/4qpG3Sမှာကြည့်နိုင်ပါတယ်) ၈၅ ဒက်ဆီဘယ်(လ်)ဆိုရင် ၈ နာရီအထိခွင့်ပြုနိုင်ပါသတဲ့။ ၉၇ ဒက်ဆီဘယ်(လ်) (ဆံပင်ခြောက်အောင် မှုတ်တဲ့စက်သံလောက်) ဆိုရင် နာရီဝက် အထိ၊ ၁၀၀ ဒက်ဆီဘယ်(လ်)ဆိုရင် ၁၅ မိနစ်၊ ၁၁၅ ဒက်ဆီဘယ်(လ်)ဆိုရင် တမိနစ်လောက်ပဲခွင့်ပြုသင့်တယ်လို့ အဲဒီ့ ဇယားမှာတွေ့ရတယ်။ ၃ ဒက်ဆီဘယ်(လ်)တိုးတိုင်း ဖြစ်နိုင်ချေရှိတဲ့ အပျက်အစီး (ဇီဝကမ္မပိုင်း၊ စိတ်ပိုင်းထိခိုက်မှု) တွေ ပေါ်ပေါက်မလာခင် ခွင့်ပြုနိုင်တဲ့ (အဲဒီအသံကို နားခံနိုင်တဲ့) အချိန်ကာလကတဝက်လျော့သွားတယ်လို့ ရေးထားတာလည်းတွေ့လိုက်ရပါတယ်။

**တခုခုလုပ်သင့်ချိန်တန်**

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာဘယ်လိုအသံတွေက ကျွန်တော်တို့ကိုဒုက္ခပေးနေသလဲဆိုတာအားလုံးအသိပါ။ စိတ်တွေ အနှောင့်အယှက်ဖြစ်နေကြရ၊ မလိုအပ်ဘဲစိတ်ဖိစီးမှုတွေ ခံနေကြရ၊ အလိုလိုနေရင်းဒေါသတွေထွက်နေကြရတဲ့ အဖြစ်ကိုအားပါးတရဖန်တီးနေသူတွေဟာ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာရှိနေပါတယ်။ မြန်မာပြည်ကိုတခါမှ မရောက်ဖူးသူ နိုင်ငံခြားသားတယောက်ဆို ၁၁၅ ဒက်ဆီဘယ်(လ်) ထက်များမှာသေချာတဲ့ အသံကိုဆက်တိုက်ကြားနေရတာကြောင့် ရုတ်တရက် စိတ်မထိန်းနိုင် ဖြစ်သွားမိတာလေးနဲ့တင် ဒုက္ခများရှာပါပြီ။

တချို့တွေဟာကိုယ့်ကြောင့် သူတပါးကိုအနှောင့်အယှက်မဖြစ်အောင် ဆင်ခြင်တတ်တဲ့ စိတ်ရင်းကောင်းကိုဘာဖြစ်လို့ မမွေးမြူနိုင်ကြတော့တာလဲ။ သူတပါးတောင် မဟုတ်ဘူး၊ ကိုယ့်ပတ်ဝန်းကျင် တခုလုံးကိုအနှောင့်အယှက်ဖြစ်စေမှန်းမသိတတ်ကြတော့အောင် သည်လူတွေမှာဘယ်လိုအဝိဇ္ဇာတွေ ဖုံးလွှမ်းကုန်ကြပြီလဲ။ သည်လူတွေကိုတားမယ့်၊ ဆီးမယ့်၊ ကန့်သတ်မယ့် ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ မရှိတော့ဘူးလား။ အဲဒါတွေကိုဆက်လက် မျက်ကွယ်ပြုထားကြဦးမှာလား။ လူတွေမှာစိတ်ဖိစီးမှုတွေ ပိုပိုများလာတာကိုလက်ပိုက်ကြည့်နေခြင်းက နိုင်ငံတိုးတက်ရေးအတွက် ဘယ်လိုများအထောက်အကူဖြစ်လာမှာလဲ။

မေးခွန်းတွေ တသီတတန်းကြီးပေါ်လာပါတယ်။ ဒါ ကြေးမုံမှာဒုတိယအကြိမ် ရေးလိုက်တာပါ။ သည်စာကိုဘာ့ကြောင့်ရေးတယ်ဆိုတာလည်း စာဖတ်သူ လူကြီးမင်းများကသဘောပေါက်ကြလိမ့်မယ်လို့ မရဲတရဲမျှော်လင့်နေမိရပါတယ်။ အားလုံးအတွက် တွေးဆဆင်ခြင်စရာတစုံတရာရသွားမယ် ထင်ပါတယ် ခင်ဗျား။

## ရေကျနောက်စိုက်ဧရိယာစပါးစိုက်ခင်းများတွင် ကောက်ကွက်ပြည့်မီရေးနှင့် မျိုးသန့်စိုက်ခင်း(၅)ကေတွင် မျိုးကွဲနုတ်ပယ်ခြင်းစုပေါင်းဆောင်ရွက်

**ဘားအံ အောက်တိုဘာ ၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကော့တရုတ်ရကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၁၈/က)၊ ဦးပိုင် အမှတ်(၄၅)၊ တောင်သူဦးအဒိနှင့်တောင်သူငါးဦး၏ ရေကျနောက်စိုက်ဧရိယာ စပါးစိုက်ခင်းတွင် စပါးအထွက်နှုန်း တိုးရေးနှင့် တစ်ဧကောက်ကွက်ပြည့်မီစေရန်အတွက် ကြိုးတန်းဆွဲဘောင်ဖော်စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းကို ခရိုင်စိုက်ပျိုးရေးဦးစီးမှူးဒေါ်အေးမေ၊ မြို့နယ်ဦးစီးမှူးဦးထွန်းထွန်းဦး၊ ခရိုင်(မြေ၊ မျိုး၊ ပိုး)တာဝန်ခံများသည် ဝန်ထမ်းများ၊ တောင်သူများနှင့် ကောက်စိုက်သမများအား စက်တင်ဘာ ၂၉ ရက်နေ နံနက်၉ နာရီတွင် လက်တွေ့သရုပ်ပြ စိုက်ပျိုးကြသည်။

ဆက်လက်၍ အိန္ဒဲကျေးရွာ၊ ကွင်းအမှတ် ၁၁၆၈ ၊ ဦးပိုင်အမှတ် ၁၉၈၊ တောင်သူဦးကြာရင်၏ (RS to CS) မျိုးသန့်စိုက်ခင်း ငါးဧကတွင် ကွင်းဆင်းစစ်ဆေးခြင်းနှင့် မျိုးကွဲနုတ် ပယ်ခြင်းနည်းစနစ်များအားခရိုင်ဦးစီးမှူးမှ ဝန်ထမ်းများ၊ ကျေးရွာနေတောင်သူများအား ရှင်းလင်းပြသခဲ့ပြီး စပါးစိုက်ခင်းအတွင်း မျိုးးကွဲနုတ်ပယ်ခြင်းကို စုပေါင်းလက်တွေ့ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**



# လူနေအိမ်များအတွင်း မိတ္ထီလာကန်ရေဝင်ရောက်သည့် အုတ်နဲ့ဘုတ်ကျေးရွာမှ အိမ်ထောင်စု ၂၉ စုအား ရေသန့်နှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်



**မိတ္ထီလာ အောက်တိုဘာ ၇**
မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိတ္ထီလာကန်ရေမြင့်တက်ကာ ကန်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့် အုတ်နဲ့ဘုတ်ကျေးရွာမှ အိမ်ထောင်စု ၂၉ စုအား သောက်ရေသန့်နှင့် ထောက်ပံ့ရေးပစ္စည်းများကို အောက်တိုဘာ ၅ ရက် မွန်းလွဲ ၂ နာရီက အင်းပက်လက်ကျေးရွာလှေဆိပ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ဦးစီးဌာနက ကျေးရွာသားများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

"သောက်ရေသန့်နဲ့ ဆန်၊ ဆီ၊ ခေါက်ဆွဲထုပ်၊ အစားအသောက် ထောက်ပံ့ရေးပစ္စည်းတွေကို အုတ်နဲ့ဘုတ်ကျေးရွာက မိတ္ထီလာကန်ရေဝင်ရောက်ခဲ့တဲ့ အိမ်ထောင်စု ၂၉ စု၊ လူဦးရေ ၁၅၀ အတွက် ထောက်ပံ့ပေးအပ်ခဲ့တာပါ။ အုတ်နဲ့ဘုတ်ကျေးရွာအထိ သွားရောက်ပေးအပ်ထောက်ပံ့ဖို့က မိုးရွာထားပြီး လမ်းပန်းဆက်သွယ်ရေးအဆင်မပြေလို့ အင်းပက်လက်ကျေးရွာက လှေဆိပ်မှာပဲ လာရောက်ထောက်ပံ့ပေးခဲ့ပါတယ်။ ရွာက လူနေအိမ်တွေက ကန်ရေကျသွားပြီး သောက်သုံးရေအခက်အခဲမရှိတဲ့အထိ တစ်ရက်ခြားတစ်ခါလောက်တော့ သောက်ရေသန့်တွေ ထောက်ပံ့ပေးဖို့လည်း စီစဉ်ထားပါတယ်" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးဇော်မြင့်က ပြောသည်။

အုတ်နဲ့ဘုတ်ကျေးရွာသည် မိတ္ထီလာမြောက်ကန်၏ အနောက်ဘက်ကန်နှင့် ကပ်လျက်တည်ရှိကာ မိတ္ထီလာကန်ရေမြင့်တက်မှုကြောင့် ကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး သောက်ရေတွင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ကာလအတွင်း တူးဖော်ပေးထားသည့် မြေသားသောက်ရေကန်တို့မှာ ကန်ရေအောက်ရောက်ရှိသွားပြီး လူနေအိမ် ၂၉ အိမ်မှာလည်း ကန်ရေဝင်ရောက်မှုဒဏ်ကို ခံခဲ့ရသည်။

ကျေးရွာရှိ အိမ်ခြေ ၁၄၀ အနက် ကန်ရေဝင်ရောက်မှုဒဏ်ခံခဲ့ရသည့် လူနေအိမ် ၂၉ အိမ်မှ အိမ်ထောင်စုများအတွက် သောက်ရေသန့်နှင့် အစားအစာ၊ ထောက်ပံ့ရေးပစ္စည်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီထောက်ပံ့ခဲ့ပြီး ကန်ရေကျသွားလျှင် ကန်ရေအောက်ရောက်ရှိခဲ့သည့် မြေသားသောက်ရေကန်အခြေအနေပေါ်မူတည်၍ ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **၁၇၉**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကျေးလက်များသို့ကွင်းဆင်း၍ အသိပညာပေး ဟောပြောပွဲများပြုလုပ်

**မကွေး အောက်တိုဘာ ၇**
မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ်တွင် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ၏ လမ်းညွှန်မှု၊ ဒု-တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများပူးပေါင်း၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့ပေါ်ရပ်ကွက်များသာမက ကျေးလက်များအထိ ကွင်းဆင်း၍ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၅ ရက်တွင် ဘုရားပြို(တ)ရွာရှိ ကျေးလက်နေပြည်သူများ လျှပ်စစ်နှင့်ပတ်သက်သည့် သိကောင်းစရာများနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဟောပြောခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ဇဖဲ)**

## စပါးမျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း မျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်



**နတ်တလင်း အောက်တိုဘာ ၇**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကျခတ်ဝါးရုံကျေးရွာ ကွင်းအမှတ်(၂၅၉) အတွင်းရှိ တောင်သူဦးအေးစိုးအပါအဝင် လယ်သမား ငါးဦးတို့မှ စိုက်ပျိုးထားသော ရတနာတိုးစပါးမျိုးသန့်မျိုးစေ့ထုတ်ဧက ၂၀ မျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြပွဲအား အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီတွင် အဆိုပါစပါးစိုက်ကွင်း၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပခဲ့သည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမြင့်လွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်မြလွင်က မျိုးသန့်စပါးထုတ်လုပ်ရန်အတွက် လယ်ယာမြေထွန်ယက်နည်း၊ မျိုးစေ့ချပုံနည်းစနစ်များ၊ စပါးအထွက်တိုးရန်အတွက် ဓာတ်မြေသြဇာအသုံးပြုပုံနည်းစနစ်များ၊ မျိုးမတူသောစပါးပင်များအား နုတ်ပယ်ခြင်းပြုလုပ်ရမည့်အချိန်ကာလများ၊ စပါးစိုက်ပျိုးရာတွင် ဟန်ချက်ညီညီပြုလုပ်မှသာ မျိုးကောင်းမျိုးသန့်ရရှိနိုင်မည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်မှသာ တစ်ဧကကို စပါးတင်းရာကျော်ထွက်ရှိနိုင်ကြောင်းနှင့်ပတ်သက်၍ ပြောကြားခဲ့ကြောင်း သိရသည်။

စိုက်ပျိုးထားသောစပါးခင်းများအား တက်ရောက်လာကြသူများက လှည့်လည်လေ့လာကြည့်ရှုခဲ့ပြီး အဆိုပါကွင်းသရုပ်ပြပွဲအခမ်းအနားသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသူနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု ၁၅ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ စုစုပေါင်း ၁၀၀ ကျော် လာရောက်ခဲ့သည်။ **(ဝ၇၁)**

## ကော့သောင်းမြို့တွင် အထွေထွေရောဂါဝေဒနာရှင်ပြည်သူများအား အခမဲ့စမ်းသပ်ကုသပေးမည်

**ကော့သောင်း အောက်တိုဘာ ၇**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီး၌ အောက်တိုဘာ ၇ ရက်က မြို့နယ်အတွင်းရှိ အထွေထွေရောဂါဝေဒနာရှင်ပြည်သူများအား ဇီဝိတဒါနကုသိုလ်အဖြစ် အခမဲ့စမ်းသပ်ကုသပေးမည်ဖြစ်ကြောင်းသိရသည်။

ယင်းဆေးကုသမှုအစီအစဉ်တွင် ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီးများဖြစ်သည့် အထွေထွေရောဂါအထူးကုသမားတော်ကြီးများ၊ အရိုး၊ အကြော၊ အဆစ် အထူးကုသမားတော်ကြီးများ၊ ဆီးချို၊ သွေးချိုရောဂါအထူးကုသမားတော်ကြီးများ၊ အစာအိမ်နှင့်အူလမ်းကြောင်း အထူးကုသမားတော်ကြီးများက မြို့နေဝေဒနာရှင်ပြည်သူများအား အောက်တိုဘာ ၇ ရက်မှစတင်ကာ အခမဲ့စမ်းသပ်ကုသပေးမည်ဖြစ်သည်။

ဆေးကုသမှုခံယူလိုသည့် ဝေဒနာရှင်များအနေဖြင့် ကော့သောင်းခရိုင်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်စမ်းသပ်စစ်ဆေးကုသမှုခံယူနိုင်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

## စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**နောင်ချို အောက်တိုဘာ ၇**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာတွင် စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပခဲ့သည်။

ယင်းကျောင်းဆောင်သစ်ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းစေတနာအဖွဲ့တို့က နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာနေပြည်သူများနှင့် ပူးပေါင်း၍ စုစုပေါင်းငွေကျပ်သိန်း ၄၂၀ ကျော် ကုန်ကျခံကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ (ပေ ၁၂၀ × ပေ ၃၀) ရှိ တစ်ထပ်စာသင်ကျောင်းဆောင် အဆောက်အအုံသစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် စေတနာအဖွဲ့မှ ပညာရေးငွေပဒေသာပင်အဖြစ် ငွေကျပ် ၆၆ သိန်းကို ပေးအပ်လှူဒါန်းခဲ့ရာ ကျေးရွာရှိ ပညာရေးငွေပဒေသာပင် ထိန်းသိမ်းရေးအဖွဲ့မှ လက်ခံရယူခဲ့ကြောင်း သိရသည်။ **ကျောက်မဲခရိုင်(ပြန်/ဆက်)**

## တိုးချဲ့မြို့ရေပေးဝေရေးအတွက် ရေပိုက်များ မြှုပ်နှံရေးပိုက်လိုင်းများစတင်တူးဖော်

**ကျွန်းစု အောက်တိုဘာ ၇**
ကျွန်းစုမြို့နယ်၌ မြို့ပေါ်ရပ်ကွက်နေပြည်သူများကို တိုးချဲ့ရေပေးဝေနိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် JICA ( ODA Loan ) ချေးငွေဖြင့် Oriental Consultant ကုမ္ပဏီ၏ ဂျပန်ပညာရှင်များ ပါဝင်သောအဖွဲ့မှဦးစီး၍ ကတ္တလူကျေးရွာ နဝရတ်ရေအိုင်မှ ကျွန်းစုမြို့သို့ ခုနစ်မိုင်ခန့်အကွာအဝေးရှိ ပေ ၃ သောင်းကျော်မှ ရေပိုက်လိုင်းများသွယ်တန်းကာ မြို့ရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယင်းရေပိုက်လိုင်းများသွယ်တန်းခြင်းကို အောက်တိုဘာ ၅ ရက်မှစတင်ကာ ရေပိုက်များမြှုပ်နှံနိုင်ရေး ပိုက်လိုင်းများ စတင်တူးဖော်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေပေးဝေရေးအတွက် အလျား (၂၈ ပေ × ၉ လက်မ)၊ အနံ (၂၈ ပေ × ၉ လက်မ)၊ အမြင့် ၆ ပေရှိရေသိုလှောင်ကန်တစ်ကန်နှင့် အလျား ၂၄ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၀ ပေရှိ ရေစစ်ကန်တစ်ကန်အား B.M.G (Building Myanmar Group) ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခြင်းဖြစ်သည်။

ရေပိုက်သွယ်တန်းရန်အတွက် အလျား ၁၉ ပေ၊ ငါးလက်မပိုက် အလုံး ၁၀၀၀ ကျော်နှင့် ခြောက်လက်မပိုက်အလုံး ၉၀၀ ကျော်ဖြင့် သွယ်တန်းမည်ဖြစ်ရာ ၎င်းပိုက်လိုင်းများမြှုပ်နှံနိုင်ရေး၊ စတင်တူးဖော်နေခြင်းများနှင့် ရေကန်များပြုလုပ်ခြင်း အစရှိသည်တို့ကို ကျွန်းစုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသိန်းညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **ရန်နိုင်(ကျွန်းစုပြန်/ဆက်)**

## အရေးပေါ်ကာလစီမံခန့်ခွဲရေးကော်မတီဝင်များနှင့် မြို့နယ်တည်ငြိမ်မှုထိန်းသိမ်းရေးပူးပေါင်းအဖွဲ့ဝင်များတွေ့ဆုံ

**ကျိုက်ထို အောက်တိုဘာ ၇**
သထုံခရိုင် အရေးပေါ်ကာလစီမံခန့်ခွဲရေးကော်မတီဝင်များနှင့် ကျိုက်ထိုမြို့နယ်တည်ငြိမ်မှုထိန်းသိမ်းရေး ပူးပေါင်းအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၅ ရက် ညနေ ၃ နာရီက ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ခရိုင်အရေးပေါ်ကာလ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးတေဇာအောင်က သထုံခရိုင်အုပ်ချုပ်ရေးမှူးမှ အဖွဲ့ဝင်များအနေဖြင့် ကျင့်သုံးရမည့်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လေ့လာရန်လိုအပ်ပြီး မမှန်မကန်သတင်းပေးပို့မှုများနှင့် အရေးယူဆောင်ရွက်သွားရမည့် အကြောင်းများကို ပြောကြားခဲ့သည်။

နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများနှင့်ပတ်သက်၍လည်း ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များချမှတ်၍ ဆောင်ရွက်သွားရန်၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုဖြင့် အပြန်အလှန်ညှိနှိုင်း၍ ပြဿနာများကို ပူးပေါင်းဖြေရှင်းသွားရန်၊ လူထုပညာပေးရေးအဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပြီး ပြဿနာများတွင် ဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်သူများသိရှိစေရန် ပြန်လည်ဖြေရှင်းနည်း ၃ မျိုးဖြင့် အရေးပေါ်ကာလဖြစ်စဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းခဲ့ရာ ခရိုင်အရေးပေါ်ကာလစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က မေးခွန်းများအား ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

# စစ်ကိုင်းကောင်းမှုတော်ရောက်အမျိုးသမီးများ ရွှေဘိုသနပ်ခါးကိုအားထားဝယ်ယူ

**စစ်ကိုင်း အောက်တိုဘာ ၇**

မြန်မာ့သနပ်ခါးမှာ ဆေးဖက်ဝင်သလို ရှေးယခင်ကတည်းက ယနေ့တိုင်အလှအပအတွက် အသုံးပြုလျက်ရှိသည်။ သနပ်ခါးနှင့်ပတ်သက်သမျှ ရွှေဘိုသနပ်ခါးသည် နာမည်ကြီးလှသည်။ စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားရောက်ဘုရားဖူးများမှာ ရွှေဘိုသနပ်ခါးကို အလေးထားကာဝယ်ကြသည်။ သနပ်ခါးသည်များမှာလည်း ရွှေဘိုသနပ်ခါးကို သီးခြားထားကာ ရောင်းချကြသည်။

ရွှေဘိုသနပ်ခါးမှာ ရှေးယခင်ကတည်းက နန်းသုံးတော်ဝင်သနပ်ခါးအဖြစ် ရပ်တည်လာခဲ့သည်။ ဝါဝင်းညက်ဖြူကာ မွှေးရနံ့သင်းသည့်အတွက် မြန်မာအမျိုးသမီးများ ပါးပြင်ထက် ပါးကွက်အဖြစ်တည်ရှိနေသော သနပ်ခါးပင်ဖြစ်သည်။ အလောင်းမင်းတရားလက်ထက်တွင် ရွှေဘိုနယ် ကဗွက်ရွာမှ သနပ်ခါးကို နန်းသုံးတော်ဝင်သနပ်ခါးအဖြစ် အသိအမှတ်ပြုထားကြောင်းသိရသည်။ ရွှေဘိုခရိုင် ဧရာဝတီမြစ်အနောက်ဘက်ကမ်း သီဟတောဘုရား အောက်ဘက် နှစ်မိုင်ကျော်တွင် ရှေးအခါက သိန်းကတောနယ်မြေဟူသော နယ်မြေတစ်ကွက်ရှိခဲ့သည်။ သီဟတောဘုရားနယ်ပယ်လှူဒါန်းရန်အတွက် ရွှေကြိုးသတ်မှတ်ရာတွင် ဘုရားဝတ္တကမြေအတွင်းမပါဝင်ဘဲ ကွက်ကျန်နေသည့်အတွက် တစ်ကွက်ဟုခေါ်ခဲ့ရာမှ နောက်ပိုင်းတွင် ကဗွက်ခေါ်သောရွာအဖြစ် ယနေ့တိုင်တည်ရှိနေသည်။

ကဗွက်ရွာထွက်သနပ်ခါးမှာ နန်းသုံးတော်ဝင်ဖြစ်သလို ကဗွက်ရွာနှင့် ဆက်စပ်နေသော ကုန်းတက်ရွာအနီးမှ သနပ်ခါးသည်လည်း နန်းသုံးတော်ဝင်ဖြစ်ခဲ့သည်။ ကုန်းတက်ရွာအနီး နွားချေးတောင်ပေါ်မှ သနပ်ခါးများမှာ အပွေးနီဝါရောင်ရှိကာ ရနံ့မွှေးထုံလွန်းသဖြင့် ရှေးအခါ သိန်းကတောတိုက်သူကြီးမင်းက ထိုသနပ်ခါးများကို စုဆောင်းခုတ်ယူကာ ပြည်ရွှေဘိုနန်းတော်သို့ ဆက်သွင်းကြောင်း သိရသည်။

လက်ရှိကာလတွင် ရွှေဘိုသနပ်ခါးကို အလေးအမြတ်ထားကာ ဝယ်ယူအသုံးပြုလျက်ရှိသည်။ စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားသို့ ရောက်သူတိုင်း ရွှေဘိုသနပ်ခါးကို ဝယ်ယူလေ့ရှိသည်။ အများအားဖြင့် ဘုရားဖူးရင်း စိတ်တိုင်းကျရွေးဝယ်လေ့ရှိသည်။ လက်ရှိကာလတွင် စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားတွင် ရွှေဘိုသနပ်ခါးအများစု ရောင်းချပြီး သနပ်ခါးဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။ အထူးသဖြင့် စနေ၊ တနင်္ဂနွေနှင့် အခါကြီးရက်ကြီးများတွင် ပိုမိုရောင်းအားကောင်းသည်။ စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားတွင် ရွှေဘိုမြို့မှ ရွှေဘိုသနပ်ခါးကို မှာယူရောင်းချကြပြီး ကောင်းမှုတော်ဘုရားလာသူတိုင်း အားထားရောင်းချလျက်ရှိကြောင်း သိရသည်။ **နွေနဒီ(မြစ်ငယ်)**



# တာချီလိတ်ခရိုင်ရှိ ကျွန်းစိုက်ခင်းများနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

**တာချီလိတ် အောက်တိုဘာ ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်နှင့်အတူ သစ်တောဦးစီးဌာန မြန်မာ့သစ်လုပ်ငန်း၊ သတ္တုတွင်းဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းက ကျိုင်းတုံ-တာချီလိတ်ကားလမ်းဘေး မိုင်းဖြတ်မြို့နယ် နမ့်လုံတောင်ကြိုးပြင် ကာကွယ်တော အကွက်အမှတ် (၉) ရှိ (၁/၂၀၀၉) စီးပွားရေး(ကျွန်း)စိုက်ခင်း ဧက ၁၀၀ ရှင်သန်ဖြစ်ထွန်းနေမှု၊ အကွက်အမှတ် (၁၉) ရှိ တင်မြင့်ရီကုမ္ပဏီမှ စိုက်ပျိုးထားသည့် ပုဂ္ဂလိက (ကျွန်း) စိုက်ခင်း ဧက ၂၀၀ တို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စုရှိ စံပါရမီနှင့် စိုင်းလောင်ဟိန်းသတ္တုတူးဖော်ရေးကုမ္ပဏီများမှ သတ္တုတူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ထို့နောက် ညနေပိုင်းတွင် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၄ ရက် နံနက် ၈ နာရီက တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရွှေသတ္တု တူးဖော်ထုတ်လုပ်သူများကော်မတီအဖွဲ့၏ ရုံးဖွင့်ပွဲအား တက်ရောက် ဖွင့်လှစ်ပေးသည်။ ထို့နောက် လွယ်စတုံကျေးရွာအနီးရှိ တာချီလိတ် သစ်ဆိပ်သို့ရောက်ရှိရာ မြန်မာ့သစ်လုပ်ငန်း၊ ရှမ်း(အရှေ့/တောင်) သစ်ထုတ်ရေးဒေသ ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းစိုးဦးက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ သစ်ဆိပ်များ၏ သစ်ဆိပ်လက်ကျန်စာရင်းများနှင့် လုံခြုံရေးအခြေအနေ စီမံထားရှိမှုအား ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဆွေးနွေးမှာကြားပြီး သစ်ဆိပ်အတွင်းလိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ ဆက်လက်၍ မိုင်းဖုန်း (က) ကျေးရွာအုပ်စုရှိ ဝမ်ပုံဆိပ်ကမ်းကို ကြည့်ရှုလေ့လာခဲ့ကြောင်းသိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# သတ်မှတ်ယာဉ်စည်းကမ်းနှင့်အညီမောင်းနှင်ရေး စစ်ဆေးအရေးယူဆောင်ရွက်

**ငါးသိုင်းချောင်း အောက်တိုဘာ ၇**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့အဝင်နှင့် ပုသိမ်-မုံရွာလမ်းမလမ်းဆုံနေရာတွင် အောက်တိုဘာ ၄ ရက်မှစတင်၍ ငါးသိုင်းချောင်းနယ်မြေရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကျော်စိန်လှိုင်နှင့် နယ်မြေရဲတပ်ဖွဲ့ဝင်များ၊ မ-စ-က ကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ရွှေ့ဆောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပါဝင်သောပူးပေါင်းအဖွဲ့မှ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်စစ်ဆေးခြင်း၊ သတ်မှတ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီမောင်းနှင်ခြင်းရှိ၊ မရှိစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အောက်တိုဘာ ၄ ရက်နှင့် ၅ ရက် နှစ်ရက်အတွင်း သတ်မှတ်ယာဉ်စည်းကမ်းနှင့် ညီညွတ်မှုမရှိသော မော်တော်ဆိုင်ကယ်၊ ယာဉ် ၄၃ စီးအားဖမ်းဆီးခဲ့ရပြီး ရေကြည်မြို့နယ်တရားရုံး၌ တရားဥပဒေအရ တိုက်ရိုက်စစ်ဆေးဒဏ်ငွေပေးဆောင်စေခဲ့ကြောင်း၊ ပညာပေးကာလသက်တမ်းကုန်ဆုံးသွားခဲ့ပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေများနှင့်အညီ စစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နယ်မြေရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကျော်စိန်လှိုင်က ပြောကြားသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# တံတားမြို့ကန်သာယာလမ်းသစ်ဖွင့်

**ကျောက်တန်း အောက်တိုဘာ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ အမှတ် (၂) ရပ်ကွက်တွင် အောက်တိုဘာ ၆ ရက် နံနက် ၇ နာရီက ကန်သာယာလမ်းသစ်ဖွင့်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

လမ်းဖွင့်ပွဲတွင် မြို့အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်း၊ မတည်အလှူရှင် ဦးထွေးမြင့်နှင့် ဖြည့်စွက်အလှူရှင် ဦးအေးမောင်တို့က လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ လမ်းမှာ အရှည် ပေ ၃၅၀၊ အကျယ် လေးပေရှိ ကွန်ကရစ်လမ်းဖြစ်သည်။

အလှူရှင်ဦးထွေးမြင့်မှ ငွေကျပ် ၁၀ သိန်း မတည်၍ ဖြည့်စွက်အလှူရှင် ဦးအေးမောင်က ငွေကျပ်လေးသိန်း ထည့်ဝင်လှူဒါန်းပြီး အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးလှဝင်းက ကြီးကြပ်၍ ရပ်ကွက်တွင်းရှိ အလှူရှင်များ၏ ထည့်ဝင်ပံ့ပိုးလှူဒါန်းမှုဖြင့် ငွေကျပ် ၂၅ သိန်း ကုန်ကျခံ ဖောက်လုပ်ခဲ့သော လမ်းဖြစ်ကြောင်း သိရသည်။ **ဖိရဇ**



# မီးရှူး၊ မီးပန်း၊ ပြောက်အိုး၊ ရှူးဒိုင်း၊ ပေါက်ကွဲစေသော ယမ်းများရောင်းချခြင်းမရှိစေရန် စစ်ဆေး

**ငပုတော အောက်တိုဘာ ၇**

ငပုတောမြို့ပေါ်တွင် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ပွဲတော်ကာလများ၌ မီးရှူး၊ မီးပန်း၊ ပြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမရှိစေရန် ကလေးကစားစရာ အရောင်းဆိုင်များကို စစ်ဆေးရေးအဖွဲ့က အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီက ရှောင်တခင်စစ်ဆေးဆောင်ရွက်ခဲ့သည်။

စစ်ဆေးရေးအဖွဲ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့မစခန်းမှူး၊ မီးသတ်တပ်ဖွဲ့ဝင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဈေးဆိုင်များအား အဆိုပါပေါက်ကွဲစေသော ယမ်းမျိုးစုံတို့သည် အများပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက အကြောင်းရှာ အခွင့်အရေးယူကာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးကို ထိခိုက်စေခြင်းကြောင့် ရောင်းဝယ်၊ ဖြန့်ဖြူး၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ရန်နှင့် ဖောက်ဖျက်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေသန္တရအမိန့်ထုတ်ပြန်တားမြစ်ထားပြီး စစ်ဆေးခြင်းများပြုလုပ်၍ အသိပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်သူ (ငပုတော ပြန်/ဆက်)**

# မိုးသည်းထန်စွာရွာသွန်း၍ရေပြော(အ.ထ.က) အုတ်တံတိုင်းများပြိုလဲပျက်စီး

**ပေါက် အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က မိုးသည်းထန်စွာ ရွာသွန်း၍ ပေါက်မြို့နယ် ရေပြောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်း လုံခြုံရေးအတွက် ကာရံထားသော အုတ်တံတိုင်းများ မိုးရေတိုက်စား၍ ပြိုလဲပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ကျောင်းဘောလုံးကွင်းမြောက်ဘက်တွင် ကာရံထားသော အုတ်တံတိုင်း ခုနစ်ပေ ၁၀ ခန်း နှင့် ကျောင်းပေါက်ဝအဝင်အနီးရှိ အုတ်တံတိုင်း ၁၀ ပေ နှစ်ခန်း ပျက်စီးပြိုလဲခဲ့ပြီး ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ **ဉာဏ်တိုး(ပေါက်)**

# ရိုးရာမြေသပိတ်လုပ်ငန်းတိမ်ကောလုနီးပါးဖြစ်နေ



**အမရပူရ အောက်တိုဘာ ၇**
ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ စက်ဖြင့်ပြုလုပ်သောဖိုက်ဘာသပိတ်နှင့် သံသပိတ်အမျိုးအပြား ထုတ်လုပ်လာသည့်အတွက် မြန်မာ့ရိုးရာမြေသပိတ်လုပ်ငန်း တိမ်ကောလုနီးပါးဖြစ်နေသည်။

မြေသပိတ်တစ်လုံးကို ငွေကျပ်၄၀၀ဖြင့်သာ ရောင်းချရခြင်း၊ မြေသပိတ်ကို အနက်ရောင်ဖြစ်စေရန် ကျွန်းမှိုင်းခံရာတွင်အသုံးပြုသည့် ကျွန်းသစ်အတိုအစ ရှားပါးလာခြင်းနှင့် သပိတ်ဈေးကွက်မရှိခြင်းကြောင့် လုပ်ငန်းမှာ တွက်ခြေမကိုက်ဘဲဖြစ်နေသည်။

မြေသပိတ်လုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဘုန်းတော်နိုင်ငံကျေးရွာတွင် ရှေးအစဉ်အဆက်ကတည်းက လုပ်ကိုင်ခဲ့သည်။ မြေသပိတ်လုပ်သည့် ရပ်ကွက်ကို သပိတ်တန်းဟုပင် ယနေ့တိုင်ခေါ်ဝေါ်လျက်ရှိသည်။

မြန်မာ့ရိုးရာမြေသပိတ်လုပ်ငန်းတွင် ကျွမ်းကျင်မှုနှင့်အတူ သဘာဝနည်းပညာတို့ကို အသုံးပြုကြသည်။ မြေသပိတ်ပြုလုပ်ရန်အတွက် ဘုန်းတော်နိုင်ငံရွာပိုင်မြေဒေသအခေါ် သပိတ်ကျင်းမှ မြေများကို ရယူကြရသည်။ သပိတ်လုပ်သည့်မြေကိုယူရာတွင် အပေါ်ယံမြေလွှာကိုဖယ်ကာ အောက်ပိုင်းမှမြေများကို အရယူကြရသည်။ ထိုမြေကို ဘုန်းတော်နိုင်ငံကျေးရွာအရှေ့ဘက် လက်ရွေးရွာအနီးမှ ယူကြရသည်။ ရွာပိုင်မြေဖြစ်သည့်အတွက် လုပ်အားသာစိုက်ရပြီး မြေဖိုးပေးစရာမလိုပေ။ မြေသပိတ်လုပ်သည့်မြေများကို ထော်လာဂျီများဖြင့်သယ်ယူကြရသည်။ ထော်လာဂျီတစ်စီးလျှင် ငွေကျပ် ၈၀၀၀ ပေးကြရသည်။


သပိတ်လုပ်သည့်မြေရရှိလာပါက အခြောက်လှန်းကာ အမှုန့်ဖြစ်အောင်ခြေကြရသည်။ ရရှိလာသောမြေကို ရေဖြင့်နှူးကာ ရေစစ်ပြီး အခြောက်လှန်းပေးထားရသည်။ ရွှံ့ဖြစ်သည့်အနေအထားတွင် ဒေသအခေါ် စက်ပြင်ဟုခေါ်သော အိုးလုပ်သည့်လက်လှည့်ကိရိယာပေါ်တင်ကာ ပုံသွင်းပေးကြရသည်။ ပုံမသွင်းမီ သပိတ်တစ်လုံးစာ ရွှံ့အလုံးကလေးများပြုလုပ်ပြီး သပိတ်ပုံစံသွင်းကြရသည်။ ပုံသွင်းပြီးသပိတ်များကို စက်ပြင်ပေါ်တွင် သပိတ်ပုံပြုလုပ်ပြီးပါက သပိတ်ကို လက်ရိုက်ဖြင့်ရိုက်ပေးရသည်။ သပိတ်ဖြစ်လာပါက အနည်းငယ်ခြောက်အောင် နေလှန်းထားရသည်။ နေလှန်း၍ အနည်းငယ်မစိုအခြောက်အခြေအနေတွင် သံပြားဖြင့်ခြစ်ကာ မြေသပိတ်ဖောင်းများကို သပ်ကာအချောကိုင်ပေးရသည်။ ဖောင်းသပ်ပြီးသည်နှင့် ကျောက်ဖြင့် မြေသပိတ်ကို ချောအောင်ပွတ်ပြီး မြေသပိတ်အကြမ်းထည်ရအောင် ပြုလုပ်ပေးရသည်။

မြေသပိတ်အကြမ်းများရရှိလာပါက စုထားပြီးမြေသပိတ်ဖိုအတွင်းထည့်ကာ မီးဖုတ်ပေးကြရသည်။ သပိတ်တစ်ဖိုလျှင် မြေသပိတ်အလုံးငါးရာကျော်ဝင်ဆံ့သည်။ မြေသပိတ်မီးကျက်သည်နှင့် သပိတ်အနက်ရောင်ဖြစ်ရေး သဘာဝနည်းဖြင့် ကျွန်းမှိုင်းခံပေးရသည်။ ကျွန်းမှိုင်းခံခြင်းတွင် ပညာပါပြီး အထူးဂရုစိုက်ရသည်။ မှိုင်းပေါက်ပါက သပိတ်သည် အနက်ရောင်မဖြစ်ဘဲ အနီကွက်များကွက်နေတတ်သည်။ ကျွန်းမှိုင်းခံပြီး နက်လာပြီဆိုသည်နှင့် မြေသပိတ်တစ်လုံးရရှိပြီဖြစ်သည်။ မြေသပိတ်တစ်လုံးဖြစ်ရန် အဆင့်ဆင့်ပြုလုပ်ရပြီး လက်ဝင်လှသည်။

လက်ရှိကာလတွင် ဘုန်းတော်နိုင်ငံကျေးရွာတွင် မိရိုးဖလာသပိတ်လုပ်သူ နည်းသွားပြီဖြစ်သည်။ ခေတ်မီလာသည့်ကာလတွင် ဖိုက်ဘာသပိတ်၊ သံသပိတ်များကို အသုံးများသည့်အတွက် မြေသပိတ်လုပ်ငန်း တိမ်ကောလုနီးပါးဖြစ်နေသည်။

ဘုန်းတော်နိုင်ငံကျေးရွာတွင် ဒေါ်ကြည်အိမ် တစ်အိမ်သာ မိရိုးဖလာမြေသပိတ်လုပ်ငန်းကို ထိန်းသိမ်းကာ လုပ်ကိုင်လျက်ရှိသည်။ မြေသပိတ်ဈေးကွက်မှာ ပခုက္ကူနှင့် ညောင်ဦးသာလျှင်ရှိသည်။ ဈေးကွက်မရှိသည့်အတွက် မြန်မာ့ရိုးရာမြေသပိတ်လုပ်ငန်းမှာ တိမ်ကောလုနီးပါးဖြစ်နေကြောင်း သိရသည်။ **တိမ်တမန်**

# သမိုင်းဝင်ပစ္စည်းများထားရှိရန် ပြခန်းအလှူရှင်များ လိုအပ်လျက်ရှိ



**မင်းဘူး အောက်တိုဘာ ၇**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားသည် ထူးမြတ်သည့်နေရာတစ်ခုဖြစ်သည့်အပြင် ခေတ်အဆက်ဆက်လှူဒါန်းမှုများနှင့် ရှေးဟောင်းပစ္စည်းများစွာရှိရာ မန်းရွှေစက်တော်တစ်ခွင်၌ ပြန့်ကြဲနေသော ရှေးဟောင်းပစ္စည်းများကို စနစ်တကျစုဆောင်းပြီး ပြတိုက်တစ်ခုပြသနိုင်ရေးအတွက် ပြခန်းတစ်ခုလိုအပ်လျက်ရှိကြောင်း သိရသည်။

ရွှေစက်တော်တွင် ကုန်းဘောင်ခေတ်နှောင်း အနုပညာလက်ရာများ၊ ရသေ့ကြီးဦးခန္တီ၏ လုပ်ငန်းများကို ခင်းကျင်းပြသရန် ပစ္စည်းများစွာကျန်ရှိလျက်ရှိသည်။ ဦးခန္တီ အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့မှ မှာယူခဲ့သည့် မီးစက်ကြီး၊ လွန်ခဲ့သည့် နှစ် ၈၀ ကျော်က ရေသန့်စက်၊ ဝန်ချီစက်ခေါ် ခွေးတိုးစက်ကြီး၊ မန္တလေးလက်ရာ မှန်စီရွှေချကိုန္နရီရုပ်၊ နိပါတ်တော်ပန်းချီကားများအပြင် အင်္ဂလိပ်ခေတ်ငွေဒင်္ဂါးများ၊ စို့ရိုက်ထားသည့် ခြေတော်ရာအုပ်ဆောင်ကြီး၊ အလှူတော်ကမ္ပည်းစာများ၊ မင်းတုန်းမင်းကောင်းမှုမှ သစ်သားပန်းပုလက်ရာများ၊ သာယာဝတီမောင်မောင်၏ လမ်းဖောက်လုပ်မှုမှတ်တမ်းကြေးပြားကမ္ပည်းစာ စသည်ဖြင့် စုဆောင်းထားရှိသောပစ္စည်းများရှိသည်။

ခေတ်အဆက်ဆက် မန်းရွှေစက်တော်ကို လာရောက်ကြသည့် မျုးမတ်လူပုဂ္ဂိုလ်တို့၏ ရှေးဟောင်းဓာတ်ပုံများ၊ နိုင်ငံတကာမှ ခြေတော်ရာများကို ပုံ ၂၀၀ ခန့်စုဆောင်းထားရှိပြီးကြောင်း၊ မန်းချောင်းတစ်ဝိုက် ကျောက်လက်နက်၊ ပျူအုတ်ခဲ၊ ဆေးတံ၊ ပုတီးစေ့၊ အိုးခွက်များသည် သုနာပရန္တတိုင်း၏ ဂုဏ်ယူဝင့်ကြွားစရာအဖြစ် ပြခန်းမှာပြသရန် စုဆောင်းထားကြောင်း မန်းရွှေစက်တော်ဂေါပကအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။ **ကိုပြည့်**

## ဖျက်ပိုးအန္တရာယ်ကာကွယ်နှိမ်နင်းခြင်း နည်းပညာပေးဆွေးနွေးပွဲပြုလုပ်

**ဖယ်ခုံ အောက်တိုဘာ ၇**
ဖယ်ခုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဖျက်ပိုးအန္တရာယ် ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာနည်းပညာပေးဆွေးနွေးပွဲနှင့် ကြိုတင်ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို အောက်တိုဘာ ၅ ရက်က မိုးပြဲကျေးရွာ စိုက်ပျိုးရေးပညာပေးစခန်း၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် အမှတ်(၂)မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျေလိုက အမှာစကားပြောကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းထက်က စပါးဖျက်ပိုးကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ နည်းပညာများ ဆွေးနွေးဟောပြောခဲ့သည်။

ယင်းနောက် စပါးသီးနှံတွင် ဖြုတ်စိမ်း၊ ဖြုတ်ညို၊ ဖျက်ပိုးအန္တရာယ်များ ကျရောက်နေသည့် စပါးခင်းများအား လိုက်လံကြည့်ရှု၍ ဖြုတ်ညိုကျရောက်နေသော ကွင်းအမှတ် (၁၉/၂၀) ဦးစိုးမောင်လယ်ကွက်တွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများအား စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါစိုက်ခင်းများတွင် အသုံးပြုသော ပိုးသတ်ဆေးများကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီး ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ခဲ့သည်။

ကုန်းဆုံကျေးရွာအုပ်စုမိုင်းဖြတ်ကျေးရွာတွင်ဖျက်ပိုးနှိမ်နင်းခြင်း၊ ကြိုတင်ကာကွယ်ခြင်းများ ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။ **မောင်မောင်ထွေး(ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်ပညာသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြင့်တင်ပေးနိုင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်ပညာသင်တန်း အမှတ်စဉ် (၅/၂၀၁၆) ဆင်းပွဲကို ကျောက်တန်းမြို့နယ် စင်မကော်ကျေးရွာ (Learning Centre) ၌ စက်တင်ဘာနောက်ဆုံးပတ်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတန်ဂျီးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။ သင်တန်းသို့ သင်တန်းသူ ၃၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ် တိုးချဲ့ဆောက်လုပ်မှု ၆၀ ရာခိုင်နှုန်းပြီးစီး



**ကွမ်းခြံကုန်း အောက်တိုဘာ ၇**
နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏ ကျန်းမာရေးမှာ အခြေခံအဓိကအကျဆုံးဖြစ်သည့်အတွက် ကွမ်းခြံကုန်းမြို့ တော်ပုလဲပိုင်းနှင့် မင်းပိုင်းရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ်အား ဆောက်လုပ်လျက်ရှိရာ ယခုအခါ ဆောက်လုပ်မှုရာခိုင်နှုန်း ၆၀ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်း နှစ်ထပ်တိုးချဲ့ဆောင်သစ်အား ဖောင်ဒေးရှင်းတူးဖော်ခြင်း၊ မြေညီထပ်ကြမ်းခင်းလောင်းခြင်းနှင့် တိုင်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး ပထမထပ်ကြမ်းခင်းလောင်းခြင်းနှင့် အမိုးထိတိုင်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကာ အမိုးကျောက်ထုပ်ဖြစ်သော (Roof Bean)ဆောင်ရွက်ရန်အတွက် သံချည်၊ သံကွေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပြီး ကျောက်လောင်းခြင်းနှင့် အမိုးမိုးရန်အတွက်သာ လုပ်ငန်းများကျန်ရှိတော့ကြောင်း မြန်မာ့အလှဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ခံအင်ဂျင်နီယာ ဦးဟန်သိန်းက ပြောသည်။

"ဆေးရုံမှာ ခွဲစိတ်ရမယ့်လူနာတွေကို လောလောဆယ် ဆေးရုံအပေါ်ထပ်မှာပဲ ခွဲစိတ်နေရပါတယ်။ အရေးပေါ်လူနာတွေကိုလည်း ထမ်းစင်နဲ့ တင်နေရတာပါ။ တကယ်လို့ တိုးချဲ့ဆောင်သစ်ဆောက်လုပ်ပြီးစီးသွားပြီဆိုရင်တော့ အဆောင်သစ်အောက်ထပ်မှာ ခွဲခန်း၊ မွေးခန်းတွေကို ထားရှိမှာဖြစ်ပါတယ်။ အဆောင်သစ်အတွင်းမှာ လိုအပ်တဲ့ပစ္စည်းတွေကို အလှူရှင်တွေက လှူဒါန်းကြမှာဖြစ်သလို ဝန်ကြီးဌာနကလည်း ပံ့ပိုးပေးမှာပါ" ဟု ကွမ်းခြံကုန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဝင်းရီက ပြောသည်။

လက်ရှိတွင် ကွမ်းခြံကုန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌ မြို့နယ်ဆရာဝန်တစ်ဦး၊ လက်ထောက်ဆရာဝန်နှစ်ဦး၊ Nurse ရှစ်ဦးတို့ဖြင့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး အသစ်ထပ်မံတိုးချဲ့ဆောက်လုပ်သည့် ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ်အား ပြီးခဲ့သည့် ဇွန် ၁၈ ရက်က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ ရေ၊ မီးသွယ်တန်းမှုအပြီးအစီးဖြစ်သော ၂၀၁၇ ခုနှစ် ဇန်နဝါရီလကုန်ပိုင်း၌ အပြီးသတ်ဆောက်လုပ်မည်ဖြစ်ကြောင်း မြန်မာ့အလှဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ သိရသည်။

အဆိုပါပေ၅၀၊ ပေ၆၀ အကျယ်အဝန်းရှိ ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ်အား ဆေးရုံဝင်းအတွင်းရှိ ပေ ၆၀၊ ပေ ၇၀ ရှိ မြေနေရာပေါ်၌ ကျန်းမာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် မြန်မာ့အလှဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဒေသခံဦးကျော်ခိုင်မိသားစုက ငွေကျပ်သိန်း ၁၅၀၀ ကုန်ကျခံကာ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

နှစ်ထပ်တိုးချဲ့ဆောင်သစ်ဆောက်လုပ်ပြီးစီးပါက တိုးချဲ့ဆောင်သစ်အတွင်း၌ သံဃာတော်များအတွက် ကုသဆောင်အပါအဝင် လူနာများအတွက် ခွဲစိတ်ခန်း၊ မွေးခန်းထားရှိမည်ဖြစ်ပြီး ဆရာဝန်နားနေဆောင်နှင့် ရုံးခန်းများလည်း ပါဝင်မည်ဖြစ်ကြောင်းသိရသည်။ **စိုးဝင်း(ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

# စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော် ဥတ္တရခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဆွေ ဦးဆောင်၍ ကျောင်းသား၊ ကျောင်းသူများ အစားအသောက်များဖြင့် ဘေးအန္တရာယ်မဖြစ်ပွားရန် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက ကျောက်ချက်ကျေးရွာအုပ်စု ကျောက်ချက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်နိုင်က သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးအကြောင်းကိုလည်းကောင်း၊ စားသုံးသူလိုက်နာရမည့်အချက်အလက်များ၊ စားသုံးသူအကာကွယ်ပေးရေး ဥပဒေနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် ဒုတိယဦးစီးမှူး ဦးစိုးထင်လင်းက (FDA)မှ ပိတ်ပင်တားမြစ်ထားသည့် ကုန်ပစ္စည်းများနှင့် ခွင့်မပြုဆိုးဆေးကြောင့် ဖြစ်ပွားနိုင်သော ရောဂါများအကြောင်းကိုလည်းကောင်း ဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ယင်းနောက် စားသုံးသူရေးရာဦးစီးဌာန ဥတ္တရခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများက ကျောင်းမုန့်ဈေးဆိုင်များတွင် စားသုံးရန်မသင့်သော အစားအစာများနှင့် သန့်ရှင်းစွာရောင်းချမှု ရှိ-မရှိ လိုက်လံစစ်ဆေးခဲ့သည်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းမုန့်ဈေးသည်များ စုစုပေါင်း ၄၀၀ တက်ရောက်ခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၁နာရီခွဲတွင် ထိန်ပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေဆုး**

# မိတ္ထီလာကန်ရေဝင်ရောက်မှုအခြေအနေအား တိုင်းဒေသကြီးဝန်ကြီး ကြည့်ရှုစစ်ဆေး

**မိတ္ထီလာ အောက်တိုဘာ ၇**

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မိတ္ထီလာကန်အတွင်း ကန်ရေဝင်ရောက်မှုအခြေအနေအား အောက်တိုဘာ ၅ ရက် ညနေ ၄ နာရီက တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း လာရောက်ကြည့်ရှု စစ်ဆေးကြောင်း သိရသည်။

မိတ္ထီလာကန်ကူးတံတား အနောက်ဘက်ထိပ်ရှိ ရေဆိုးထုတ်စက်ရုံ၊ ရေကျော်ခုနစ်ပေါက် ရေလွှတ်တံခါး ကန်ရေလွှတ်ထားမှုနှင့် ဓမ္မသုခရွှေစည်းခုံစေတီအနီး ရေကျော်မှတစ်ဆင့် မိတ္ထီလာမြောက်ကန်ရေစီးဆင်းဝင်ရောက်နေမှုအခြေအနေတို့ကို တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာစိုးသန်းက ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာကန်ရေပို့လွှတ်မှုကြောင့် ကန်အောက်ရှိ ကျေးရွာများမှ လူနေအိမ်များ ရေဝင်ရောက်မှုမရှိစေရေး၊ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေးအတွက် ဂရုစိုက်ဆောင်ရွက်ရန် မှာကြားသည်။

မိတ္ထီလာကန်ရေအခြေအနေနှင့် ကန်ရေလွှတ်ထားမှုအခြေအနေ၊ ကန်ကူးတံတားအနီးမှ ရေဆိုးထုတ်စက်ရုံမှ လည်ပတ်မှုအခြေအနေများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ ခရိုင်ဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေး) လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူးတို့က လိုက်လံရှင်းလင်းပြသသည်။



မိတ္ထီလာကန်ရေမှာ အောက်တိုဘာ ၅ ရက်အထိ ကန်ရေပြည့်သည့် အနေအထားတွင်ရှိပြီး မိတ္ထီလာကန်ရှိ ရေကျော်ခုနစ်ပေါက် ရေလွှတ်တံခါးမှ နှစ်ပေခွဲခန့် ကန်ရေလွှတ်ထားပေးသော်လည်း မိုးနေ့စဉ်ရွာသွန်းပြီး ကန်အတွင်းသို့ ရေဝင်ချောင်းများမှ စီးဝင်ရေများ နေ့စဉ်ဝင်ရောက်နေမှုကြောင့် ကန်ရေမှာ သိသိသာသာလျော့နည်းသွားခြင်း မရှိသေးကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# အမျိုးသမီးများကဏ္ဍစုံတွင်ပါဝင်နိုင်ရေး စွမ်းရည်မြှင့် ဆွေးနွေးပွဲကျင်းပ

**ကလေး အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် Dawn Action on Women's Network (DAWN) အမျိုးသမီးအဖွဲ့ နှင့် အရှက်ဦးလူမှုဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်း၍ အမျိုးသမီးများကဏ္ဍစုံတွင် ပါဝင်နိုင်ရေး စွမ်းရည်မြှင့်ဆွေးနွေးပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီခွဲက ကလေးမြို့ သိမ့်ခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုး အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ဒေါ်နန်းဖြူဖြူလင်း (Consultant)က အမျိုးသမီးအခွင့်အရေးနှင့် အစိုးရ၏ တာဝန်များအခန်းကဏ္ဍကို Power Point ဖြင့် ရှင်းလင်းပြောကြားပြီးနောက် တက်ရောက်လာကြသူများနှင့် NGO အဖွဲ့တို့မှ အမျိုးသမီးများစွမ်းဆောင်ရည်မြင့်တက်လာပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကိုယ်တိုင်ဆုံးဖြတ်ချက်ချခြင်းအားဖြင့် တက်တက်ကြွကြွပူးပေါင်းပါဝင်လာစေရန်၊ အိမ်တွင်းငြိမ်းချမ်းရေးမှသည် ကမ္ဘာ့ငြိမ်းချမ်းရေးဆီသို့ ဆိုသောဆောင်ပုဒ်အတိုင်း အိမ်တွင်းအကြမ်းဖက်မှုပပျောက်ပြီး ကျား/မ တန်းတူညီမျှသည့် ပတ်ဝန်းကျင်တစ်ခုဖြစ်လာရန် စသည့်အကြောင်းများကို ဆက်လက်ဆွေးနွေးကြကြောင်း သိရသည်။

အဆိုပါကွန်ရက်အဖွဲ့ အစည်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် ချင်းပြည်နယ်(မြောက်ပိုင်း) ကျီခါး၊ တွန်းဇံ၊ တီးတိန်မြို့များကို အဓိကနေရာများအဖြစ်သတ်မှတ်ကာ ကောင်းမွန်သောအုပ်ချုပ်ရေးဖြစ်တည်လာစေရန်အတွက် အရေးပါသောဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများအား အတူတကွပါဝင်ဆုံးဖြတ်ပိုင်ခွင့်ပေးအပ်ရန်၊ လူမှုအဖွဲ့အစည်းကွန်ရက်များအားကောင်းလာစေခြင်းဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်၊ ဗဟိုချုပ်ကိုင်မှုစနစ်ပပျောက်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွင်း အမျိုးသမီးများကိုယ်စားပြုပါဝင်လာနိုင်မှု တိုးပွားလာစေရန်စသည့် ရည်မှန်းချက်များကို ကျယ်ကျယ်ပြန့်ပြန့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။

**ချင်းတွင်းသား**

# ရေဘေးရှောင်ပြည်သူများအား ယင်လုံအိမ်သာခွက် လှူဒါန်း

**စဥ့်ကိုင် အောက်တိုဘာ ၇**

မန္တလေးတိုင်းသေကြီး စဥ့်ကိုင်မြို့နယ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့သည့် အလှူငွေကျပ် ငါးသိန်းဖြင့် ရေဘေးရှောင်ပြည်သူများအား ယင်လုံအိမ်သာခွက် လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၆ ရက်က တဘတ်ဆွဲကျေးရွာအုပ်စု၊ ပလိပ်ကျေးရွာအုပ်စု မြောက်ကိုင်းကျေးရွာအုပ်စုတို့နှင့် ကျေးရွာပေါင်း ၁၄ ရွာတို့ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းပွဲတွင် စဥ့်ကိုင်မြို့နယ် ပလိပ်မြို့ ကျေးရွာအုပ်စုသုံးခုနှင့် ကျေးရွာပေါင်း ၁၄ ရွာတို့ကို စဥ့်ကိုင်မြို့နယ် အမျိုးသမီးရေးရာအသင်း ဥက္ကဋ္ဌ ဒေါ်စောသီတာခင်နှင့်အဖွဲ့၊ မြို့နယ်ပြည်သူ့ဆေးရုံမှ ကြီးကြပ်ရေး (၁) ဒေါ်ယဉ်နွယ်မြင့်နှင့် အဖွဲ့တို့သည် သွားရောက်လှူဒါန်းခဲ့ပြီး မြို့နယ် အမျိုးသမီးရေးရာအသင်းဥက္ကဋ္ဌ ဒေါ်စောသီတာခင်မှ ရေဘေးရှောင်ပြည်သူများအား ယင်လုံအိမ်သာများ စနစ်တကျထားရှိရန်နှင့် သိကောင်းစရာများကို ပြောကြားခဲ့သည်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကြီးကြပ်ရေး(၁) ဒေါ်ယဉ်နွယ်မြင့်က သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို ပြောကြားခဲ့ပြီး ရေဘေးရှောင်ပြည်သူများကို မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောသီတာခင်နှင့်အဖွဲ့က ယင်လုံအိမ်သာခွက်များကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဖိုးအောင်(စဥ့်ကိုင်)**



# စားသုံးရန်မသင့်သော အစားအသောက်နှင့် မုန့်များ ရောင်းချမှုရှိ-မရှိ ရှောင်တခင်စစ်ဆေး

**ကျောက်မဲ အောက်တိုဘာ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၌ မုန့်မျိုးစုံ လက်လီ၊ လက်ကားရောင်းချနေသောဆိုင်များအား မြို့နယ် FDA နှင့် ပူးပေါင်းအဖွဲ့များက စားသုံးရန်မသင့်သော အစားအသောက်နှင့် စီးကရက်ပုံသဏ္ဌာန် ပြုလုပ်ထားသော ချိုချဉ်များ ရောင်းချမှု ရှိ-မရှိကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက ရှောင်တခင်ကွင်းဆင်း စစ်ဆေးခဲ့သည်။

အဆိုပါ ပူးပေါင်းအဖွဲ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့ ပူးပေါင်းပါဝင်ပြီး စားသုံးသူကာကွယ်ပေးရေး၊ အများပြည်သူတို့ကျန်းမာရေးနှင့် ညီညွတ်စေရန် ကျောက်မဲမြို့ပေါ်နှင့် ဗဟိုဈေးကြီးအတွင်း မုန့်မျိုးစုံ လက်လီ၊ လက်ကားရောင်းချနေသော ဈေးဆိုင်များသို့ စားသုံးရန်မသင့်သော အစားအသောက်နှင့် စီးကရက်ပုံသဏ္ဌာန်ပြုလုပ်ထားသော ချိုချဉ်များ ရောင်းချခြင်း ရှိ-မရှိကို ရှောင်တခင်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ကလေးသူငယ်များ စားသုံးရန်မသင့်သော မုန့်များနှင့် အချိုရည်များ စစ်ဆေးတွေ့ရှိခဲ့၍ စားသုံးသူ ကာကွယ်ပေးရေးအတွက် ဆက်လက်ရောင်းချခြင်းမပြုရန် မုန့်ဈေးဆိုင်ပိုင်ရှင်များအား အသိပညာပေးဆွေးနွေးခဲ့ပြီး နောက်နောင်ထပ်မံ ရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေဖြင့် ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျောက်မဲခရိုင်ပြန်/ဆက်**

HK HONKI JAPANESE LANGUAGE SCHOOL

✻ ဂျပန်ဘာသာစကားစစ်ဆေးမှု (J.L.P.T)N5 မှ N1 အထိ အောင်ချက် 85% ရှိသော HONKI ဂျပန်ဘာသာသင်တန်းကျောင်း
✻ Japan နိုင်ငံ Tokyo မြို့ရှိ ... 2017 April ...
Honki ဂျပန်စာသင်တန်းကျောင်း ...

No.T4/002, Thumingalar Street, Thingangyun Township, Yangon(ZAWANA)
Tel: 01-8560963, 09-31403340, 09-5015154
Email: honkilanguage@gmail.com

Outbound Licence #PaKa- 0214

**Multi-Colour Travels & Tours Co.,Ltd.**

ရုံး/ကျောင်း ပိတ်ရက်များတွင် စိတ်အပန်းဖြေရင်းခရီးထွက်နိုင်ရန် ခရီးစဉ်များကို စီစဉ်ပေးနေပါသည်။

- စင်ကာပူ - မလေးရှားခရီးစဉ်များ (5D/4N)
- ဗန်ကောက် - ပတ္တရား / ဟွာဟင်း / ဖူးခက် ကမ်းခြေ ခရီးစဉ်များ (6D/5N)
- ဟန်နွိုင်း - ဟာလောင်း - ဟိုချီမင်း ခရီးစဉ်များ (5D/4N)
- ကမ္ဘောဒီးယား ခရီးစဉ် (5D/4N)
- ဂျပန် ( တိုကျို / အိုဆာကာ / ကျိုတို ) ခရီးစဉ်များ (8D/7N)
- ထိုင်ဝမ် ခရီးစဉ်များ (6D/5N)
- ပီကင်း - ရှန်ဟိုင်း / ဟောင်ကောင် - မကာအို ခရီးစဉ်များ (7D/6N)
- ဗုဒ္ဓဂယာ ခရီးစဉ်များ (11D/10N)
- အမေရိကန် ခရီးစဉ်များ (11D/10N) & (15D/14N)

ဒေါ်လာ 300 ဖြင့် ဗန်ကောက်သို့ ဘုရားဖူးရင်း စျေးဝယ်ထွက်ရအောင် ! ၃ ရက် ၂ ည အိပ်ခရီးများ အပတ်စဉ်စီစဉ်ပေးလျက်ရှိပါသည်။

No. 528, 3rd Floor, Lower Kyeemyindine Road, Kyeemyindine Tsp, Yangon.
Ph: 211 519, 225 370
Hotline 09-793 110 861

# ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

နှစ်စဉ်ကျင်းပမြဲဖြစ်သော မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့တွင် ၁၃၇၈ ခုနှစ်၊ ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို (သီတင်းကျွတ်လဆန်း ၁၄ ရက်) ၁၅-၁၀-၂၀၁၆ ရက်မှ (သီတင်းကျွတ်လပြည့်ကျော် ၅ ရက်) ၂၀-၁၀-၂၀၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

သီတင်းကျွတ်လပြည့်နေ့ နံနက်အရုဏ်တက်ချိန်၌ “ဆွမ်းအိုးမျှောပွဲ”နှင့် အဘိဓမ္မာအခါတော်နေ့အခမ်းအနားကိုလည်းကောင်း၊ ညပိုင်းတွင် ဆီမီး(၉၀၀၀)ပူဇော်ပွဲများကို ကျင်းပသွားပါမည်။

ပျော်ပွဲရွှင်ပွဲအဖြစ် ရန်ကုန်စတိတ်ရှိုး၊ ရန်ကုန်ဖိုးချစ်ဇာတ်သဘင်၊ မွန်ပြည်နယ်ဇာတ်ပွဲများ၊ ဘောလုံးပွဲ၊ ခြင်းလုံးအလှခတ်ပွဲများဖြင့် ကျင်းပပေးသွားပါမည်။ ဘုရားပွဲတော်လာ သံဃာတော်များနှင့် ရပ်ဝေးရပ်နီး ဘုရားဖူးပရိသတ်များအား စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

**ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးကော်မတီ**

TOKYO BBQ DINING
MANPUKU



သီတင်းကျွတ်
အထူး Promotion
ဂျပန်အမဲသား(၂)ပွဲမှာလျှင်
ဝက်သားသုံးထပ်သား(၁)ပွဲလက်ဆောင်
ဂျပန်အမဲသား(၃)ပွဲမှာလျှင်
အမဲလျှာ(၁)ပွဲလက်ဆောင်
★★★ ပေးနေပါသည် ★★★

ဂျပန်စားဖိုမှူးကြီး MR.Naoki Watanabe ကိုယ်တိုင်ချက်ပြုတ်စီမံ၍ နိုင်ငံကျော် ရုပ်ရှင် မင်းသား၊ မင်းသမီး၊ အဆိုတော်များ... အထူးကြိုက်နှစ်သက် အားပေးလျက်ရှိသော **ဂျပန်အသားကင်ဆိုင်**

No.(30), Sagawar Street, Dagon Township, Yangon. TEL: 09-970137546, 09-8300426, 09-5046736

09 4200 35882
09 4200 35884

ပန်း ထိုး စက်
ဦးသန်းအောင်
Ph: 563033, 0973191322

လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။

အခန်းငှားမည်
(၂. ၅သိန်း)
(14'x50'),7F,1BR,1A/C ပြင်ပြီး၊ ကွန်ဒိုရေတင်စနစ်၊ လမ်းမတော်မြို့နယ်။
Ph:09-795557127, 09-795557119

အရောက်ပို့ ဆန်/ကြက်သွန်နီ
ညှော်မထဆန်(၁)အိတ် ၂၀၀၀၀ိ/-
ကြက်သွန်နီ ၇၀၀ိ/ ၊ ၅၀၀ိ/-
(၁၀-ပိဿာ ပို့သည်)
09 785108316, 09 962501295

TRADE (BPI)® MARK
SINCE 1957

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ (အင်းစိန်) နှင့် ဆေးဝါးစက်ရုံ (ကျောက်ဆည်) တို့မှ ထုတ်လုပ်သည့် အရည်အသွေးမြင့်စစ်မှန်သော BPI အမှတ်တံဆိပ် ဆေးဝါးများအား (၆.၉.၂၀၁၆) မှစ၍ အောက်ပါကုမ္ပဏီကိုယ်စားလှယ်ကြီးများမှတစ်ဆင့် မှန်ကန်သော စျေးနှုန်းဖြင့် နိုင်ငံတစ်ဝန်းသို့ တရားဝင်ဖြန့်ဖြူးရောင်းချလျက်ရှိပါကြောင်း အများပြည်သူသို့ လေးစားစွာအသိပေးအပ်ပါသည်။

UOK Trading Co,Ltd
တောင်ကြီးဆေးဆိုင် (ယာယီရွှေမင်္ဂလာဈေး)
ဆိုင်အမှတ် - ၂၀၄၊ ၂၀၅ (တတိယထပ်)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့
Ph : 09-5150333, 09-73043428,09789727366



MEDI-TECH BIZ CO., LTD.
Address : No- 22, Thityarpin Street, Thuwanna Quarter, Thingangyun Township, Yangon, Myanmar
Fax : (+951) - 8566360
E-mail : contact@mtbmyanmar.com
Website : www.mtbmyanmar.net

PHAMEDIC CO., LTD
NO. A-11, CORNER OF 30THX 57THSTREET,
CHANAYETHARZANTOWNSHIP,MANDALAY
TEL: 02-74228, 09-973566043

EMP
ISO 9001 : 2008
YANGON PH : 01-570 192, 01-85 000 81
MANDALAY PH : 02-31363, 09-910 15701,
09-7977 56582, 09-7977 56583
TAUNG GYI PH : 09-49350664/ LASHIO PH : 09-47301433
KENG TUNG PH : 09-5250132

BioTrust
Building No .(57)
Room(003,004) Thamadi st,
Myittanyunt Ward , Tamwe Yangon.
Ph : 01-543614, 09-977922438,09-977922439

ကြော်ငြာ

## မြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသည့် ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

မြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းသတင်းထောက်(လစာနှုန်းကျပ်-၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၇)နေရာ၊ အငယ်တန်းစာရေး(လစာနှုန်းကျပ် ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)ရာထူး(၉)နေရာ၊ ရုံးအကူ(လစာနှုန်းကျပ် ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀)ရာထူး(၃၀)နေရာတို့အတွက် အောက်ပါအရည်အချင်း သတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(၁) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
(၂) ၁-၁၀-၂၀၁၆ ရက်တွင် အသက်(၃၀)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
(၃) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၅)နှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
(၄) ပညာအရည်အချင်းသတ်မှတ်ချက်အနေဖြင့်
 (က) အငယ်တန်းသတင်းထောက်ရာထူးအတွက် မြန်မာစာ/အင်္ဂလိပ်စာထူးချွန်ရမည်။ စာပေရေးသားခြင်းနှင့် ပတ်သက်၍ ဝါသနာပါပြီး အလေ့အကျင့်ရှိသူဖြစ်ရမည်။ စာပေနှင့်ပတ်သက်သည့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသူများကို ဦးစားပေးခန့်ထားမည်။ (ဆုရရှိခဲ့ဖူးပါက ထောက်ခံချက်/ ဆုလက်မှတ်ပူးတွဲတင်ပြရမည်။) B.A(English)(သို့)B.A(Myanmar)(သို့)B.A(English)UFL (သို့)M.A(English)(သို့)M.A(Myanmar)(သို့)B.A(Journalism)ဘွဲ့ရရှိသူဖြစ်ရမည်။
 (ခ) အငယ်တန်းစာရေးရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရသူဖြစ်ပြီး ပညာအရည်အချင်းပေါ် မူတည်၍ ဦးစားပေးစဉ်းစားမည်။
 (ဂ) ရုံးအကူရာထူးအတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ လုပ်ငန်းအတွက် အသုံးဝင်မည့် အတတ်ပညာတစ်ခုခု ထူးချွန်ပါက ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားမည်။
(၅) ဝန်ထမ်းဖြစ်ပါက ၁-၁၀-၂၀၁၆ ရက်တွင် အသက်(၃၅)နှစ်အတွင်း သက်ဆိုင်ရာဌာန အကြီးအကဲ ခွင့်ပြုချက်နှင့် လျှောက်ထားရမည်။
(၆) ရာထူးအားလုံးအတွက် ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများကို ပူးတွဲတင်ပြလျှောက်ထားရမည်-
 (က) ကိုယ်တိုင်ရေးလျှောက်လွှာနှင့် ကိုယ်ရေးအချက်အလက်(ဓာတ်ပုံကပ်ပြီး)
 (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
 (ဂ) ပညာအရည်အချင်းထောက်ခံချက်မိတ္တူ
 (ဃ) အိမ်ထောင်စုစာရင်းမိတ္တူ
 (င) အလုပ်သမားမှတ်ပုံတင်(လေဘာ)မိတ္တူ
 (စ) လွန်ခဲ့သည့် (၆)လအတွင်းက ပြုလုပ်ထားသည့် ရဲစခန်းနှင့်ရပ်ကွက် ထောက်ခံစာမူရင်း
(၇) လျှောက်လွှာများကို ၃၁-၁၀-၂၀၁၆ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၄၁၂၀၂၈ သို့ ပေးပို့ရမည်။


**ဝမ်းဆဲမင်းဝမ်း ထမင်းဆိုင်**

စနေ၊ တနင်္ဂနွေနေ့များတွင် အုန်းထမင်းနှင့် ဘဲသားဆီပြန်၊ ကြက်လက်ဖက်တို့အပြင် ဟင်းအမျိုးပေါင်းများစွာတို့ဖြင့် တွဲဖက်စားသုံးနိုင်ပါရန် ဖိတ်ခေါ်ပါသည်။

(၁) အမှတ် ၃၉၊ ၅၃-လမ်း၊ (ကုန်သည်လမ်းနှင့်ကမ်းနားလမ်းကြား)ဗိုလ်တထောင်။ ၀၉ ၅၁၅၂၆၁၃၊ ဆိုင်ဖွင့်ချိန် [10 am to 6 pm]
(၂) အမှတ် ၄၃၂၊ (မြန်မာဂုဏ်ရည်လမ်းနှင့်မန္တလေးလမ်းထောင့်)၊ မင်္ဂလာတောင်ညွန့်။ ၀၉-၅၀၅၀၁၃၂၁၊ ဆိုင်ဖွင့်ချိန် [11 am to 8:30 pm]



**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**ရွှေအိုးကြီး**
မြဝတီ၊ မဲဆောက်၊ ဘားအံ၊ ဘုရားသုံးဆူ
Oct(7,14,28) Hotel/Visa (75000)
ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ
Oct(14)Nov(11)Hotel (180000)
09421073634, 777636630

**မင်္ဂလာပါ**
Box
09-450042704
09-250095116
09-420096296


## လက်ထပ်ပြီးစီးခြင်း

အိုင်ယာလန်နိုင်ငံ Cork မြို့နေ၊ Mr.Marc Kekicheff - Mrs.Sheila Daly Kekicheff
တို့၏သား
Stephen Kekicheff
B.S, (Electrical Engineering and Computer Science),
University of California, Barkeley
Vice President,
Goldman Sachs Bank, New York
နှင့်
အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့နေ ဦးစိုး(UNICEF၊ ငြိမ်း)-
ဒေါ်စန်းရီ(မြန်မာ့သစ်လုပ်ငန်း-ဟောင်း)တို့၏ သမီးထွေး
မသီတာစိုး
B.A,(Economics), Bucknell University, M.B.A.(Finance),
Zicklin School of Business,
Senior Index Manager, S & P Dow Jones Indices, New York

တို့သည် ၈-၈-၂၀၁၆ရက်တွင် အိုင်ယာလန်နိုင်ငံ Dublin မြို့၊ Luttrellstown Castle ၌ နှစ်ဖက်သောမိဘဆွေမျိုးများရှေ့တွင် လက်ထပ်ပြီးစီးပါကြောင်း၊ ၃-၉-၂၀၁၆ရက် နယူးယောက်မြို့နေအိမ်ညစာခံပွဲသို့ ကြွရောက်ခဲ့ကြပါသော မိတ်ဆွေအပေါင်းတို့ကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် Stephen-သီတာစိုး**
















သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်တိုးစိုး


Ocean
SUPERCENTER
SUPER SAVER
7th ~ 27th October, 2016
ကြည်နူးပျော်စရာ
WOW!
153,000
Ks. 192,000
TOSHIBA
LED TV 32in 32L 3650
218,000
Ks. 244,000
HISENSE
LED TV 32in
222,000
Ks. 233,500
SAMSUNG
LED TV 32in
260,000
Ks. 294,000
HISENSE
1 Door Refrigerator
RS-13DR4S (100L)
ရေခဲသေတ္တာ
125,000
Ks. 142,000
HISENSE
2 Door Refrigerator
RD-18DR4SA (138L)
ရေခဲသေတ္တာ
186,000
Ks. 205,000
HITACHI
1 Door Refrigerator
178L R-64V
ရေခဲသေတ္တာ
235,000
Ks. 245,000
SAMSUNG
2 Door Refrigerator
211L RT-20FGRVDSA
ရေခဲသေတ္တာ
278,000
Ks. 305,000
ELBA
Semi Auto Washing Machine
DW-999S (8kg)
အဝတ်လျှော်စက်
144,000
Ks. 160,000
LG
Semi Auto Washing Machine
WP-900R(7kg)
အဝတ်လျှော်စက်
180,000
Ks. 188,000
ELBA
Semi Auto Washing Machine
DW-1000G
အဝတ်လျှော်စက်
193,000
Ks. 215,000
BEKO
Fully Auto Washing Machine
WTL-70019W
အဝတ်လျှော်စက်
261,000
Ks. 275,000
SKYWAY
EVD Player
SKW-298K1
23,500
Ks.26,000
PHILIPS
Dry Iron
HD-1172
မီးပူ
13,500
Ks.14,600
MIDEA
Electric Kettle
MK-H317E2B
24,900
Ks. 27,800
KANGAROO
Bleder KG-304
22,500
Ks. 25,500
KANGAROO
Rice Cooker (1.8Ltr)
KG-378
23,000
Ks. 25,500
LOTTE
Pie Choco
WOW!
1,900
Ks. 2,550
Lotte Pie
BRAND'S
(Except Gen U Gift Set)
All Range of Brand's Gift Set
Buy 1 Get 1
Owl Water Bottle
OVALTINE
Thadingyut Gift Set
with Container
8,450
Ks.8,900
HUP SENG
Cream Cracker
700g
4,400
Ks.4,600
HOLLANDA
Butter Cookies
454g
3,400
Ks. 4,850
NESCAFE
3 in 1 Coffee
Rich & Aroma
Espresso/ Creamy
30's 492g
Buy 3 Get 1
Cream Delight 30's
SUPER
Instant Cereal
20's 600g
Buy 2 Get 1
1Pc-1,850
7UP/ PEPSI/
MIRINDA ORANGE
1.25 Ltr
Buy any 3 Get 1
1Pc-800
COOK
Sunflower
Oil 5 Ltr
10,500
Ks.11,600
ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။ Prices may change without prior notice. While Stocks Last!


တန်မှတန်
BEST VALUE PRODUCTS
AND MORE...
သီတင်းကျွတ်ချိန်ခါ
Gift
SIN MINN
Men Longyi ( Chi Pwint Tayar/ Moe Set Pearl)
wow!
6,900
Ks. 8,400
MILANO
Men Banded
-Collar Shirt/ Solid Shirt
(White)
S/S, L/S
6,500
Ks.7,500
CHASE UP
Men Banded
Collar Shirt
S/S, L/S
9,900
Ks. 11,000
CHASE UP
-Stripe Shirt
-Plaid Shirt
S/S, L/S
10,500
Ks. 12,500
Men Stripe Shirt
S/S, L/S
10,500
Ks.11,900
Men Banded
Collar Shirt
S/S, L/S
10,500
Ks. 12,500
GIVANO
Men Solid Shirt
S/S, L/S
10,500
Ks.11,500
U GYAN
Longyi
-Chin Ka Chin
-Chi Gan Gaw
4,900
Ks.5,100
U GYAN
Longyi
-Na De Than
-Na De Daunn
4,900
Ks. 5,150
SIN MINN
Longyi
-Shwe Dawn Sin
-Kwet Tue
6,900
Ks.7,600
U GYAN
Longyi Poe
Sann Kye
9,900
Ks.10,200
SIN MINN
Longyi
-Poe Taw Win
-Poe Sit Dawn
15,000
Ks.16,800
BANG BANG
Men Selected items
50% Off
Men Selected items
Men Selected items
Up to 35% Off
Men All items
15% Off
HERO
Men All items
10% Off
PEBBLE
Women Blouse
wow!
5,000
Ks. 8,500
CHERRY SPECIAL
India Batik
2M
5,500
CHERRY
India Batik
2M
5,500
TT
Indonesia Batik
2M
5,500
INOVA
Indonesia Batik
2M
6,500
SEIN BUDAYA
Indonesia Batik
2M
7,500
MST
Indonesia Batik
2Y
7,500
VINO
Women Blouse
S/S
6,500
Ks. 7,500
FASHION QUEEN
Women Blouse
Q/S
11,700
Ks. 12,500
BEST VALUE BEST PRODUCTS AND MORE...
ပစ္စည်းလည်းမှန် ဈေးလည်းတန် ...

# YANGON INTERNATIONAL LIFESTYLE FURNITURE FAIR

14th

၂၀၁၆–အောက်တိုဘာလ (၆) ရက် မှ (၁၀) ရက်နေ့အထိ (၅)ရက်တိုင်တိုင် ကျင်းပသွားပါမည်

## သီတင်းကျွတ် အကြိုပရိဘောဂပြပွဲကြီး

Platinum Sponsored by
Casabella Luxury Home Furnishing Centre
Presented by NatRay Co.,Ltd.

Gold Sponsored by
ဆွိုတီးဟုမ်း
INHOUSE

တာပ်မတော်ခန်းမ

LUCKY DRAW



စုစုပေါင်းကျပ်(၁၀)သိန်းဖိုးဝယ်ယူသူတိုင်းကံစမ်းမဲတစ်စောင်ရရှိနိုင်မည့်အခွင့်အရေး

Organized by : Thousand Islands Business Group




ကားရောင်းမည် (ပိုင်ရှင်ကိုယ်တိုင်)

| | |
|---|---|
| - RVR/မြွာဖြူ | 300-350 L |
| - KLUGER / 2004 အနက် | 300 L |
| - CRV (2006)/RAV-4/ပုလဲ | 360-260 L |
| - ALPHARD(05)/NOAH(03) ငွေ | 425-225 L |
| - MARK II/ရွှေဝါရောင်ပြောင်းသွား ပုလဲ | 225-240 L |
| - TOYOTA/AXIO/မုက်ရွှေငွေ | 200/210 L |
| - BELTA /CIVIC/RACTIS | 135-165 L |
| - FIT/SHUTTLE/INSIGHT/ခရုတ်ဝိ | 130-175 L |
| - SWIFT/COLT-PLUS/COIT | 140-100 L |
| - TOYOTA FIELDER (10) | 220 L |
| - CANTER 16', ISUZU ELF 10' | 260-160 L |

ကားဝယ်သည်/ အလဲအထပ်ရသည်။
09-5108316, 09-97-5108316

# Yes!! English School

** Always say Yes!! to English. **

4 skill English classes

★ Basic
★ Elementary
★ Intermediate
★ Advanced
★ IELTS,TOEFL, SAT

Start On October
2,3,5,8,9,10,12,15,17,22.

၂၁၊လှည်းတန်းလမ်းမ၊ Ph : 01-511778
09-73033648


# Fancy House Hair Beauty Nail Academy


သင်တန်းကျောင်းဖွင့်သည့်နေ့မှစ၍ ယနေ့ထိ တက်ရောက်ခဲ့သော
သင်တန်းသူ / သင်တန်းသားများ၏ မိတ်ဆုံညစာစားပွဲအား
အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အမြန်ဆုံးဆက်သွယ်
စာရင်းပေးသွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

- ကျင်းပမည့်နေ့ရက် – ၁၀–၁၀–၂၀၁၆။
- ကျင်းပမည့်အချိန် – ညနေ(၅:၀၀)နာရီ။
- ကျင်းပမည့်နေရာ – Western Park (ကန်တော်ကြီး)။

လက်မှတ်ဝယ်ရန်နှင့် အသေးစိတ်စုံစမ်းရန်
Ph: 01-657855, 09-458706833

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
## MECHANICAL CAR PARKING




TPW

No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။


SAMSUNG
Thadingyut Special Promotion
Samsung Smart Phones တွေ ဝယ်ယူပြီး လက်ဆောင်တွေ ရယူလိုက်ကြရအောင်
Galaxy J7(2016) / J7 / J5(2016)
ဝယ်ယူသူတိုင်းအတွက်
Power Bank (12,000 mAh)
Bluetooth Speaker
Samsung Bag
LED phone torch
Galaxy On7 / J3 / J2 / J1(2016)
ဝယ်ယူသူတိုင်းအတွက်
Power Bank (8,000 mAh)
Samsung Bag
LED Phone torch
Samsung Cup
လက်ဆောင်အရေအတွက် အကန့်အသတ်ရှိပါသည်။ ပရိုမိုးရှင်းအစီအစဉ်၏စည်းကမ်းများသည်
Samsung Myanmar မှ သတ်မှတ်ထားသည့် အတိုင်းသာဖြစ်သည်။
Samsungmobilemyanmar
samsungmyanmar
samsungmyanmar
Call Center
01 2399888
(Mon-Sun)
8AM to 6PM
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shop များနှင့် သတ်မှတ်ထားသော Samsung Promoters
ရရှိနိုင်သော အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။

# USA & CANADA
HIGHER EDUCATION FAIRS, Fall 2016
organized by Academics.International Capstone

## HOW WILL THE USA & CANADA FAIRS BENEFIT YOU?

- Meeting representatives of top-notch universities and colleges from the US and Canada
- Learn about scholarship opportunities
- Student visa info session by a US Embassy & Canadian Embassy
- Free advising services

**YANGON: OCT. 10, 3 - 7PM**
MELIA HOTEL, MYANMAR PLAZA
KABA AYE PAGODA ROAD

**MANDALAY**
OCT. 11, 3 - 7 PM
SEDONA HOTEL

**To Register & For More Information**
Facebook.com/academics.intl
www.academics.international
Call 09 450 634 402, 403, 404

Participating Colleges and Universities

USA: University at Buffalo The State University of New York; California State University MONTEREY BAY; The University of Oklahoma; DeAnza College; Randolph-Macon College; Shoreline Community College; Ohlone College

CANADA: Seneca College; Centennial College; Fleming College

organized by
Academics.International
Diamond Condo, Tower A, 1st Fl., Hledan, Pyay Road, Yangon
Capstone® Vietnam
Reaching New Heights

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

Modern Myanmar Travels
Hotel Package
+ တောင်ကြီး၊ အင်းလေး၊ ရွှေတောင်ကာ 140000
+ မန္တလေး၊ ပြင်ဦးလွင်၊ ရေပြာဆိုင်၊ တော့ကန်စိမ်းတော် 99000
+ ပုဂံ၊ ပုပ္ပါး၊ ရွှေစက်တော် 140000
ကျိုက်ထီးရိုး 12000
ချောင်းသာ 35000 / 40000
ငွေဆောင် 40000
Oct 14,17,21,28
09-450047016, 09-253540004

DADDY (ဒယ်ဒီ) Travels & Tours
ချောင်းသာ
(၂ညအိပ်/၃ရက်)
(Oct 14,28 ထွက်မည်)
Ph: 09-448001903

ပြည်ထောင်စုမြန်မာ သီတင်းကျွတ်ခရီးစဉ် ကျိုက်ထီးရိုး/ချောင်းသာ
+ အင်းလေး၊ ဖောင်တော်ဦး၊ တောင်ကြီး၊ ပင်းတယ၊ ကလော
+ ပုဂံ၊ ပုပ္ပါး(ရွှေစက်တော်လေးဆူ)၊ မန္တလေး၊ မြို့ပုံရှာ
+ ပြင်ဦးလွင်၊ ဟော်လပြိုင်၊ ကျိုက်ထီးရိုး၊ စက်ဝဲ
Oct-14,21,28 ထွက်မည်၊
09-420238909, 09-73159071, 09-32057934

# ရွှေပလ္လင်
ဆိုင်သစ်
စိန်ဂေဟာ(ပြည်လမ်း)
တွင် ဖွင့်ပြီ !
ရွှေပလ္လင် လက်ဖက်ရည်အရမ်းကောင်းဆိုပဲ ...
တွေ့ကြရအောင် ရွှေပလ္လင် မှာ...
Ph : 01-538736

အင်္ဂလိပ်စကား ပြောဖို့ ... စိုးရိမ်နေပါသလား...
# ENGLISH
SPEAKING CLASS
ရေစက် မှတ် တိုင်၊ ရေနံ့ သာ ဈေး ရှေ့၊ သံ သု မာ လမ်း သု ဝဏ္ဏ။
EDUCATIONAL SERVICE
09-261-587-154
09-451-023-950

မြန်မာနိုင်ငံတွင် ပထမဦးဆုံးကျင်းပမည့် Singapore Festival
မြန်မာနှင့်စင်ကာပူ နှစ် (၅၀) ရင်းနှီးချစ်ကြည်မှုအထိမ်းအမှတ်ကို ဆင်နွှဲလိုက်ပါ
မြေညီထပ်၊ မြန်မာပလာဇာ၊ ၈ - ၉ အောက်တိုဘာ (နံနက် ၁၀ နာရီ မှ ည ၉ နာရီ)

# SINGAPORE FESTIVAL



တစ်ကြောင်းလျှင် ၄၉ ဒေါ်လာသာကျသင့်တဲ့ Scoot-Tiger Air နှင့် Jetstar လေယာဉ်လက်မှတ်
တို့အပြင် ၁၅၈ ဒေါ်လာမှ စတင်တဲ့ သက်သာသော ၃ ညအိပ် ၄ ရက် ခရီးစဉ်နှင့် ၅၉၉ ဒေါ်လာမှ
စတင်တဲ့ အပြီးအစီး ၃ ညအိပ် ၄ ရက် ခရီးစဉ်။
*ဒေါ်လာ ၅၀ နှင့်အထက်သုံးစွဲပါက စင်ကာပူအလည်အပတ်ခရီးစဉ်ကိုလည်း ကံစမ်းနိုင်မှာပါ

အောက်တိုဘာလ ၈ရက်နေ့မှာ တွေ့နိုင်မယ့် ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်တို့ မိသားစု၊
သွန်းဆက်၊ ထွန်းကိုကိုတို့နဲ့တူတူစင်ကာပူအစားအသောက်တွေ မြည်းစမ်းကြမယ့်အစီအစဉ်
ဖျော်ဖြေရေးအစီအစဉ်တွေ၊ ပျော်စရာ ဂိမ်းအစီအစဉ်တွေနဲ့
Photo booth

| Myanmar Travel Agents | | Airlines | Singapore Attraction | Food & Beverages |
|---|---|---|---|---|
| Nice Fare Travel & Tours | Tour De Myanmar | Singapore Airlines | Resorts World Sentosa | House of Singapura |
| Columbus Tour&Travel | UA Ticketing & Tour | Jetstar | Gardens By the Bay | Ya Kun Coffee & Toast |
| Croton Tour & Travel | World Connect Travel | Scoot-Tiger Air | | |
| New Motion Travel & Tour | Htoo Travels | | | |
| Mr. Myanmar Travel | | | | |

ပွဲလာသူများ
ဒေါ်လာ ၅၀၀ နှင့်အထက်
သုံးစွဲသူတွင် SGD 50 ဖိုးတန်
ငွေဖြည့်ထားသော
MasterCard Prepaid ကတ်
တစ်ကတ်လက်ဆောင်
ရမည်။
YourSingapore

BRIDGESTONE
Your Journey, Our Passion



BECAUSE YOU LOVE YOUR FAMILY

သီတင်းကျွတ် တန်ဆောင်တိုင် ပရိုမိုးရှင်း အစီအစဉ်
BUY 2 ANY PSR TYRE GET 1 FREE POLO-SHIRT
BUY 4 ANY PSR TYRE GET 2 FREE POLO-SHIRTS
ပရိုမိုးရှင်းကာလမှာ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ လက်ဆောင်ပစ္စည်းအရေအတွက်ကုန်ဆုံးသည်အထိသာ

FREE TYRE SAFETY CHECK
22-23 OCTOBER 2016
10:30 AM - 5:00PM
ကားတာယာဘေးကင်းလုံခြုံမှုကို
လာရောက်၍ မိတ်ဆွေတို့၏
ကားတာယာများကို "အခမဲ့"
စစ်ဆေးလိုက်ပါ။
BRIDGESTONE KEEPS YOU SAFE
FIRST JAPAN TIRE SERVICES
09-26159-6860

# ဒေါ်လာနှင့် ရွှေဈေး အနည်းငယ်ပြန်ကျခဲ့ပြီး စတော့ရှယ်ယာ အရောင်းအဝယ်ကျဆင်း

**ရန်ကုန် အောက်တိုဘာ ၇**

အောက်တိုဘာ ၇ ရက် ညနေပိုင်း ဈေးကွက်အတွင်းရှိ ပေါက်ဈေးများအရ နိုင်ငံခြားငွေဈေးကွက်တွင် အမေရိကန်ဒေါ်လာ၏ မြန်မာကျပ်ငွေပေါက်ဈေးနှုန်းနှင့် မြန်မာ့ရွှေဈေးနှုန်း ယခင်ရက်ကထက် အနည်းငယ် ပြန်ကျခဲ့ပြီး ရန်ကုန်စတော့အိတ်ချိန်းရှိ စတော့ရှယ်ယာ အရောင်းအဝယ်ပမာဏမှာ ကျဆင်းခဲ့ကြောင်း သိရသည်။

**အမေရိကန်ဒေါ်လာ**

အောက်တိုဘာ ၇ ရက် ညနေပိုင်းအချိန် ဈေးနှုန်းများအရ အမေရိကန် တစ်ဒေါ်လာလျှင် ပြင်ပပေါက်ဈေးနှုန်း ၁၂၆၅ ကျပ်(အဝယ်)နှင့် ၁၂၆၇ ကျပ်(အရောင်း) တွင်ရှိခဲ့ပြီး အောက်တိုဘာလဆန်းပိုင်းမှစတင်၍ မြင့်တက်လာသော ဈေးနှုန်းထက် ပြန်လည်ကျဆင်းခဲ့သည်။ အောက်တိုဘာ ၇ ရက်တွင် ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၅၂ ဒေါ်လာဖြစ်ကြောင်း သိရသည်။ အောက်တိုဘာ ၆ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေကျပ်၁၂၇၃ ကျပ်(အဝယ်) နှင့် ၁၂၇၆ ကျပ်(အရောင်း) တွင်ရှိခဲ့သည်။ အောက်တိုဘာ ၅ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၂၇၉ ကျပ်(အဝယ်) နှင့် ကျပ် ၁၂၈၀ (အရောင်း) တွင်ရှိခဲ့သည်။ အောက်တိုဘာ ၄ ရက်တွင် အမေရိကန်တစ်ဒေါ် လာလျှင် ၁၂၈၄ ကျပ်(အဝယ်) နှင့် ၁၂၈၅ ကျပ်(အရောင်း)၊ အောက်တိုဘာ ၃ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁၂၇၄ ကျပ်(အဝယ်) နှင့် ၁၂၇၇ ကျပ် (အရောင်း)၊ စက်တင်ဘာ ၃၀ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၂၆၄ ကျပ်(အဝယ်) နှင့် ၁၂၆၈ ကျပ် (အရောင်း) တွင် ရှိခဲ့ခြင်းဖြစ်သည်။

**မြန်မာ့ရွှေဈေး**

အလားတူ မြန်မာ့ရွှေဈေးနှုန်းမှာ အောက်တိုဘာ ၇ ရက်တွင် ရွှေတစ်ကျပ်သား ကျပ် ၈၅၆၅၀၀ သို့ ကျဆင်းလာခဲ့ပြီး အောက်တိုဘာ ၆ ရက်တွင် ရွှေဈေးနှုန်းမှာ ကျပ် ၈၈၈၀၀၀၊ အောက်တိုဘာ ၅ ရက်တွင် ကျပ် ၈၇၉၀၀၀၊ အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၁၀၀၀၀ အထိ ဖြစ်ခဲ့ကာ ကျပ် ၉ သိန်းကျော်သို့ ရောက်ရှိခဲ့ သည်။ အောက်တိုဘာ ၃ ရက်တွင် ၈၉၄၀၀၀ ကျပ်၊ စက်တင်ဘာ ၃၀ ရက်တွင် ကျပ် ၈၉၂၀၀၀ အသီးသီး ရှိခဲ့ကြောင်း ဈေးကွက်ပေါက်ဈေးများအရ သိရသည်။

**စတော့ရှယ်ယာ**

ရန်ကုန်စတော့အိတ်ချိန်ရှိ စတော့ရှယ်ယာအရောင်းအဝယ်ဈေးကွက်တွင် FMI ကုမ္ပဏီ၏ ရှယ်ယာဈေးနှုန်းမှာ အောက်တိုဘာ ၇ ရက်တွင် ရှယ်ယာတစ်စုလျှင်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ■

# ပိုလန်နိုင်ငံသားကို အောင်လအန်ဆန် ချုပ်သိုင်းထိုးသတ်ကာ အနိုင်ယူ

သတင်းစာမျက်နှာ - ၁၁




ကချင်တိုင်းရင်းသား အောင်လအန်ဆန်နှင့် ပြိုင်ဘက် ပိုလန်နိုင်ငံသား ပတ်စ်တာနက်ခ်တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

# ဒီဇိုင်နာများ၏ မတူညီသည့် ဖန်တီးမှုလက်ရာပေါင်းများစွာကို မြင်တွေ့ခွင့်ရမည့် မြန်မာ နိုင်ငံတကာဖက်ရှင် သီတင်းပတ်ပြပွဲကြီး ကျင်းပ



သတင်း - ခင်ဇာလီ၊ ဓာတ်ပုံ - ဌေးအောင်(ကြေးမုံ)

**ရန်ကုန် အောက်တိုဘာ ၇**

Star Event Production မှ ဂျွန်လွင် ဦးစီးသည့် မြန်မာနိုင်ငံတကာ ဖက်ရှင်သီတင်းပတ်ပြပွဲကြီး Myanmar International Fashion Week၊ ကို အောက်တိုဘာ ၇ ရက် ည ၆ နာရီမှ စတင်ကာ ရွှေထွန်းတင်ကွင်း၌ ကျင်းပခဲ့သည်။ မတူညီသည့် စိတ်ကူး၊ ဖန်တီးမှုပေါင်းများစွာမှ ပေါက်ဖွားလာသော ဒီဇိုင်နာ ၁၇ ဦး၏ လက်ရာများကို ယင်းပြပွဲကြီးတွင် ဖက်ရှင်ချစ်သူများ မြင်တွေ့နိုင်မည်ဖြစ်သည်။

ယင်းကြောင့် ပြပွဲနှင့် ပတ်သက်၍ ပွဲစီစဉ်သူနှင့် ယနေ့ပြသခဲ့သည့် ပြပွဲမှ ဖန်တီးသူ ဒီဇိုင်နာအချို့၏ စကားသံများကို စုစည်းတင်ပြလိုက်သည်။

**Star Event Production မှ ပွဲစီစဉ်သူ ဂျွန်လွင်**

"ပွဲကျင်းပရခြင်းရဲ့ အဓိက ရည်ရွယ်ချက်က မြန်မာနိုင်ငံရဲ့ ဖက်ရှင်လုပ်ငန်းကို မြှင့်တင်ပေးတဲ့ သဘော၊ ပြီးတော့ ကျွန်တော်တည်ထောင်ထားတဲ့ မော်ဒယ်အေဂျင်စီကို မြှင့်တင်ပေးတဲ့ သဘောပါ။ တခြားနိုင်ငံတွေမှာဆိုရင်တော့ တစ်နှစ်ကို နှစ်ကြိမ်လောက် ပြသတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆



